www.burmeseclassic.com

စိတ်ကူးသစ်စာပေ



# မောင်ညိုမှိုင်း (သန်လျင်)

စီစဉ်သော

# ဂျူဒူးဆန်းတာရေချမ်းခိုး

နှင့်

# သေချာမှုချင်ချင်ဟုတ်မှဗေဒင်

အပါအဝင်

## ဂန္ထီရဝတ္ထုတိုများ

မောင်ညိုမှိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းသင်း၊ ဗိုးတျုရွှေကိုယ်၊ ခိုင်ဘန်းသိင်ဒေါ်နှတ်လူဦး၊ လေးမောင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၆၁၂၀၆၁၀
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၉၂၀၀၈၁၀

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၀၊ ဒီဇင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၂၀၀ကျပ်

၈၉၅ ● ၈၃
ကလောင်စုံ
လူထူးဆန်းဘရေချမ်းအိုးနှင့်သေချင်ရှင်ချင်ဟဲ့ဗေဒင်အပါအဝင်
ဝတ္ထုတိုများ / – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၁၈၆–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁)လူထူးဆန်းဘရေချမ်းအိုးနှင့်သေချင်ရှင်ချင်ဟဲ့ဗေဒင်အပါအဝင်ဝတ္ထုတိုများ

# မာတိကာ

စဉ်      စာမျက်နှာ

၁။ လူထူးဆန်းဘရေချမ်းအိုးနှင့် သေချင်ရှင်ချင်. . .ဟဲ့ဗေဒင် ၁
*မောင်ညိုမှိုင်း (သန်လျင်)*

၂။ တောစည်း၊ တောင်စည်း၊ မှဆိုးစည်း ၃၅
*ထောင်မှူးကြီးသိန်းဝင်း*

၃။ လူမိုက်ကံကောင်းနှင့် ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း ၇၀
*မိုးကျရွှေကိုယ်*


၄။ ကျွန်မသိထားသည့် ဘုရားဒါယိကာမ မြနန်းနွယ် ၁၁၇
*နိုင်ခန့်သိင်တ*

၅။ အရှည်ကြီး ကောင်းရာသုဂတိဘုံသို့ရောက်ပါစေ ၁၃၆
*နတ်လူဦး*

၆။ စွယ်စုံဆင်ရိုင်းတူးသော လက်ယက်တွင်း ၁၅၆
*လေးမောင်*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

[ ၁ ]

❑

ဗေဒင်ပညာကို အကြွင်းမဲ့ယုံကြည်တယ်ရယ်လို့တော့ မဟုတ်ပါဘူးဗျာ။ သို့သော် ဗေဒင်ပညာရှင်အချို့ရဲ့ ဟောပြောချက်အချို့ကိုတော့ ကျွန်တော်စိတ်ဝင်စားမိတာ အမှန်ပါပဲ။

ကြည့်လေဗျာ ...

မယ်တော်မာယာဒေဝီရဲ့ ဝမ်းတွင်းအိမ်မှာ သန္ဓေခတော့ သုဒ္ဓေါဒနမင်းကြီးက ဗေဒင်ဟူးရား ပညာရှင်များကို မိဖုရားကြီး မာယာဒေဝီရဲ့ ဝမ်းကြာတိုက်အိမ်က သန္ဓေသားရဲ့ ဖြစ်လာမည့်ဘဝကို ဟောပြောစစ်ဆေးတွက်ချက်စေတယ်။

ဒီမှာ သမ္မာရင့်ဝါရင့် ဗေဒင်ကိန်းခန်း နက္ခတ်ပြိုဟ်ဟော အလွန်ကျွမ်းကျင်တဲ့ ပညာရှင်ပုဏ္ဏားတော်လေးဦးက ...





မယ်တော် မာယာဒေဝီရဲ့ ဝမ်းကြာတိုက်အတွင်းရှိ သန္ဓေသားသည် ယောကျ်ားလေးဖြစ်လိမ့်မယ်။

ပြီး ... နိုင်ငံတစ်ဝှမ်းလုံးကို စိုးမိုးအုပ်ချုပ်၍ တန်ခိုးဩဇာကြီးမားလှသည့် စကြဝတေးမင်း ဖြစ်လိမ့်မည်ဟု ပြိုင်တူဟောကြတယ်။

ဒီမှာ အသက်အငယ်ဆုံး ကောဏ္ဍညပုဏ္ဏားက လက်ညှိုးတစ်ချောင်းထောင်ပြီး ...

"အရှင်မင်းမြတ် ... မယ်တော်မာယာဒေဝီ၏ ဝမ်းကြာတိုက်ရွှေအိမ်မှ သန္ဓေသားသူငယ်လောင်းသည် စကြဝတေးမင်း လုံးဝမဖြစ်၊ ဘုရားစစ်စစ် ကေန်ဖြစ်လိမ့်မည်လို့ ဟောလိုက်ရော ...

မင်းနန်းရင်ပြင်တစ်ခွင်လုံး အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြရော။ သမ္မာရင့် ပုဏ္ဏားတော် ပညာရှင်များကလည်း ပုဏ္ဏားငယ်ကောဏ္ဍညကို ကဲ့ရဲ့ပြစ်တင် ရှုံ့ချကြရော ....

သုဒ္ဓေါဒနမင်းကြီးလည်း စိတ်နှလုံးညှစ်နောက်ပြီး ရင်မငြိမ်ဘူးဖြစ်ရတာပေါ့။

ပြန်ပြင်ဟောစမ်း ... ကောဏ္ဍညလို့ အမိန့်ပေးလည်း ...

ဘုရားစင်စင် ကေန်ဖြစ်ပါမည်ဘုရားလို့ပဲ မကြောက်မရွံ့ မတွန့်မဆုတ် ပြန်ဟောခဲ့တယ်။ အဲဒါ သုံးကြိမ်သုံးခါ ...

ဘယ်သူမှ မယုံကြဘူး။

ပြက်ရယ်ပြု လှောင်ပြောင်ရှုံ့ချကြတယ်။

နောက်ဆုံး ဗေဒင်ပညာရှင် ပုဏ္ဏားငယ်ကောဏ္ဍည နန်းတော်ထဲက ထွက်လာခဲ့လိုက်တယ်။

သင်တို့အားလုံး ငါ့ဟောချက်ပညာကို မယုံကြည်ကြဘူး။ ပြက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်ပြုံ ရွှံချကြတယ်။ ကောဏ္ဍညတဲ့ပေ့ ...။ ဟောဒီ သူငယ်တော် လောင်း ဘုရားစင်စစ် ကေန်ဖြစ်မှာမို့ ဦးစွာပူးရအောင် တောအဝင်မှ ယောဂီအသွင်နဲ့ ကြိုမဟဲ့ဆိုပြီး ရွှေနန်းကစွာခဲ့လေရဲ့။

ဟော ... ကြည့်စမ်း။

သိဒ္ဓတ္ထမင်းသားရယ်လို့ ဖြစ်လာပြီး ယသော်ဓယာနဲ့လည်း မင်္ဂလာဘိတ်သိတ်ခံလို့ ရွှေလက်တွဲပြီး အိမ်ရှေ့မင်းသား ရှင်ဘုရင်လောင်း ဖြစ်ခဲ့ပြီ။ ရာဟုလာလို့ခေါ်တဲ့ သားတစ်ဦးပါရခဲ့ပြီ။

သိဒ္ဓတ္ထ ဒီမှာဥယျာဉ်တော်ထွက်ရင်း ...

သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးပါးကိုမြင်ပြီး သံဝေဂရလေရဲ့။

ကိလေသာ ... အပူမီး။

တဏှာ ... အပူမီး။

ရာဂ ... အပူမီး။

အဝိဇ္ဇာ ... အလင်းမဲ့ အမှောင်တိုက်။

ဒီအဝိဇ္ဇာတောမှာ ဒီအဝိဇ္ဇာမြို့မှာ မင်းစည်းစိမ်ချမ်းသာနဲ့ ကကြိုးစုံဆင်ပြီး က,နေရင်း လူဖြစ်ရသည့်ဘဝ နှံနဲ့လိုက်ပါဘိ။

တစ်နေ့ ... ငါအိုရမည်၊ နာရမည်၊ သေရမည်။

ဘယ်မှာလည်း အမြတ်ဆုံးဘဝ။ ဒါ လူ့ဘဝရဲ့ အဓိပ္ပာယ်လား။ သူ ရဟန်းဘဝရဲ့ ကြည်လင်သန့်ရှင်းမှုကို အားကျခဲ့သည်။

ဝိမုတ္တိရသကို ခံစားလို့ရခဲ့သည်။

နောက်ဆုံး ... ကြာခြည်ကိုလှစ်၍ ယသော်ဓယာဒေဝီနှင့် သားရာဟုလာကို နှုတ်ဆက်ကြည့်ပြီး ကဏ္ဍကမြင်းကိုစီးကာ ဖွားဘက်





တော်ငယ်ကျွန်ရင်း မောင်စံ(မောင်ဆန်)နှင့် ရွှေနန်းတော်မှ အပြီးစွန့်ခွာလို့ ထွက်ခဲ့လိုက်သည်။

ငါ ... ရဟန်းဘဝကို ခံယူမည်။

ကိလေသာတဏှာ၊ ရာဂ၊ အဝိဇ္ဇာအမြိုက်တိုက်ကိုဖြိုလို့ ဘုရား အဖြစ်ကိုရအောင် ကြိုးစားမည်။

ရွှေနန်းတော်ကအထွက် မာန်နတ်ကဖျက်လေ၏။

"မင်းသား တောမထွက်ပါလင့်"

"ဘာကြောင့်လဲ နတ်မင်း"

"မကြာခင် အသင်မင်းသား စကြဝဠာတစ်ခုလုံးကို ပိုင်စိုး အုပ်ချုပ် ဩဇာကြီးမားသည့် စကြဝတေးမင်း ကေန်ဖြစ်တော့မည်။ မင်းသား ... ပြန်လှည့် ..."

"ငါ စကြဝတေးမင်းရဲ့ တန်ခိုးဩဇာ စည်းစိမ်ဂုဏ်ဒြပ်ကို အလိုမရှိ။ တောထွက်လို့ ဘုရားအဖြစ်ကို ရအောင်ကျင့်အံ့။ ဖယ် ... နတ်သား"

ဘယ်သူမှ တားလို့မရပါဘူး။

နောက်ဆုံး ရွှေနန်းရင်ပြင်မှာ ကြိုဟောခဲ့တဲ့ ကောဏ္ဍညပုဏ္ဏား ရဲ့ဟောချက်အတိုင်း ဘုရားစင်စစ် ကေန်ဖြစ်ခဲ့လေရဲ့။

ဘွဲ့မည် နာမတော်က ...

ရှင်တော် ဗုဒ္ဓဂေါတမ ...

ဘုရားရှင်ကို ဦးစွာပူးဖြစ်ပြီး ရဟန်းဘဝကို မြတ်နိုးစွာလှူ ခဲ့သူက ဗေဒင်ပညာရှင်ပုဏ္ဏားငယ် ကောဏ္ဍည ...

ကိုင်းကြည့် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ . . . ကျွန်တော်တို့ မြန်မာမဟာဗုဒ္ဓဝင်မှာ ဘယ်သူမှ ငြင်းဆန်ခြင်းမပြုနိုင်တဲ့ ဂန္ထဝင်ဗေဒင်ပညာအစွမ်း။

ဟော . . . မျက်မှောက်ခေတ်ရောက်တော့ . . .

အနောက်တိုင်း ဗေဒင်လက္ခဏာပညာရှင် ဆရာကြီးကိုင်ရို ဘယ်နေ့မင်းဖြစ်မည်။ ရာထူးတက်မည်။ နန်းကျမည်။ စီးပွားပျက်မည်။ မည်သို့ သေဆုံးကွယ်လွန်ရမည်ကို . . .

ဆရာကြီးကိုင်ရို ကြိုတင်သေချာဟောခဲ့၏။

သူ့ဟောချက် မှန်ကန်ပုံတွေကို ကမ္ဘာမှာ အထင်အရှား မှတ်တမ်းတင်ထားတာ . . . အားလုံးအသိ။

ဒါဆို ဗေဒင်ပညာရှင်ဆိုသူများ ဟောပြောတိုင်း . . .

လက္ခဏာပညာရှင်ဆိုသူများ ဟောပြောသည့်အတိုင်း မလွဲမသွေဖြစ်လာရမည်လား . . .

ဒါတော့ လုံးဝမဖြစ်နိုင်ခဲ့။

ပညာရှင်ပီသမှ . . . ပါရမီခံနိုင်မှာမှ . . . အကျင့်သီလစရဏ အားကောင်းသည့်ပညာရှင်မျိုး ဟောပြောတွက်ချက်မှ အတိတ်ပစ္စုပ္ပန်နှင့် အနာဂတ်ရဲ့ ဘဝပုံရိပ်နိမိတ်များ ထင်ရှားကြစမြဲ။

ဒါဆို မေးကြစို့ . . .

ဗေဒင်ဆရာဆိုတာ ဘယ်လို ကြန်အင်လက္ခဏာနဲ့ ပုဂ္ဂိုလ်လဲ။ ခန့်ခန့်သန့်သန့်လား။ ဝဝဖိုင့်ဖိုင့်လား။ ကျမ်းစာအုပ်အများကြီး ကိုင်စွဲထားသူလား။ တိုက်ခန်းနဲ့ဟောသူလား။ ကားစီးနေသူလား။ အကန်တော့ခံပုဂ္ဂိုလ်လား။ ရွှေထီးမိုးသူလား။

✿ ✿ ✿



| ၂ |

❑

တစ်နေ့သောအခါ ကျွန်တော်နှင့် သူငယ်ချင်းဖြစ်သူ ကိုကောင်းအိမ်စိုးတို့ ထူးဆန်းသော ဗေဒင်ဟောသူ အဘိုးကြီးတစ်ဦးကို ကြုံခဲ့ရ၏။

ထိုလူကြီးကား လူကောင်းလိုမျိုးမဟုတ်။

စိတ်မနှံ့သူလိုမျိုး လူကြီးတစ်ဦးဖြစ်၏။ သူ့ကိုအချို့က ဘတိုက်ပုံဦးရာကျော်ဟုလည်း အမည်တပ်ကြ၏။

အချို့ကတော့ . . .

ဦးရေချမ်းအိုးဟု ခေါ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့စတွေ့ကြတော့ သူသည် နတ်ချင်းတစ်ပုဒ်ကို ဈေးပေါ်မှာဟစ်၍ဆိုပြီး က,နေ၏။

"ရွှေဖူးညီနောင် ဖောင်တော်စီးပါလို့ ×××
ရေလှိုင်းတွေက တဖွေးဖွေး ××× ရေလှိုင်းတွေက တဖွေးဖွေး
နတ်နန်းရယ်သာလှတယ် ××× ရွှေနန်းရယ်သာလှတယ် ××
ဆီးကြိုပါနှမများရယ် ××× ပြေးကြိုပါ ညီတော်များရယ်××
ယီးလေလေ ××× ယီးလေ့လေး လေးလေး ×××
ယီးလေးယီးလေး ××× ယို ×××"

"ရော့ဟေ့ ... ရော့ဟာ ... ဒါ သိကြားမင်းဦးမာဃရဲ့ ကမ္ဘာဦး ကထုတ်လုပ်တဲ့ သိကြားလုံး၊ သိကြားပြား (သကြားလုံးမှာ မပြောပါ)။ စားကြ ... စားကြ ... သွားကျိုးအောင် ဝါးစားကြ။ သိကြ ... ကြားကြ ... မြင်ကြပြီး အနာမျိုး (၉၆)ပါး ရောဂါကင်းကြလိမ့်မဟေ့"

သူသည် သီချင်းဆိုရင်း က,ရင်းမှ လွယ်အိတ်ညိုကြီးကို လက်နှင့်နှိုက်ပြီး သကြားလုံး၊ သကြားပြားများကို ဥဒဟိုအနှံ့ ကြဲလေ၏။

အမှုသမားများ ကောက်ကြ၏။

ကလေးများ ဝင်လုကြ၏။ ဆိုက္ကားသမားများ ဝင်ကောက်ကြ၏။ သည့်နောက် ဈေးသွားဈေးလာနှင့် ဈေးပေါ်ရှိလူများပါ ဝင်ကောက်ကြပြီး အားရဝမ်းသာ ဝါးစားကြလေ၏။

"အဘ ဒီဘက်ကို ကြဲပါဗျို့"

"ရော့လဟာ ... ငါ့သားတို့ရ"

"အဘ ... သမီးတို့ဘက်ကို များများကြဲပါ အဘရဲ့"

"ရော့လဟာ ... ငါ့အချစ်ဆုံး သမီးများတို့ရ"





"ဘိုးဘိုးကြီး သားတို့မရသေးဘူး။ ဝင်ကောက်လို့ မရဘူးဗျ"

"အိမ်း ... အိမ်း ... အိမ်း ... ရော့ ... ရော့ ... ဒါက ငါ့မြေးများ ... ငါ့မြစ်များ ... ငါ့ချောင်းများ ... ငါ့ပင်လယ်သမုဒ္ဒရာများအတွက် ... ရော့ ... ရော့"

"ဝေး ... ဝေး ..."

"ဒါမှ ငါတို့ ဘိုးဘိုးကြီးကွ"

"အဖေကြီး သားတို့ဘက်"

"ရော့လဟာ ... အကောင်းစားလေးရ"

"ဟေး ... ဟေး ... ဟေး ... ဟေး"

"အဘ ပိုက်ဆံကြဲပါဦးတော့"

"ဘာ ဟ ... ဘာ ... ဘာ ..."

"အရင်လိုပဲ ပိုက်ဆံကြဲပါဦး အဘရဲ့"

"ဟဲ့ ... မိုင်းတာမတွေရဲ့ နင်တို့ကငါ့ကို ငွေလုပ်တဲ့စက်ရှိလို့ ကြဲနိုင်းနေတာလား။ ငါ့ကို အာရှဘဏ်သူဌေးကြီးများ မှတ်နေကြလို့လား"

"အဘ သူဌေးပါတော် ... ကျွန်မတို့က အဘသူဌေးရဲ့ သမီးတွေ သားတွေလေ အဘရဲ့။ မ,စ ချီးမြှင့်ပါဦးတော်"

"အိမ်း ... ငါသူဌေးပဲဟ ... ကြဲပဟေ့ ... ရော့ဟာ ... ရော့ဟာ ..."

"ဝေး ... ဝေး ..."

"ဟေး ... ဟေး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ...ဟဲ့ ... မနင်းပါနဲ့ဟဲ့၊ အား ... သေပါပြီတော့"

"ငါ့ဟာကွ ... ငါ့ဟာ ... ပေးနော် ... ကိုင်းကွာ ..."

သူ့ပုံစံက လုံးဝသူဌေးရုပ်မပေါက်ပါဘူးဗျာ။ ကြည့်စမ်းပါဦး ခင်ဗျ။ မျက်နှာက လေးထောင့်စပ်စပ်ကြီး ဆံပင်တွေက ပခုံးပေါ် ဖားလျားကျရှည်လို့။

မုတ်ဆိတ်မွေးနဲ့ နှုတ်ခမ်းမွေးက အပြိုင်းအရိုင်း။

အညာပင်ဖျင်တိုက်ပုံကြမ်း ရင်ဘတ်ဟပြနဲ့။

ရင်ပတ်မွေးထူလဗျစ်ကြားမှာ စမကွက်တွေပွလို့။

အဖြူရောင်ကွက် ညစ်ထေးထေး အောက်နားကွဲကို မချုပ်ဘဲ သီထုံးပြီး ဒူးပေါ်ပေါင်ပေါ်ဝတ်လို့။

ခုန်ခုန်ပြီး က,လိုက်ရင် မြင်မကောင်းရှုမကောင်း။

အဲဒီလိုလူကြီးက ကြည့်စမ်းဗျာ .... လွယ်အိတ်ညိုကြီးထဲ နှိုက်နှိုက်ပြီး သကြားလုံး၊ သကြားပြားများနဲ့အတူ အကြွေပိုက်ဆံ ... ငါးမူးစေ့၊ မတ်စေ့၊ ဆယ်ပြားစေ့ ငါးပြားစေ့များကို ဆုပ်ဆုပ်ပြီးကြဲနေလိုက်တာ ....

ကျွန်တော်တို့မြို့က လူချမ်းသာသူဌေးကြီး ဦးရွှေတင်တောင် တစ်သက်နဲ့တစ်ကိုယ် ဒီလိုမျိုး တစ်ခါမျှ မကြဲမစွန့်ဘူးပေါင်ဗျာ။

အသက်သာ ဖင်ဆောင့်ရှုံ့တွရော ...

မယားနှစ်ယောက်ခင်ဗျ ...။

မယားနှစ်ယောက်ကလည်း ငယ်ငယ်ချောချောဗျ။ တစ်ယောက်က ရုပ်ရှင်မင်းသမီး သင်းသင်းလှဲ့နဲ့တူပြီး တစ်ယောက်က ရုပ်ရှင်မင်းသမီး ဘေဘီနွဲ့လို့ ... ဘိုဆန်ဆန် ခေတ်မီမီခင်ဗျ။





ရွှေတွေ စိန်တွေမှ မယားနှစ်ယောက်စလုံးကို ဆင်ထားလိုက်တာ ညွှတ်နေတာပဲ။ အပြင်ထွက်ရင် မယားချောနှစ်ယောက်ရုံပြီးမှ ထွက်တာ။ အသက်သာ သင်းက (၆၀)ကျော်ရော၊ ဘောင်းဘီရှည်နဲ့ ပိုးရှပ်နဲ့၊ ဆံပင်မှာ ကော့စမစ်တစ်နဲ့။

သူဌေး ဦးရွှေတင်အိမ်ရှေ့များ အလှူခံမရပ်လိုက်နဲ့ ...

ဘုရားကိစ္စကျောင်းကိစ္စဆို နောက်လှမ့်ထည့်မယ်လို့ ပြောတာ။

သီလရှင်များရပ်ရင် ကန်တော့ပါသေးရဲ့တဲ့။

သူတောင်းစားများဆို အော်ငေါက်လွှတ်တာ။

ဟော ...သကြံန်တွင်း အမျိုးသမီးများ ရေကစားမဏ္ဍပ် ထွက်ဖို့ အလှူလာခံရင် ရာတန်ကိုမှ ရက်ရက်ရောရောလှူတာ။ လှူနေရင်းကနေ အစ်ကိုကြီးလည်း လာကစားမယ်နော်လို့ ... သွား (၃၂) ချောင်း မိုးကြိုးပစ်အောင်ဖွင့်ပြီး ပြုံးတော်မူနွဲ့လိုက်သေးရဲ့။

ကြည့်စမ်း ...

အခု အဝတ်အစား အစုတ်အပြတ်နဲ့လူကြီးက သဒ္ဒါကြီးစွာ ငွေအကြွေများကိုကြဲလို့။ ကောက်သူများက တဝုန်းဝုန်း၊ တရုန်းရုန်း။

ကြဲလို့လည်းဝရော ...လူကြီးက တရားဟောပါရောခင်ဗျ။

"သားတို့ သမီးတို့ နားထောင်ကြ။ ရတနာသုံးပါး မမေ့ကြနဲ့။ အနန္တော အနန္တငါးပါး မပြစ်မှားကြနဲ့။ ရှိသေလေးစားကြ။ ယက်သဲ့ကြားငါးတင်၊ တင်တဲ့ငါးကြောင်စားပြီး ကျန်တဲ့ငါးမှ ဘုရားကယ်လိမ့်မကွဲ့။ သမ္မာဒိဋ္ဌိဖြစ်ကြ၊ မိစ္ဆာဒိဋ္ဌိမဖြစ်စေနဲ့။ ဟောဒီဘဒ္ဒကမ္ဘာမှာ ဗုဒ္ဓသာသနာ ရောင်ဝါနေလိုလင်းပြီကွဲ့။ ဘုရားဖက်ရင် ...အသက်ရှည်မယ်။ တရားဖက်ရင် ...အမျက်ပြေမယ်။ သံဃာကို ကိုးကွယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင် ...အခက်ပြေလိမ့်မကွဲ။ လိမ်မာကြ၊ ကြိုးစားကြ။ ဒါနဲ့ သီလ သမထ၊ ဘာဝနာ ကောင်းမှုပြုကြပေ့။ ကိုင်း ...အဘ သီချင်း တစ်ပုဒ်ဆိုပြီး နားမယ်ဟေ့။ ဒါကြောင့်လေ ....သားတို့သမီးတို့ ရေ ...

"စပယ်တဲ့ လေးရှုံ
မမလေး မပန်ထိုက်တယ်
ပန်းပြတ်ခိုက်ကြုံ ×××
အပွင့်ရယ်ကုန် တစ်ငုံကျန်ပါသေးတယ်
ပန်ချင်သူ ××× မွေးချင်သူ ××× ပျိုပျိုလေးတို့ရယ် ×××
ခေါင်းဖြီးခဲ့လေး ×××"

သူသည် အဓိပ္ပာယ်ပြည့်ဝလွန်းလှသည့် ကဗျာသီချင်းတစ်ပုဒ် ကို အသံနေအသံထားနှင့် သီဆိုပြီး အားလုံးကို လက်ပြ၍ နားတော့ ၏။

✿ ✿ ✿

[ ၃ ]

ဖရုပ်တိုင်မှာမှီ၍ ထိုင်ချ၏။

ပြီး ...ကွမ်းထုပ်ကြီးကိုဖြည်၍ ကွမ်းယာဝါးနေ၏။

သူ့ရှေ့မှာ လူယောကျ်ား မိန်းမအချို့ စားဖွယ်များဖြစ်သော ငှက်ပျောသီး၊ ဘိန်းမုန့်၊ ကောက်ညှင်းပေါင်း၊ ဘယာကြော်များချခြင်း၍ ထိုင်စောင့်နေကြ၏။

ကျွန်တော်တို့လည်း စိတ်ဝင်စားလို့ ရပ်ကြည့်နေမိလေရဲ့ခင်ဗျာ။

"အဘ"

"ဗျို့ ...အဘ"

"ဘာတုံး ...ဘာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ကို ဗေဒင်လေးဘာလေး စစ်ပေးပါဦးအဘရဲ့"

"ဘာလဲ လင်လိုချင်လို့လား"

"အို ... အဟင့် ... အဘကလည်း ... အဆိုးအကောင်း သိချင်လို့ပါရှင့်"

"ကောင်းအောင်လုပ်ရင် ကောင်းမှာပဲ၊ ဆိုးအောင်လုပ်ရင် ဆိုးမှာပဲ။ အရေးကြီးတာ (ကံ)အလုပ်ဟ"

"ကံမကောင်းလို့ အဘရဲ့"

"ကံမကောင်းရင် တာဖို့ ဘောင်မြှင့်ပေါ့ဟ ... အနာ့ကျမရဲ့"

"အဲဒါ ဘယ်လိုတာဖို့ရမလဲလို့ အဘလိုပညာရှင်ကြီးကို ရှိသေစွာဆည်းကပ်လို့ လာမေးတာပေါ့ ... အဘရဲ့"

"သေနာမလေး ... သေနာမကြီးတွေ ... ဗွီ ... ငါ့ကြိုးနဲ့ ငါ့ကိုပြန်ချည်ပြီး က,နိုင်းနေတယ်"

"အဘကို အားကိုးပြီး လာရတာကိုးလို့ ... နော်အေ ... ဘုမ"

"ဟုတ်ပ ... အဘရယ်၊ အဘကို မျှော်ရတာလည်း ဆင်ဟိုဒင်း ..."

"ဘာ ..."

"အဲလေ ... ယောင်လို့အဘရယ်၊ ကန်တော့ ... ကန်တော့။ သမီးတို့ ဝေသာလီဈေးလို လည်ပင်းကို ရှည်နေတာပဲ ... အဟီး .. ဟုတ်တယ်နော် ... ယောင်းမ"

"သစ်ကုလားအုပ်လည်းပင်းပါ ဖြစ်လို့ပါအဘရယ် ... ခစ်





ခစ်"

"ဗွီ ... မိုင်းတာမတွေ လူကိုမြှောက်လိုက် ဆောင့်လိုက် နှမ်းလိုက် ... ကိုင်ရိုက်လိုက်နဲ့ အမျိုးမျိုးကို ပလီစီချောက်ချက် လုပ်နိုင်လွန်းတယ်။ ကိုင်း ... ရှေ့တိုး ... အသက်ကိုပြော"

လူကြီးပုံစံက စိတ်မနှံ့သလိုရှိသော်လည်း ငြိမ်သွားသောအခါ လူတိုင်းအပေါ် ကြင်နာသနား ကူညီစိတ်ရှိသူ ဖြစ်နေ၏။ သို့နှင့် လူလေးငါးခြောက်ယောက်ကို လက္ခဏာကြည့်လိုက်၊ မိုးပေါ်မော့ကြည့်လိုက်။ လက်ညှိုးတစ်ချောင်းနှင့် တွက်သလိုချက်သလို လုပ်လိုက်လုပ်ရင်း။

သူ့အမြင်များကို ဟောလေ၏။

အချို့က မှန်လိုက်တာအဘရယ်ဟုဆို၏။

အချို့က တိုးတိုးပြောပါ အဘရဲ့၊ ဘေးလူကြားကုန်ပါ့မယ်ဟုဆို၏။ အချို့က အဘ တကယ်လားဟင် ... ဟု ပြန်ကွန့်ကြ၏။

ထိုအခါ ဦးရေချမ်းအိုး(ခေါ်) ဘတိုက်ပုံကြီးက ...

"ဟုတ်မဟုတ် စောင့်ကြည့်ကွာ"

ဟုဆိုသော် အားလုံးက ဝိုင်းရယ်ကြလေ၏။

ဒီမှာ ဗေဒင်ကို စိတ်ဝင်စားချင်သလိုရှိသော ကျွန်တော်တို့နှစ်ဦးက အနီးရှိ လူတစ်ဦးကို မေးမြန်းစုံစမ်းကြည့်လေ၏။

"ဒီမှာဗျာ ... အဲဒီအဘိုးကြီးက အရူးလား၊ အကောင်းလား ခင်ဗျ"

"အရူးလို့လည်း ပြောရခက်သလို၊ အကောင်းလို့လည်း ပြောရင်ရတယ်ဗျ။ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူက ဗေဒင်ရောဟောသလားဟင် နောင်ကြီး"

"ဟောတယ်"

"မှန်ရဲ့လားဗျာ"

"မှန်မမှန်သိချင် ဝင်မေးကြည့်ပေါ့ဗျာ။ လူထူးကြီးဗျ"

"ဒီမြို့သားပဲလားဟင်"

"မသိဘူး ... တစ်ခါတစ်ရံမှ ရောက်ချလာတာ။ ရောက်လာရင် ခုလိုပဲ သကြားလုံးကြဲ၊ ပိုက်ဆံကြဲပြီး ဗေဒင်မေးရင်ဟောတယ်။ နေထိုင်မကောင်းဖြစ်ရင် သူပါတဲ့ ဆေးမြီးတိုနဲ့ ကုသပေးလိုက်တာပဲ။ တစ်ခုတော့ရှိတယ်ဗျ ..."

"ဘာလို့တုံးနောင်ကြီးရဲ့ ... ရှင်းပါ ပြောပါဦးဗျာ"

"မေးတိုင်း မဟောဘူး။ ကျွေးတိုင်း မစားဘူး။ တောင်းတိုင်းလည်း သူက ပေးချင်မှပေးတာ။ သူ့ဓာတ်ကျရင် မေတ္တာသက်ဝင်ရင် ဆန္ဒရှိလာရင် ပေးချင်ပေးပြီး၊ ဟောချင်ဟောတာဗျ။ ဒီအရပ်က သူ့ကို ချစ်ကြအားကိုးကြတယ်။ ဒါနဲ့ ခင်ဗျားတို့က ဒီမြို့က မဟုတ်ဘူးလား"

"မဟုတ်ဘူးဗျ ... ခရီးသွားများပါ"

"ဝင်မေးကြည့်ပါ ... ခု ... သူသဘောကောင်းနေတယ်"

သို့နှင့် လူလည်းရှင်းရော ကျွန်တော်နဲ့ သူငယ်ချင်းကိုကောင်းအိမ်စိုးတို့ လူထူးအရူးလိုလို လူကြီးအနားကပ်ပြီး ဝင်ရရော ...

"အဘ"

"ဘာတုံး"

"သားတို့က ခရီးသွားများပါအဘ"

"အေး ... သွားလေ ... သွားပေါ့။ နေပါဦး ... မင်းတို့က



ခရီးသွားဆိုတော့ သံသရာခရီးသွားလား၊ နိဗ္ဗာန်ခရီးသွားလား"

"အဲ ... အဲ ..."

"အဟဲ ... အဲ ... ဟို .. ဟို ... ဒေသန္တရပါ ... အဘခင်ဗျ"

ဒီမှာ ... အရူးလိုလူကြီး ဦးရေချမ်းအိုး (ခ) ဘတိုက်ပုံကြီးဟာ ကျွန်တော့်သူငယ်ချင်း ကောင်းအိမ်စိုးရဲ့မျက်နှာကို စိုက်ကြည့်ရင်းက ...

"ဟေ့ ... သူငယ် ... မင်းဘုရားတည်မလို့ မဟုတ်လား"

"ဗျာ ... အဘ ဘယ်လိုလုပ်သိသလဲ ခင်ဗျာ"

"ဟုတ်တယ် မဟုတ်ဘူးသာ ဖြေပါကွာ"

"ဟုတ် ... ဟုတ်ကဲ့ခင်ဗျ ... ကျွန်တော် ဘုရားတည်မလို့ခင်ဗျ"

ဘုရားရေ ... ဘယ်လိုလူကြီးပါလိမ့်ဗျာ။ သူနှင့်ကျွန်တော်တို့ လုံးဝမသိ။ ခုမှ မြင်ဖူးကြ၏။ သူက သူငယ်ချင်းမျက်နှာကိုကြည့်ပြီး ဘုရားတည်မလို့ မဟုတ်လားဟု မေးလိုက်၏။ မှန်လိုက်လေခြင်းရယ်။

ကျွန်တော့်သူငယ်ချင်းက ဆောက်လုပ်ရေး ကန်ထရိုက်တာတစ်ဦးဖြစ်သည်။ သူ့မွေးရပ်မြေ ပဲခူးဒေးစွန်ပါမှာ ဘုရားတည်ရန် အုတ်ခဲကျောက်များ ကြိုတင်စုဆောင်းပေးပို့ထားသည်။

ရက်ကောင်းရက်မြတ်စောင့်ရင်း လိုအပ်သည်များကို သွားသွားပို့စုနေ၏။

"အဘခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး ...ငါ့လူရ"

"ကျွန်တော် ဘုရားတည်ရင် အောင်မြင်မှာလား အဘ ...ဟင်"

"ဟ ...ဘုရားတည်၊ ကျောင်းဆောက်၊ အလှူပေးတာ ကောင်းတဲ့အလုပ်ဥစ္စာ။ ရဲကျမှာလားကွ။ ဒီနေ့ဆောက်ရင် ဒီနေ့ နတ်သိကြားများက သာဓုခေါ်ပြီး မင်းအတွက်နတ်ပြည်မှာ နတ်ဘုံနတ်နန်း ကြိုပြင်ထားမှာဥစ္စာ။ ဘာဖြစ်လို့တုံး"

"ဒီလို ...အဘရေ့ ကျွန်တော့်ကို ဘုန်းကြီးလူထွက် ဗေဒင်ဆရာကြီးတစ်ဦးနဲ့ မနောဗေဒင် နာမည်ကျော်နှစ်ဦးက ကြိုဟောထားတယ်"

"ဘယ်လို ဟောလို့တုံးလဟ"

"ကျွန်တော် ဘုရားမတည်ဖြစ်ဘူး၊ ဘုရားမတည်ခင် သေကိန်းရှိတယ်လို့ ဟောလို့ဗျာ"

"ဖွီ ...ကြဲကြီးစည်ရာကွာ ...ပြစမ်း ...မင်းလက်ဝါးနှစ်ဘက်"

ဒါနဲ့ ကျွန်တော့်သူငယ်ချင်းက သူ့လက်ဝါးနှစ်ဖက်ကို ဖြန့်ပြလိုက်သည်။ အဘိုးကြီးက လက်ဝါးနှစ်ဖက်ပေါ်မှ လက္ခဏာအရေးအကြောင်းများကို ကြည့်၏။

"အသက်ရောလကွ"

"(၄၀)ပါအဘ"

"အင်း ...သုံ့ညကြွင်းပဲ"

"ဘာနေ့သားတုံးဟ"



"ဗုဒ္ဓဟူး ...ရာဟုဖွားအဘ"

"အိမ်း ...ဖနက္ခ သဘော်ပျက်ကိန်းကျသကိုး"

သည့်နောက်သူက သူငယ်ချင်းရဲ့ လက်ဝါးနှစ်ခုကိုပူး၍ သူ့လက်နှင့်အုပ် ဆုပ်ကိုင်ပြီး အာရုံခံနေ၏။

ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်၊ တောက်ခတ်လိုက် လုပ်နေ၏။

"လူလေး"

"အဘ"

"ခပ်မြန်မြန်တည်လိုက်ကွာ"

"ဘာဖြစ်လို့လဲအဘ"

"တည်ဆို တည်လိုက်ကွာ။ မြန်မြန်လုပ် မြန်မြန်ကုသိုလ်အောင်မြင်တာပေါ့ကွ"

"တည်ချင်နေတာပဲ ...အဘရေ။ အုတ်၊ သဲ၊ ကျောက်ရော၊ ထီးတော်ရော စုဆောင်းပြီးပြီ။ နေ့မကောင်းသေးဘူးဆိုလို့ စောင့်နေရတာ အဘရဲ့"

"ဘယ်သူက ပြောတာတုံး"

"အဲဒီ ဆရာကြီးတွေကပဲ ခင်ဗျ"

"ဒီမှာ လူကလေးရဲ့ ...အကုသိုလ်ဒုစရိုက် လုပ်တဲ့နေ့မှန်သမျှ ရက်ဆိုးရက်ပုပ် ပြဿဒါးချည်းပဲကွ။ အဲဒါနဲ့ ဆန့်ကျင်ဘက်က ကုသိုလ်ကောင်းမှု သုစရိုက်ကိစ္စကို ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးနဲ့ ပြုနေတဲ့နေ့တိုင်းဟာလည်း ရက်ရာဇာချည်းပဲ။

ဗေဒင်တို့၊ နတ်ဟောတို့ကို သိပ်လည်း အစွဲအလမ်းမကြီး

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါနဲ့ လူကလေးရယ်။ လူမှန်ရင် သေမျိုးချည်းပဲ။ ငါလည်း နေမြင်ပြီး ညပျောက်သွားနိုင်တာပဲ။ အားလုံး အနိစ္စ အမြဲမရှိတဲ့။ သခါရလောကသားတွေ၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း မွေးတဲ့လူကမွေး၊ သေတဲ့လူကသေ ဖြစ်နေတာ။ အချိန်မစောင့်နဲ့။ ပစ္စည်းစုံပြီဆိုမှတော့ တည်သာတည်လိုက်"

ကျွန်တော် အရှုးလိုလိုလူကြီးရဲ့စကားကို အလွန်သဘောကျသွားတယ်။ သူ့အတွေးအခေါ် အယူအဆက ခေတ်နောက်မကျသေးဘူး။ သည့်နောက် စားဖွယ်ဝတ္ထုပစ္စည်းများနဲ့ အဘိုးကြီး (ဦးရေချမ်းအိုး) ကိုကန်တော့ပြီး ပြန်မလို့လုပ်ရော ...

"လူကလေး ... မောင်ကောင်းအိမ်စိုး"

"ခင်ဗျာ ... အဘ ..."

"ရော့ ... ဒါလေး ကိုယ်နဲ့မကွာ ဆောင်ထား"

အဘိုးကြီးပေးတဲ့ပစ္စည်းကို ကြည့်လိုက်တော့ မတ်စေ့လေးတစ်စေ့"

"ဒါဘာလဲဟင် အဘ"

"မင်းဘုရားစေတီ အပြီးတည်နိုင်အောင် ငါကုသိုလ်ပြုတဲ့ မတ်စေ့ပဲ။ ဥာပနာရင် အဲဒါလေးပါ ထည့်ဥာပနာလိုက် ယူသွားတော့"

✿ ✿ ✿

[ ၄ ]

❑

ကျွန်တော်နဲ့ ကိုကောင်းအိမ်စိုးတို့ ပဲခူးဒေးစွန်ပါမှာ ဘုရားစေတီတစ်ဆူတည်ဖို့ ဆုံးဖြတ်ပြီး သူ့ရဲ့ ဖင်မလီယာကားလေးနဲ့ လာခဲ့လိုက်တာရယ် ...

လောကဓံမုန်တိုင်းဆင်ချင်တော့ ...

ပဲခူးမြို့အဝင်မှာပဲ ကွေ့ကားကျော်ကား ရှောင်ကားသုံးစီး ရှပ်ယှက်ခတ်ပြီး ရေ့ကဆိုင်ကယ်ကိုအရှောင် ...

ဒီမှာ အရှိန်နဲ့ပြေးဝင်လာတဲ့ သစ်ကားနဲ့ ကိုကောင်းအိမ်စိုးရဲ့ကား ခေါင်းခြင်းဆိုင်တိုက်လိုက်တာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဂျိုင်း"

"ဝုန်း"

"ဝရော ... ဝရော"

"ဝုန်း"

"အား"

"ကျွီ ... ကျွီ ... ကျီ ... ကျီ ... ကျွီ"

"အင့် ... အား ..."

ကျွန်တော်တို့ကားလေး လွင့်စင်ပြီး ပက်လက်လန်လိမ့်အသွား လူအများရဲ့ ထိတ်လန့်တကြား အော်ဟစ်သံများကြားလိုက်ရပြီး ကျွန်တော်တို့နှစ်ဦး သတိလစ်သွားခဲ့တော့သည်။

ပြန်လည်သတိရလာသောအခါ ...

ဆေးရုံပေါ်မှာ ရောက်နေကြသည်။ ကျွန်တော်က အခြေအနေကောင်း၏။ အနည်းငယ်မျှသာ ဒဏ်ရာရပြီး သူငယ်ချင်းကောင်းအိမ်စိုးကား ဦးနှောက်အာရုံကြောပါ ထိခိုက်ပြီး လုံးဝသတိမရတော့ ...

ဆေးရုံမှာ ရက်အတန်ကြာခဲ့သည်။

နောက်ဆုံး သူ့ဦးခေါင်းခွံကို ဆရာဝန်များက ခွဲစိတ်လုပ်ပြီး ကုသပေးပါသော်လည်း ပြန်လည်သတိမရတော့ ...

ကိုကောင်းအိမ်စိုး၏ မိဘနှစ်ပါးနှင့် သူတို့ဆည်းကပ်နေသော ဗေဒင်ပညာရှင်လိုလို၊ ဘိုးတော်လိုလို ပုဂ္ဂိုလ်နှစ်ဦးက ဆေးရုံသို့ လူနာလာကြည့်ရင်း ...

"ကျုပ်တို့ ကြိုဟောထားသားပဲဗျာ ... အခါမကောင်းဘူး။ ဘုရားမတည်နဲ့ဦး။ တည်ရင် သေလိမ့်မယ် ပြောထားတဲ့ကြားက ...



ဆုံတော့ ထိတာပေါ့"

"ဘယ်လိုလုပ်ရမလဲ ဆရာကြီးတို့ရယ် ကူညီပါဦးခင်ဗျာ"

ကောင်းအိမ်စိုးရဲ့ မိဘနှစ်ပါးက သူတို့ဆရာကြီးများကို မျက်ရည်စက်လက်နှင့် မေးမြန်းကြသည်။

"လွန်သွားပြီ ... ဦးစိုး"

"ဗျာ ... ဘယ်လို ... ဘယ်လို ... ဆ ... ဆရာကြီး"

"သူ့ကို လာခေါ်နေကြပြီ"

"ဗျာ"

"အမလေး ... သားရဲ့ ... ဟီး ... ဟီး"

လင်မယားနှစ်ယောက် ရှိုက်ငိုကြသည်။ ဆရာကြီးနှစ်ဦးလည်း အနီးရှိ ကျွန်တော့်ကိုပါ မကျေနပ်သလို စိုက်ကြည့်ပြီး ပြန်သွားကြတော့သည်။

နောက်ဆုံး ... ဆရာဝန်ကြီးကို ချဉ်းကပ်၍ မေးမြန်းကြည့်တော့ ...

"အခြေအနေ မကောင်းတော့ဘူးဗျာ။ ကျွန်တော်တို့လည်း ကြိုးစားပြီး ကုသပေးတာပါပဲ။ လူနာကို ဆေးရုံမှာထားချင်လည်း ဆက်ထားပါ။ ဒါမှမဟုတ် အိမ်ကိုပြန်ယူသွားချင်လည်း ယူသွားနိုင်ပါတယ်"

အဘွားကြီး 'အင့်'ခနဲ ရှိုက်ပြီး မေ့မျော၍သွားခဲ့သည်။

နောက်ဆုံး အိမ်မှာပဲ ဆွေကြားမျိုးကြား သေပါစေတော့ဟု လူနာကို ပြန်ခေါ်ချလာခဲ့ကြသည်။

အိမ်ရောက်သည့်နေ့ ... ဆွေမျိုးသားချင်းများ ဝိုင်းဝိုင်းလည် ကြည့်နေခိုက် ...



www.burmeseclassic.com

www.burmeseclassic.com



အဘရေချမ်းအိုးဆိုသူ အရှူးလိုလိုလူကြီး ရောက်လာတော့၏။

"အဘ ..."

"လူလေးကြီး"

"ကယ်ပါဦး ... အဘရယ်၊ အဘသား ... ခေါ်လို့မရတော့ဘူး"

"အိမ်း ... ငါကြားတယ်။ ကြားလို့ လာခဲ့တာ"

ဘရေချမ်းအိုးသည် လူနာအနီးသို့ တိုးကပ်သွားပြီး ခေါ်ကြည့်နေ၏။

"လူလေး ..."

"လူကလေး ... မောင်ကောင်းအိမ်စိုး"

"ကောင်းအိမ်စိုး ...."

လူနာကား လုံးဝ မလှုပ်ရှား၊ မျက်တောင်မခတ်။ အဘက ငွမ်းစနှင့် နှာဝကို ကပ်ကြည့်၏။ ပြီး ...

"မောင်မှိုင်း ..."

"ခင်ဗျာ ... အဘ ..."

"ရေသန့်သန့်တစ်ခွက် ပေးစမ်း"

"ဟုတ်ကဲ့ ... ခင်ဗျ"

ရေသန့်သန့်တစ်ခွက် ယူပေးလိုက်သောအခါ အဘရေချမ်းအိုးသည် ရေသန့်ခွက်ကိုကိုင်ပြီး ရတနာသုံးပါးကို တိုင်တည်သစ္စာပြု၏။

ပြီး ... မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှင်သုတ်နှင့် ပုဗ္ဗဏှ





သုတ်တို့ကို ရွတ်ဆိုပြီး လူနာ၏ဆံပင်ကို ပရိတ်ရေနှင့် သပ်၏။ မျက်နှာကို သပ်၏။ ပါးစပ်ကိုဖြဲ၍ ပရိတ်ရေကို သွင်း၏။

ငင်းနောက် လွယ်အိတ်ထဲမှ ဆေးတစ်ဘူးထုတ်ပြီး အမှုန့်အနည်းငယ်ကို နှာဝမှာ သုတ်လိမ်းပေးလိုက်၏။

ပြီး ... လူနာ၏နဖူးပေါ် လက်တင်ကာ မောရွှင်သုတ်သုံးမျိုးကို အဆက်မပြတ် ရွတ်လေ၏။

အိမ်ပြည့်ပရိတ်သတ်က အဘရေချမ်းအိုး လုပ်နေပုံကို ဝိုင်းကြည့်ပြီး ကျေနပ်သလို ရှိနေကြ၏။

သေရတော့မည့်လူမဟုတ်ပါ ဘဝကူးကောင်းရတော့မည်ဟု ယုံကြည်ကြ၏။

သူ့တို့သား သူတို့မောင် သူတို့လူ အသံအာရုံနှင့် ခံစားနိုင်ပြီး ဘဝကူးကောင်းပါစေဟု ဝိုင်းဝန်းဆုတောင်းနေကြ၏။

ဒီမှာပဲ ... အံ့ဖွယ်ကောင်းစွ။ လူနာရဲ့ခြေဖျား စလှုပ်လာလေ၏။ ပြီး ... လက်ပါလှုပ်လာလေ၏။

အားလုံး အံ့ဩနဘန်း ဝမ်းသာအားရနှင့် ဝိုင်းကြည့်နေစဉ် လူနာပါးစပ်မှအသံ စ၍ထွက်လာတော့၏။

"ရေ ... ရေ ..."

"ဟယ် ..."

"အလိုလေးလေး ..."

"သား ... သား ... မောင် ကောင်း အိမ်"

"မောင်လေး ... မောင်လေး ..."

"ရေ ... ရေ ... ပေး ... ပါ"



www.burmeseclassic.com

www.burmeseclassic.com



အဘက ပရိတ်ရေကို နည်းနည်းချပေးလိုက်သည်။ လူနာက အငမ်းမရသောက်သည်။ လျှာကို သိမ်းသည်။ နှုတ်ခမ်းကို လျက်သည်။

"လူလေး ... လူလေး ... သတိရပြီလား ..."

"လူလေး ... အဘလေ ... အဘပါ"

"အ ... ဘ ..."

"အိမ်း ... အဘလေကွာ ... ငါ့သားကြီး မသေရဘူးကွ"

"အ ... ဘ ..."

"ပြော ... ပြော ... ဘာလဲ ပြောစမ်း"

"ကျွန် ... တော် ... ဘု ... ရား ... တည် ... မယ်"

"တည်ရမယ်ဟေ့ ... တည်ရမယ်ကွ။ ငါ့သားကြီး ဘုရားတည်ကိုတည်ရမယ်ဟေ့"

ကြည့်စမ်းပါဗျာ ...။ ဒါ ဘုရားကု ... ကုတယ်လို့ ခေါ်ရမလားပဲဗျာ။ သေမိန့်ကျလူနာ အံ့ဖွယ်သတိရလာပြီဗျ။ တစ်ခွေမျိုးလုံး ဝမ်းသာလွန်းလို့ မျက်ရည်ဖြိုင်ဖြိုင်ကျရော ...။

တိုတိုပြောရရင် အဘရေချမ်းအိုးက နေ့စဉ်နေ့တိုင်း ပရိတ်များကိုရွတ်ပေးတယ်။ ပြီး ... ဆေးရုံက ဆရာဝန်များနဲ့လည်း ပြန်ပြခဲ့ကြတယ်"

ဆေးရုံပြန်တက်တော့ ...

ဆရာဝန်ကြီးများက အံ့သြလွန်းလို့ သူတို့အတွေ့အကြုံမှာ သေမိန့်ကျလူနာ ပြန်ရှင်တာမရှိဘူးတဲ့။ အဲဒါ သူတို့လည်း ဝမ်းသာလွန်းလို့ ကြိုးစားပန်းစားပြန်ကုပေးကြရဲ့။

---

စိတ်ကူးသစ်စာပေ



ဒီလိုနဲ့ ဆေးဝါးကုရော ... ဘုရားကုရော ဖြိုင်တူကုပေးလိုက်တာ တစ်လအကြာမှာ ကိုကောင်းအိမ်စိုးရဲ့ အနာရောဂါ လုံးဝပျောက်ကင်းသက်သာသွားခဲ့ပါရောခင်ဗျ။

လူနာလည်း အစာစားပြီး လမ်းလျှောက်နိုင်ရော ... လူနာမိဘများ အားကိုးအားထားပြုတဲ့ ဆရာကြီးနှစ်ဦးရောက်လာကြည့်ပြီး မျက်လုံးပြူးအံ့သြကြရော ...

"ဒီမှာ ကျုပ်ဘုရားတည်ဖြစ်အောင်တည်မယ် ... ကြည့်ထား"

ဒီလိုပြောလိုက်ရော နှစ်ဦးသား မျက်စိမျက်နှာပျက်ပြီး ပြေးကြပါရော ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

( ၅ )

❑

ဆေးရုံကဆင်းပြီး တစ်ပတ်အကြာမှာ ကိုကောင်းအိမ်စိုး ကို၊တောင်ပြည့်စေတီတစ်ဆူကို ရွှေရောင်ဝင်းဝင်းတောက်အောင် တည် နိုင်ခဲ့သည်။ အဘပေးခဲ့တဲ့ မတ်စေ့လေးကိုလည်း ရတနာများနဲ့အတူ ဌာပနာခဲ့သည်။

ထီးတော်တင်တော့ အဘရေချမ်းအိုးရောက်လာပြီး စည်တော် အဖွဲ့နဲ့ ထီးတော်တင်သည်။ ရဟန်းရှင်လူ ပရိတ်သတ်မနည်းဘူး။

ပြီး ...အဘက ငွေစက္ကူများကိုကြဲလို့ သူ့ဝသီအတိုင်း ရွှေဖျဉ်းညီနောင်သီချင်းနဲ့ က,ပြီး တရားဟောပါရောဗျာ။



"ဟော့ ...သားတို့ သမီးတို့ ဘုရားတရားသံဃာ ရတနာ မြတ်သုံးပါး မမေ့ကြနဲ့။ အနန္တော အနန္တငါးပါးကို ဆည်းကပ်ရှိသေကြ။ ဆော်သဲ့ကြားငါးတင်၊ တင်တဲ့ငါးကြောင်စား။ ကျန်တဲ့ငါးမှ ဘုရားမ, ညီမှမဟော့။ အရှေ့အရပ်မှာ ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းပြီကွ။ ဆောဒီကမ္ဘာကြီးကို ဗုဒ္ဓဂေါ်တမရဲ့ဓမ္မတောနဲ့ ငြိမ်းအေးအောင် ပြုမဲ့ အချိန် နီးလာပြီ ,..ဒါကြောင့်လေ ...

"ရွှေဘုန်းတော်ရောင်ခြည် ××× ခြောက်ရောင်ကွန့်မြူးသည်
တန်ခိုးတော်အနန္တ ပြည့်စုံလှသည် ××× အခါခါကြည်နူး
ရှိခိုးချီ ×××

ဗျောသံဆိုင်းသံများက ကျက်သရေရှိလိုက်ပါဘိ။ အနေကဇာ ဆင်ပွဲ၊ ရေစက်ချပွဲကလည်း မြိမ့်မြိမ့်သဲသဲ။

ကိစ္စဝိစ္စပြီးသည်နှင့် ကျွန်တော်တို့အားလုံး ကားသုံးစီးနှင့် မန္တလေး... ကုန်သို့ ပြန်လာခဲ့ကြ၏။

ရှေ့ဆုံးက ကျွန်တော်တို့ကားမှာ အဘရေချမ်းအိုးကိုယ်တိုင် ထိုက်ပုံရင်ကွဲကြီးနှင့် လိုက်ပါခဲ့၏။ ပြုံးလို့ ရွှင်လို့ ပျော်လို့ ...

ကားကို ကိုကောင်းအိမ်စိုးကိုယ်တိုင် မောင်းလာခဲ့၏။ ပဲခူးမြို့ အထွက်သို့ရောက်သောအခါ ရှေ့ကတားတစ်စီး ဘရိတ်ပေါက်၍ အရှိန် ထိန်းနိုင်ဘဲ တရကြမ်းဝင်လာရကား ....အားလုံးလန့်အော်ကုန်ကြ သည်။

ရှောင်စရာ အခြေအနေကလည်းမပေး။

ကျွန်တော်တို့ကားနဲ့ မျက်နှာချင်းဆိုင်ကျနေပြီ။ ကိုကောင်း အိမ်စိုး မျက်လုံးပြူးနေသည်။ ဒီနေရာက အရင်တစ်ခါ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ကား ယဉ်တိုက်မှုဖြစ်ခဲ့သည့် သမိုင်းဝင်နေရာ။

ဒီမှာပဲ အဘက ထိုင်နေရင်းမှ လက်အုပ်ချီလိုက်ပြီး ဘုရားကို အာရုံပြုကာ ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်နေသည့် ဒရိုင်ဘာကောင်းအိမ်စိုးကို တွန်းဖယ်ပြီး ကားစတီယာတိုင်ကို ညာဘက်သို့ ကွေ့ချလို့ ဘရိတ်ကို ဆောင့်နင်းချလိုက်သည်။

ကား တိခနဲ ထိုးရပ်သွားသည်။

ရှေ့က ဘရိတ်ပေါက်လာသည့်ကားလည်း သူ့အလိုလို ထိုးရပ်သွားသည်။ လူတွေ ရုတ်ရုတ်သည်းသည်းဖြစ်ကုန်ပြီး ကားပေါ်မှ ပြေးဆင်းလာကြသည်။ စိုးရိမ်တကြီး မေးကြမြန်းကြသည်။

ကောင်းအိမ်စိုး ကြောင်နေသည်။

ဒီမှာ အဘရေချမ်းအိုးက သူ့ကို လှုပ်ကိုင်၍ သတိပေးလိုက်သည်။

"လူလေး ... လူကလေး ..."

"ဗျာ ... ဗျာ ... ဗျာ"

"စိတ်ကို ထိန်းလိုက်စမ်း"

"ကြောက်လိုက်တာ အဘရာ။ ကျွန်တော် သေရတော့မလားမသိဘူး။ ကျွန်တော့်ကို သေမင်းလာခေါ်နေပြီအဘရဲ့ ... ဟီး ... ဟီး"

"ဖွီ ... ဘယ့်နှယ်လုပ် သေရမှာလဲကွ။ ခုပဲ ဘုရားတည်ထီးတင်လာတဲ့ကောင်။ ဒီမှာ မောင်ကောင်းအိမ်စိုး"

"ခင်ဗျာ ... အ ... ဘ"

"မင်းကားကို ဒေးစွန်ပါဘက် ပြန်ခေါင်းလှည့်လိုက်"





"ဘာလုပ်မလို့လဲ အဘ ... ကျွန်တော်တို့ ရန်ကုန်ပြန်မှာလေ"

"သူများတွေပြန်ချင်ပြန်နိုင်တယ် ... မင်းမပြန်ရဘူး"

"ဗျာ ... ဘာဖြစ်လို့လဲ အဘရ ... ဟင်လို့"

"မင်း ... ဒေးစွန်ပါတောင်မှာ ရဟန်း (၄၅)ရက်ဝတ်ရမယ်"

"ရဟန်းဝတ်ရမယ် ... ဟုတ်လား"

"အိမ်း ... မင်း ဒီအတိုင်းသာ လူဝတ်နဲ့နေရင် ကားတိုက်မှုဆိပ်ဖြစ်ပြီး သေကိန်းမြင်တယ်။ ရဟန်းဝတ်သင်္ကန်းဝတ်နဲ့ ဘဝသစ်နဲ့နေရင် ရှင်သန်ကိန်းဖြစ်ရလိမ့်မယ်ဟေ့"

"ဟုတ်ရဲ့လား အဘရယ်"

"ဟုတ်မှဟုတ် ... မြေကြီးလက်ခတ်မလွဲဟုတ် ... ကားပြန်လှည့်လိုက်"

"ကောင်းပါပြီ အဘရယ်၊ ပြန်လှည့်ပါ့မယ်"

သည့်နောက် ဒေးစွန်ပါသို့ပြန်လှည့်ပြီး ထိုနေ့မှာပင် ဒေးစွန်ပါတောင် ဆရာတော်ကို ဦးပွဲချယ်ပြုကာ နေ့ချင်းသင်္ကန်းဝတ်လိုက်ရလေ၏။

စုစုပေါင်း (၄၅)ရက်ကြာခဲ့၏။

အဲဒီမှာ ဆရာတော်ကြီး သွန်သင်ပြသမှုနှင့် ကမ္မဋ္ဌာန်းဘာဝနာများပွားများပြီး နုစိုတက်ကြွခဲ့၏။ စိတ်တည်ငြိမ်နေလေ၏။

တစ်နေ့ ကျွန်တော်က အဘရေချမ်းအိုးကို မေးရလေ၏။

"အဘ ..."

"ဘာတုံး မောင်မှိုင်းရ"

www.burmeseclassic.com

www.burmeseclassic.com



"တျွန်တော့်သူငယ်ချင်း အဲဒီအချိန်တုန်းက တကယ်သောကိန်း ရှိလို့လားဟင်"

"ရှိတာပေါ့ကွ"

"ကျိန်းသေပဲလားဟင်'

"ကျိန်းသလုနီးပါးပဲ ကိုယ့်လူ"

"အဲဒါ အဘဘယ်လိုလုပ်သိလဲဟင်"

"လွယ်လွယ်လေးပါ ... ငါ့သားရာ။ မင်းကောင် ယာဉ်တိုက်မှုတစ်ကြိမ် ဖြစ်ခဲ့ရတယ်။ သေကောင်ပေါင်းလဲ ဦးခေါင်းဖောက်ကုန်ရတယ်။ ဆရာဝန်ကတောင် သေမည့်နေ့ကို ခန့်မှန်းပြီးပြီ။

သို့သော် ဘုရားတည် ကောင်းမှုကုသိုလ်ပြုချင်တဲ့ စိတ်ကောင်းစိတ်မြတ် အစွဲအလမ်းကြောင့် သေမင်းက သူ့ကို ချက်ချင်းမခေါ်ရဲဘူး။ ဒါကြောင့် သူဘုရားကို့ကုရင်း သေတွင်းကလွတ်လို့ ဘုရားဒါယကာဘဝရောက်ခဲ့ရတယ်။ ဒါပေမဲ့ သူကားမောင်းရင်း သွေးလန့်နေတယ်။

ဘာလို့လဲဆိုတော့ ဒီကားကြောင့် သေကောင်းပေါင်းလဲ ဘဝကိုကြုံခဲ့ရ ပြန်သကိုးကွဲ့။ ကိုယ့်ဘက်က ကားမောင်းစည်းကမ်းမှန်သော်လည်း အခြားသူဘက်က ယာဉ်စည်းကမ်းမလိုက်နာတော့ သွေးလန့်ဖူးသည့်အရှိန်နဲ့ သူ့စိတ်မတည်ငြိမ်ချင်ဘူး။

အဲဒီ မတည်ငြိမ်စိတ်ကြောင့် တစ်နေ့ သူ မှန်မှန်မှားမှား ယာဉ်တိုက်မှုထပ်ဖြစ်ပြီး သေသွားနိုင်တယ်။ ဒါကို အဘကကြိုမြင်လို့ လူ့ဝတ်နဲ့နေရင် သေမယ်၊ ရဟန်းဝတ်နဲ့နေလို့ လမ်းကြောင်းပြောင်းပေးပြီး သမထ၊ ဝိပဿနာ (၄၅)ရက်ပွားများ ကျင့်ကြံနိုင်းတာ။

သူဟာ ဒီသမထ၊ ဝိပဿနာ အကျိုးကျေးဇူးကြောင့် စိတ်



ရောကိုယ်ပါ တည်ငြိမ်အေးချမ်းပြီး နောင်အခါ ကားမောင်းမောင်း၊ လေယာဉ်ပျံပဲမောင်းမောင်း အာရုံမထွေပြားတော့ဘူး။ စိတ်ဂဏှာမငြိမ် မဖြစ်တော့ဘူး။

လူဟာ အာရုံမထွေပြားရင် အမှောင်ပယောဂ ဝင်ရောက်နှောင့်ယှက်လို့ မရတော့ဘူး။ အဲဒီကျရင် နေနည်း ထိုင်နည်းဘဝကို သဘောပေါက်နားလည်ပြီး အသက်တိုကိန်းကနေ အသက်ရှည်ကိန်းကို ရောက်ပြီပေါ့ လူကလေးရာ ... နားလည်ရဲ့လား"

"ဒါဆို အဘက ဗေဒင်ပညာအမြင်နဲ့ဟောတာ မဟုတ်ဘူးပေါ့"

"ဒါ ဗေဒင်ပညာပဲကွ"

"ဗျာ ... ဘယ်လို ... ဘယ်လို ... အဘ"

"လူလေးရေ ... ဗေဒင်ပညာမှာ ရုပ်ကိုကြည့်ပြီးဟောရသည့် ပညာရှိတယ်။ ပြီး ... စိတ်ကိုကြည့်ပြီး ဟောရသည့်ပညာဆိုတာ ရှိတယ်။ လူတစ်ယောက်ကို ကြောက်လန့်တုန်လှုပ် ချောက်ချားအောင် ဟောပြောနိုင်တာလည်း ဗေဒင်ပဲ။ ဒါနဲ့အတူ လူတစ်ယောက်ရဲ့ နွမ်းနေတဲ့စိတ်ကို နိုးထရှင်သန်တက်ကြွအောင် ပြုလုပ်ဟောပြောတာလည်း ဗေဒင်ပညာပဲကွ။

ဗေဒင်ဆရာက လုပ်စားတာမဟုတ်ဘဲ စေတနာသဏ္ဍာမှန်း ၆ မေတ္တာသန့်သန့်နဲ့ ဟောပြောလမ်းညွှန်ပေးရင် အဲဒီ အဟောခံရသည့်သူ စိတ်ရောကိုယ်ပါ ရှင်သန်နိုးကြွပြီး စိတ်ကြောင့် ဘဝလမ်းကြောင်း အောင်မြင်ရော။ ငါ့လူရေ ... မှတ်ထားကွ ... ငတုံးရ"

"ဒါဆို သိန္ဒိတ္တအလောင်းကို ကောဏ္ဍညပုဏ္ဏားတာ ဟောခဲ့မြင်



www.burmeseclassic.com


www.burmeseclassic.com



သေးဘဲ ကိုယ်ဝန်ကိုကြည့်ပြီး ဘုရားစင်စစ် တစ်နေ့ ကေန်ဖြစ်လိမ့်မည်လို့ ဟောလိုက်တာကရော ခင်ဗျ''

''အဲဒီပညာကို အာထဗ္ဗဏဗေဒင်ပညာလို့ ခေါ်သကွ။ ငါသိသလောက် ကောဋ္ဌညကလွဲပြီး တတ်တဲ့လူ ရှားတယ်၊ ရှိတော့ရှိတယ် ရှားတယ်။ ရှားတော့ ဈေးကြီးတယ်။ ဈေးကြီးတော့ လူနဲ့ဝေးတာပေါ့။ လူနဲ့ဝေးတာလည်း ကောင်းပါတယ် ...ငါ့လူရာ။ လူနဲ့သိပ်နီးနေရင် ရတနာသုံးပါးကို ကိုးကွယ်ရာလို့မထင်ကြဘဲ အဲဒီ အထဗ္ဗဏတွေကို ကိုးကွယ်ရာလို့ထင်ကြရင် လူတွေ သမ္မာဒိဋ္ဌိလမ်းကြောင်းပေါ်မရောက်ဘဲ မိစ္ဆာဒိဋ္ဌိလမ်းကြောင်းပေါ်မှာ ချော်လဲဒူးကွဲကုန်ကြမှာပေါ့ ...သားရယ် ....''

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တောထဲတောင်ထဲတွင်၊ တောစည်း၊ တောင်စည်း၊ မုဆိုးစည်း ဟူ၍ တောတောင်အလိုက် စည်းကမ်းများရှိသည်။ သူ့နေရာနှင့်သူ စည်းကမ်းများကတော့ ခြားနားသည်။ သို့သော် တောတိုင်းတောင်တိုင်း၌ သားကောင်များကို ရှာဖွေဖမ်းယူ သတ်ဖြတ်တတ်သော ကျားမုဆိုးနှင့် လူမုဆိုးတို့စည်းကမ်းများကတော့ အတူတူပင်ဖြစ်သည်။ စည်းကမ်းဖောက်သူသည် အသက်ဖြင့် လျော်ကြေးပေးရတတ်သည်။

၁၉၈၀ ပြည့်နှစ်ခန့်က တောင်ပေါ် (၁၄) ရွာအား ဖျက်သိမ်းနေရာပေးပြီး အကျဉ်းဦးစီးဌာန၊ ရိုးမ(၂) စခန်းကို စတင်ဖွင့်လှစ်သည်။



ညောင်လေးပင်၊ ဖထိုလမ်းခွဲ၊ ကျောက်ကြမ်းလမ်းကြီးမှဝင်ရပြီး ခလရ ( – ) (မြို့ချောင်း)သို့ရောက်သော် ရဲနွယ်ချောင်းကို ဖြတ်ကျော်ပြီး တောင်ပေါ်သို့ တက်ရသည်။ တောင်ဘက်လမ်းခရီးမှာ အလွန်မတ်စောက်သည်။ စက်အားကောင်းသော ကားများသာ တက်နိုင်ကြသည်။ လမ်းမှာလည်း မြေလမ်းသာဖြစ်သည်။

မိုးကာလတွင် ကားများသွားမရ။ ခြေလျင်သာ လျှောက်ကြရသည်။ တစ်ကုန်းကျော်၊ တစ်တောင်တက်၊ တောင်ငါးလုံးခန့်ကျော်မှ တောင်ပေါ်(၁၄)ရွာစခန်းကို ရောက်သည်။ ယခင်က 'ဗကပ'များကြီးစိုးသော နေရာလည်း ဖြစ်ပေသည်။

ရိုးမ (၂) စခန်းကို တောင်ပေါ် (၁၄) ရွာ၌ အမှတ် (၁၀) စခန်းမကြီးအဖြစ် ဖွင့်လှစ်ထားပြီး မြို့ချောင်းတစ်ဖက်ကမ်း၊ ရဲနွယ်ချောင်းဘေး၌ စခန်းခွဲ (၁၁) ကို စခန်းမကြီး၏ ထောက်စခန်းအဖြစ် ဖွင့်လှစ်ထားသည်။ အလုပ်သမားရဲဘက် (၁၀) ဦးခန့်နှင့် ဝန်ထမ်း (၄)ဦး၊ ထောင်မှူးတစ်ဦးသာ စခန်းစောင့်အနေဖြင့် ရှိသည်။

အဆောက်အဦးအနေဖြင့်လည်း ရိက္ခာကိုထောင်တစ်လုံးနှင့် ဝန်ထမ်းနေအိမ်တစ်လုံးသာရှိသည်။ ဝန်ထမ်းများနှင့် ထောင်မှူးအိမ်တစ်လုံးထဲတွင် အခန်းဖွဲ့၍ နေထိုင်ကြပြီး ရဲဘက်များက ရိက္ခာကိုထောင်ကြီးထဲ၌ စုပေါင်းနေထိုင်ကြသည်။ ယာယီစခန်းထောက်သာဖြစ်၍ ဖြစ်သလိုနေထိုင်ကြရခြင်း ဖြစ်ပေသည်။

ကျွန်တော့်အမည် အောင်လင်းပါ။ ထောက်ကိုင်ရသော စာရေးဖြစ်သည်။ ကျွန်တော်နှင့်အတူ ဝန်ထမ်း(၄)ဦးရှိရာ ကိုကျော်သန်းမှာ စခန်းအတွက် သားကောင်ရှာသော မုဆိုးဖြစ်သည်။ ကျွန်တော်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်သူမှာ ထောင်မှူးဦးစောလွင် ဖြစ်ပေသည်။

ကိုကျော်သန်းမှာ စခန်းအတွက် ဝါသနာအလျောက်၊ ငါးရှာ၊ ဖားရှာ၊ ဟင်းသီးဟင်းရွက်ရှာရင်း မှဆိုးဖြစ်လာသူဖြစ်သည်။ ရိုးမတောင်ခြေဖြစ်၍ သားကောင်နှင့် အသီးအရွက်က ပေါသည်။ မိုးရာသီတွင် အပေါဆုံးဖြစ်သည်။ မိုးဦးကျကာလတွင် တောမှိုများ စားမကုန်နိုင်အောင် ရတတ်သည်။ တောသီး၊ တောရွက်ကလည်း ပေါသည်။ စခန်းအနီးရှိ ရဲနွယ်ချောင်းမှလည်း ငါးမျိုးစုံကို ရာသီမရွေးရတတ်သည်။

မိုးဦးကျကာလတွင် ငါးရံ့နှင့် ငါးပြေမကြီးများ ကမ်းပေါ်တက်လာပြီး စခန်းထဲသို့ပင် ဝင်လာတတ်သည်။ အထူးရှာရန်မလိုဘဲ လိုက်ကောက်ရုံသာ ဖြစ်သည်။ မျှစ်အမျိုးမျိုးကလည်း စခန်းပတ်ဝန်းကျင်၌ ပေါသည်။ ဖရစ်ရိုး၊ ဖင်ပြွန်သီး၊ ဒညင်းသီး၊ တောသရက်သီး၊ ကနစိုးသီးတို့ကလည်း စားမကုန်အောင် ပေါများလှသည်။

တစ်နေ့တွင် ကိုကျော်သန်းတစ်ဦးတည်း ဓားတစ်ချောင်းကိုင်၍ မျှစ်ချိုးရန်ထွက်သွားရာ (၁)နာရီခန့်အကြာတွင် မောကြီး၊ ပမ်းကြီး ပြန်ပြေးလာသည်။ သူကိုင်ဆောင်ထားသည့် ဓားကြီးမှာလည်း သွေးများ ရဲနေသည်။

"ဆရာလင်း ... ဆရာလင်း၊ ဆရာထောင်မှူးကော ရှိသလား"

"တဲထဲမှာ ရှိတယ်လေ၊ ကိုကျော်သန်းရဲ့ ဘာဖြစ်လာတာလဲ"

"ဆရာထောင်မှူးကို အမြန်ခေါ်ပေးပါ။ ကျွန်တော် လျှိုထိပ်မှာ မျှစ်ချိုးနေတုန်း ကျားမကြီးက လျှိုထဲကတက်လာတာနဲ့ ရင်ဆိုင်



တိုးပြီး ခေါင်းကို ဓားနဲ့ခုတ်လိုက်မိတယ်။ သေသလား၊ ရှင်သလားတော့ မသိဘူး။ ကျွန်တော်လည်း ကြောက်အားလန့်အားနဲ့ ပြန်ပြေးလာခဲ့တာ"

ထိုစဉ် အခန်းထဲ၌အိပ်နေသော ထောင်မှူးဦးစောလွင် ထွက်လာပြီး ...

"ကိုကျော်သန်း ကျားက ကျားမကြီးနော်။ ဒီရာသီက ကျားတွေသားပေါက်ချိန်၊ ကျားပေါက်ကလေးတွေပါ ရှိနိုင်တယ်၊ လာ ... သွားကြစို့"

"ဆရာ ... ကျားမကြီးကပိန်ပေမဲ့ အကောင်ကြီးတယ်။ ကျွန်တော်တို့နှစ်ယောက်တည်း မဖြစ်ဘူး။ တပ်ကဆရာတွေပါခေါ်မှ စိတ်ချရမယ် ထင်တယ်"

ထိုအခိုက် ပေါက်ကြီးနှင့်ပေါက်လုဆိုသော ဝန်ထမ်းညီနောင်ကလည်း အခန်းထဲမှထွက်လာကြပြီး ....

"ကျုပ်တို့ညီအစ်ကိုလည်း လိုက်မယ်။ ဘာကြောင့် တပ်ကဆရာတွေ ခေါ်နေမှာလဲ ဝေစုပေးနေရဦးမယ်၊ ကျုပ်တို့ညီအစ်ကိုက လျှော်တုန်းစခန်းမှာ နေစဉ်ကတည်းက ဆရာဦးကျော်ထင်နဲ့တွဲပြီး ကျားပစ်လာတာ သုံးလေးကောင်တောင်ရှိပြီးတယ်။ ကျားပဲ ဘာကြောက်စရာရှိသလဲ။ ကိုယ်က လက်နက်ကိုယ်စီနဲ့ သွားပစ်မှာပဲဥစ္စာ။ ကိုကျော်သန်း ခင်ဗျားလမ်းသာပြပေး။ ကျုပ်တို့ညီအစ်ကို ဆော်မယ်"

"ဟေ့ကောင်တွေ ... အခုကျားက ရိုးရိုးကျားမဟုတ်တော့ဘူး။ ဒဏ်ရာရထားတဲ့ 'ကျားနာ' ဖြစ်နေပြီ၊ မဲမဲမြင်ရာ ကိုက်မှာ။ သွား ... ကိုကျော်သန်းတပ်က ဆရာအောင်ကြီးတို့အဖွဲ့ကို ခေါ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



လူအင်အား သေနတ်အင်အားကောင်းမှ စိတ်ချရမယ်''

ထောင်မှူးဦးစောလွင်က ဝင်ပြောမှ ပေါက်ညီနောင်ငြိမ်သွားတော့သည်။ မကြာမီ တပ်ကြပ်ကြီး ဆရာဦးအောင်ကြီးနှင့် ရဲဘော်(၂)ယောက် ဂျီသရီးသေနတ်ကိုယ်စီဖြင့် ရောက်လာကြသည်။ ထို့ကြောင့် ကျွန်တော်၊ ထောင်မှူးဦးစောလွင် ပေါက်ညီနောင်နှင့် တပ်ကြပ်ကြီးဆရာဦးအောင်ကြီး တို့အဖွဲ့ကို မုဆိုးကိုကျော်သန်းက လမ်းပြပြီး တောင်ခြေဝါးတောသို့ လျှောက်ခဲ့ကြသည်။

✿ ✿ ✿

[ ၂ ]

❑

စခန်းစည်းရိုးအပြင်ဘက် ရေစပ်စပ်သာရှိသော ရဲနွယ်ချောင်းသက်တက်ကို ဖြတ်ကျော်ပြီးမှ ကုန်းမြင့်ပေါ်သို့ တက်ရသည်။ ပဲခူးရိုးမ တောင်ခြေတွင် ဝါးရုံတောကြီးက ညို့နေသည်။ ဝါးမြို၊ တင်းဝါး၊ ကြသောင်းဝါး၊ ဝါးနက်ဝါးအတော်စုံသော ဝါးတောကြီး ဖြစ်သည်။

ကျွန်တော်တို့ မုဆိုးလမ်းအတိုင်း လျှောက်ကြပြီး ဝါးနက်ဝါးချုံကြီးအနီးရောက်တော့ တစ်ဖက်ဝါးရုံနောက်တွင် လျှိုကြီးရှိကြောင်း၊ ကျွားမကြီးကို ဓားနှင့်ခုတ်ခဲ့သောနေရာဖြစ်ကြောင်း မုဆိုးကိုကျော်သန်းက အသိပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ကဆရာများနှင့် ကျွန်တော်တို့ ဝါးရုံပင်ကြီးအား ဘယ်ညာ ပတ်ဝိုင်း၍ သေနတ်များကို အဆင်သင့်ပြင်ပြီး တက်ကြသည်။ ဝါးရုံဝင်အနောက်ဘက် လှိုဏ်ထိပ်ရောက်တော့ ကျားမကြီးမှာ သွေးအိုင်ရဲရဲဖြင့် လဲကျသေဆုံးနေသည်။ မသေမီ နီးစပ်ရာ လက်မောင်းလုံးခန့်ရှိ ကျွန်းပင်ပေါက်ကလေးအား ကိုက်ထားသည်မှာ ပြတ်ထွက်လုမတတ်ပင်။

ဦးစောလွင် ။ "ကဲ ... ကျားမကြီးကတော့ ကိုကျော်သန်းမားချက်နဲ့ သေပြီ။ လှိုဏ်ထဲက သားရဲတွင်းထဲမှာ ကျားပေါက်ကလေးတွေ ရှိလိမ့်မယ်။ ကျားပစ်ဖူးတဲ့ မုဆိုးပေါက်ညီနောင်၊ ဆင်းကြ"

"ဆရာ ... ကျွန်တော်တို့ မဆင်းရဲဘူးဆရာ။ မတော် ... ကျားထီးကြီးရှိနေရင် ကျွန်တော်တို့သေမှာ"

တပ်ကဆရာ ဦးအောင်ကြီးက လှိုဏ်ထိပ် ဝင်လမ်းထွက်လမ်းကို ခြေရာခံသည်။ ပြီးနောက် ...

"ကျားက တစ်ကောင်တည်းပါ။ ကျားမကြီးခြေရာကိုပဲ တွေ့တယ်။ လာပါ ... ကျွန်တော်တို့ပါ ဆင်းပါ့မယ်"

ကျွန်တော်တို့အုပ်စုလိုက် လက်နက်များကို အသင့်ပြင်၍ ဆင်းကြသည်။ ကျားပစ်ဖူးသော သူရဲကောင်း ပေါက်ညီနောင်က နောက်ဆုံးမှ မဝံ့မရဲဖြင့် လိုက်လာကြသည်။ အာဂသတ္တိရှိသူများ ဖြစ်ကြသည်။

လှိုဏ်ထဲ၌ မှောင်မည်းနေသည်။ ဒိုးနွယ်၊ ကျားမနိုင်နွယ်၊ သပွတ်သိမ်နွယ်များက ရောယှက်ပေါက်ရောက်နေပြီး လှိုဏ်တစ်ခုလုံးအား အမိုးသဖွယ် ဖုံးအုပ်ထားရာ လိုဏ်ဂူကြီးသဖွယ် ဖြစ်နေပေသည်။ ဆရာဦးအောင်ကြီးက အတွေ့အကြုံ ရင့်ကျက်သူဖြစ်သဖြင့် အသင့်ဆောင်





ခဲ့လာသော လက်နှိပ်ဓာတ်မီးကို ဖွင့်လိုက်ရာ လှိုဏ်တစ်ခုလုံး လင်းထိန်သွားပြီး ပုပ်အဲ့အဲ့၊ အောက်သိုးသိုး အနံ့ဆိုးကြီးက ထောင်းခနဲထလာသည်။

လှိုဏ်ထဲတွင် သမင်၊ ဒရယ်ဦးချိုများ၊ အရိုးများ စုပုံနေသည်။ ကျောက်တုံးကြီးတစ်ခုအကွယ်မှ မီးရောင်ကိုပြန်ကြည့်နေသော နီရဲရဲမျက်လုံး(၃)စုံကို မြင်လိုက်ရသည်။ သေးငယ်သဖြင့် ကျားပေါက်ကလေးများ ဖြစ်ဟန်တူသည်။ ဆရာဦးအောင်ကြီးက လေသံတိုးတိုးဖြင့် ...

"အသံမထွက်စေနဲ့ လှိုဏ်ဝကို ပိတ်ထား။ ထွက်လာတာနဲ့ အမိဖမ်း။ ကျားပေါက်ကလေး (၃) ကောင်ပဲ။ ကြောက်စရာမလိုဘူး"

"ဟုတ်"

ကျွန်တော်တို့ လှိုဏ်ဝကို (၈)ယောက် ပုံစံ ပိတ်ထားလိုက်သည်။ မကြာပါ ...

"ဝူ ... ဝူ ... အီ ... အီ ... ဂီး ... ဂယား ... ဂယား"

ဟူသော အော်သံလေးများဖြင့် ကျားပေါက်ကလေး (၃)ကောင် လှိုဏ်ဝသို့ ပြေးထွက်လာသည်။ ကြောင်လောက်ပင်ရှိသေး၍ တစ်လသားခန့်ပင် ပြည့်သေးဟန်မတူ။ ကျွန်တော်တို့ဝိုင်းဖမ်းကြတော့ ခြေသည်းဖြင့် ကုတ်သည်။ ပါးစပ်ဖြင့် ကိုက်သည်။

နို့သွားကလေးများဖြစ်၍ စူးသော်လည်း အားမရှိပါ။ လျှာများကတော့ ကြမ်းလှသည်။ ကုပ်ကို အမိအရဖမ်း၍ နောက်ခြေ(၂)ချောင်းအား ချုပ်ထားတော့ ငြိမ်သက်သွားသည်။ ပွတ်သပ်ပေးရာ တဖြည်းဖြည်း ငြိမ်သက်သွားတော့သည်။ ရန်သူမဟုတ်ဟုသိသောကြောင့် ဖြစ်ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားပေါက်ကလေးများကို ဖမ်း၍ ကျားသေကြီးကို ထမ်းခဲ့ကြသည်။ စခန်းတဲထဲ၌ ဝါးဖြင့် အကွက်ယက်၍ လှောင်အိမ်သဖွယ် လုပ်ရသည်။ ကျွဲစရာမရှိ။ ဆရာအောင်ကြီးကပင် တပ်စခန်းက နွားနို့ ယူပေး၍ ခွက်ထဲထည့်ပြီး တိုက်ရသည်။

အစာစားရသောက်ရတော့ ကျားပေါက်ကလေးများ ငြိမ်သက်သွားသည်။ ဝိုင်းကြည့်နေကြသူများကိုလည်း မလန့်တော့ပါ။ ကြောင်ပေါက်ကလေးများသဖွယ် နွားနို့သောက်ပြီးတော့ တစ်ကောင်နှင့်တစ်ကောင် ပူးကပ်၍ လှောင်အိမ်ထောင့်၌ အိပ်စက်နေကြသည်။

မုဆိုးကိုကျော်သန်းနှင့် ဆရာကြီး ဦးအောင်ကြီးတို့က ကျားသေကြီးကို ဖျက်ကြသည်။ ထုံးစံအတိုင်း မုဆိုးကိုကျော်သန်းက ကျားခေါင်းနှင့် ကျားရေကိုရသည်။ ကျားမဖြစ်၍ (၆) တောင်ခန့်တော့ရှိသည်။ ကလေးအမေဖြစ်၍ ပိန်သည်။ အသားနှင့် အရိုးများအား ဝေယူကြသည်။

ကျွန်တော်တို့လည်း မစားဖူးသဖြင့် ကျားသားအား ချက်စားကြရာ အလွန်ညှီလွန်းရာ မစားနိုင်၊ ထောင်မှူးဦးစောလွင်ကတော့ ဆေးဝက်ဝင်သည်ဆိုပြီး အရက်ဖြင့်မြည်းသည်။ အရသာမှာ ခွေးသားဖြင့်တူသည်။

ကျားသားရေကြီးကို စခန်းဝင်းထဲရှိ သစ်ငုတ်တွင်ချိတ်၍ လှမ်းထားသည်။ ထိုညက ညဦးပိုင်းကတည်းကစ၍ စခန်းပတ်လည်တွင် ကျားဟိန်းသံကြီးကို ကြားနေရသည်။ ကျားထီးကြီး ဖြစ်ဟန်တူသည်။ ကျွန်တော်တို့ တစ်ညလုံး မအိပ်ကြရတော့ မီးပုံကြီးဖိုပြီး သေနတ်ပိုက်၍ ကင်းစောင့်ကြရသည်။ နေ့ပိုင်း၌လည်း တောဘက်သို့ မသွားရဲကြတော့။





နေ့စဉ် သေနတ်ပိုက်၍ တောလည်ထွက်တတ်သော မုဆိုးကိုကျော်သန်းလည်း ငြိမ်ကုပ်နေရှာသည်။ ညရောက်မည်ကို တွေး၍ စခန်းတစ်ခုလုံး သွေးလန့်နေကြသည်။ ဒုတိယည၌လည်း မအိပ်ကြရပါ။ မီးပုံကြီးဖို၍ပင် ကင်းစောင့်ကြရပြန်သည်။ တော်ပါသေးသည် ကျားကြီးမှာ မီးပုံကြီးကြောင့်ထင်ပါသည်၊ စခန်းထဲသို့ ဝင်မလာပါ။ သို့သော် စခန်းပတ်လည်ကိုတော့ လှည့်၍ ဟိန်းဟောက်နေသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## [ ၃ ]

❑

တစ်ပတ်ခန့်ကြာတော့ ကျားကြီး လက်လျှော့သွားဟန်တူသည်။ စခန်းအနီးသို့ မလာတော့ပါ။ ကျွန်တော်တို့လည်း ထိုအချိန်ကျမှ ပုံမှန်အလုပ်များကို လုပ်နိုင်တော့သည်။ ကျားကလေးများကိုလည်း နို့ဝယ်၍ တိုက်ရသည်မှာလည်း အလုပ်ပိုတစ်ခု ဖြစ်လာသည်။

ခလရ ( – )တပ်ထဲမှ နွားနို့များ ဝယ်တိုက်နေရခြင်းဖြစ်သည်။ ပထမပိုင်းက နွားနို့ (၅၀) ကျပ်သား ညမနက်လောက်သည်။ တစ်ပတ်ကျော်လာတော့ မလုံလောက်၊ တစ်ပိဿာဝယ်ရသည်။ နေ့စဉ်ဆိုတော့လည်း ဘတ်ဂျက်ထိနိုက်လာသည်။





ဒုတိယပတ်အရောက်တွင် ရှီးမ(၂)စခန်းသို့ ဆေးလာကုသောဆရာဝန်ကြီး၊ ဒေါက်တာဆတ်တား၊ ကျွန်တော်တို့စခန်းသို့ ခေတ္တဝင်နားရင်း ကျားပေါက်ကလေးများအား တွေ့သွားရာ တိရစ္ဆာန်ရုံသို့လှူရန် အကြံပေးသဖြင့် ဆရာဝန်ကြီးအပြန်တွင် ကားကြုံဖြင့် ထည့်ပေးလိုက်ပါတော့သည်။

ထိုညနေက မုဆိုးကိုကျော်သန်း စခန်းပတ်ဝန်းကျင် လှည့်လည်ရင်း ချေတစ်ကောင်ရလာသည်။ ချေမှာ ဝမ်းဗိုက်ပေါက်နေပြီး ကလီစာနှင့်ပေါင်တစ်ချောင်းလည်း မရှိတော့ပါ။ ကျားစားထားပြီး ကျန်နေစဉ် တွေ့၍ ယူလာခြင်းဖြစ်သည်ဟု သိရသည်။

ကျွန်တော်တို့ ထိုညက မီးပုံပွဲကလေးလုပ်၍ ချေသားဟင်းဖြင့် အမြည်းလုပ်ကြသည်။ ည (၉)နာရီခန့်တွင် 'ကျား . . . ကျား' ဟု အော်၍ ထပြေးကြရာ ကျွန်တော်နှင့် ထောင်မှူးဦးစောလွင်သာ မပြေးနိုင်ဘဲ ကျန်ခဲ့သည်။ အသေအချာကြည့်မှ မုဆိုးကိုကျော်သန်းက လှမ်းထားသော ကျားသားရေကို ခြုံ၍ နောက်ပြောင်ခြင်းဖြစ်သည်။

"ဆရာတို့က သတ္တိကောင်းသားပဲ၊ မပြေးကြဘူး"

"ကိုကျော်သန်း . . . ခင်ဗျားလုပ်တာ မဟုတ်ဘူးနော်။ တစ်ယောက်ယောက်က တကယ့်ကျားထင်ပြီး သေနတ်နဲ့ပစ်ရင် ခင်ဗျားသေပြီပဲ"

"ညဘက်ကြီး ဒီလိုမနောက်ကောင်းဘူး။ နောက်ပြီး ခင်ဗျားလည်း မုဆိုး၊ ကျားလည်း တောမုဆိုးပဲ။ သူရှာစားထားတဲ့ တောကောင်ကို ခင်ဗျားယူလာတာလည်း မကောင်းဘူး၊ မုဆိုးချင်း စည်းစောင့်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဦးစောလွင်က မူးမူးနှင့် စွတ်ဟောက်နေသည်။ ထိုအခါ မုဆိုးကိုကျော်သန်းမှာ မျက်နှာငယ်ကလေးဖြင့် တောင်းပန်ရှာသည်။

"ဆရာရယ် . . . ကျွန်တော်က ပျော်စေပျက်စေ နောက်ပြောင်တာပါ။ ကျွားစားထားတဲ့ချေကို ယူလာတာကလည်း စခန်းမှာဆရာတို့ ကျားသောင်းကျန်းကတည်းက အသားရိက္ခာစိုပြတ်နေလို့ စားစေချင်လို့ ယူလာတာပါ"

ဟုတ်လည်း ဟုတ်ပါသည်။ မုဆိုးကိုကျော်သန်းမှာ ဝါသနာအရ တောလည်သော်လည်း ရလာသောသားကောင်ကို စခန်းကို အရင်ကျွေးပြီး ပိုမှ ရောင်းသူဖြစ်ပါသည်။ ထို့ကြောင့်လည်း ထောင်မှူးဦးစောလွင်က . . .

"အေးဗျာ . . . ကိုကျော်သန်း၊ ခင်ဗျားကို စိုးရိမ်လို့ သတိပေးတာပါ။ တောထဲမှာနေရတော့ တောစည်း၊ တောင်စည်း၊ မုဆိုးစည်း ဆိုတာရှိတယ်ဗျ။ သတိထားဆင်ခြင်ဖို့ ပြောရတာပါ"

"ဟုတ်ကဲ့ပါ . . . ဆရာ၊ ကျွန်တော်ဆင်ခြင်ပါ့မယ်"

"ကဲ . . . လာ . . . လာ . . . တစ်ခွက်လောက်သောက်လိုက်။ ခလရ ( – ) ကရထားတဲ့ ရှားပါး ARMY RUM ပဲ"

"ဟုတ်ကဲ့ ဆရာ"

မီးပုံပွဲကလေးမှာ ပြန်လည်အသက်ဝင်လာပြန်သည်။ အမှန်တော့ ကျွန်တော်တို့လို စခန်းဝန်ထမ်းများအတွက် ပျော်စရာမှာ သည်ပွဲမျိုးသာရှိပါသည်။

✿ ✿ ✿

| ၄ |

❑

မြို့နှင့်လည်းမနီး၊ ရွာဖြင့်လည်းမနီး ပတ်ဝန်းကျင်ကျဉ်းကျဉ်းကလေး၌သာ နေကြရခြင်းဖြစ်၍ အထီးကျန်ဆန်လှပါသည်။ ထို့ကြောင့်လည်း ကျွန်တော်နှင့် ထောင်မှူးဦးစောလွင်တို့ တစ်ခါတစ်ခါ မုဆိုးကိုကျော်သန်းနှင့် တောထဲသွား၍ တောအသီးအနှံရှာဖွေခြင်း၊ အမဲလိုက်ခြင်းအမှုကို ပြုတတ်ကြသည်။

ယခုတော့ ကျားသောင်းကျန်းနေသဖြင့် တောစပ်သို့ပင် မဝင်ရဲတော့ပါ။ မုဆိုးကိုကျော်သန်းကတော့ သေနတ်တစ်လက်ဖြင့် တစ်ယောက်တည်း တောလည်တုန်းပင်။

တစ်နေ့တွင် မုဆိုးကိုကျော်သန်းက နွားထီးပေါက်စကလေးတစ်ကောင်ကို စခန်းသို့ ခေါ်လာသည်။ ကျားသားရေဖြင့် လဲလှယ်ခြင်းဟုသိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစောလွင် ။ "ကိုကျော်သန်းရယ် ... ခင်ဗျားညစ္စာ နွားမ,လည်း မဟုတ်တော့ နို့လည်းမရဘူး၊ အကောင်လည်းပွားမှာ မဟုတ်ဘူး။ ဘာလုပ်ဖို့လဲ"

"ဆရာရယ် ... တိရစ္ဆာန်တစ်ကောင်ရှိတော့ စခန်းမှာဖြေဖျော် စရာရတာပေါ့။ ကြီးလာတော့လည်း နွားမတွေကို မီးလိုက်တင်ရင် ပိုက်ဆံရတာပေါ့။ လှည်းဆွဲမဲ့သူနဲ့တွေ့ရင်လည်း ရောင်းရင် ပိုက်ဆံရတာပေါ့။ ကျားသားရေက တန်ဖိုးထားတဲ့သူနဲ့တွေ့မှ တန်ဖိုးရှိတာ။ ဒီအတိုင်းပစ်ထားရင်လည်း ပိုးကိုက်ပြီး လွှင့်ပစ်ရမှာပါ။ ဒါကြောင့် လဲလာတာပါ"

"အေးပါ ... လဲတာကတော့ မရှုံးပါဘူး။ ခင်ဗျားအတွက် ကရိကထများလွန်းလို့ ပြောရတာပါ။ ကျားကလည်း ပတ်ဝန်းကျင်မှာရှိနေတော့ နွားဆိုတာ ကျားအစာဗျ။ ကျားကိုဖိတ်ခေါ်သလိုလဲ ဖြစ်နေဦးမယ်"

"မပူပါနဲ့ ဆရာရယ်။ ဒီကျားထီးကြီးကို ကျွန်တော့်နည်းနဲ့ ကျွန်တော် ရှင်းမှာပါ။ အခုလည်း တောထဲကကျားသွားလမ်းမှာ ထောင်ချောက်တွေ ဆင်ထားပါတယ်။ တစ်နေ့ မိမှာပါဆရာ"

တစ်ညတွင် ဝါးရုံတောဘက်မှ ကျားဟိန်းသံကြီးကြားရပြီး နာကြည်းစွာ ဟိန်းဟောက်အော်မြည်နေသံကိုလည်း ကြားရသည်။ နွားကလေးမှာ နေစရာမရှိတော့။ တဘူးဘူး အော်ဟစ်ရုန်းကန်နေသဖြင့် ရဲဘက်များနေထိုင်ကြသော ရိက္ခာတဲကြီးအတွင်းသို့ သွင်းထားမှ ငြိမ်သက်သွားတော့သည်။

"ဆရာ ... ကျားကြီးကို မိနေပြီဗျ။ မနက်မှ သွားပစ်ကြမယ်"

ဦးစောလွင် ။ "ကိုကျော်သန်း ... ခင်ဗျားထောင်ချောက်က စိတ်ချရလို့လား"

"တစ်ထွာသောက်ရှိတဲ့ အင်ပင်ပေါက်ကို ကိုင်းလုပ်ထောင်ထားတာဆရာ။ မော်တော်ဆိုင်ကယ်၊ ဘရိတ်စတီးကြိုးနဲ့ အသေအချာလုပ်ထားတာ။ ပြတ်သွားစရာ အကြောင်းမရှိပါဘူး"

"အင်း ... ခေါင်းကိုမိရင်တော့ ဟုတ်တာပေါ့။ ခြေတို့လက်တို့မိရင် ကျားဆိုတဲ့ကောင်က သူ့ခြေလက်ပြတ်ရင် ပြတ်ပစေ ရုန်းမှာပဲ။ အဲဒီတော့ ကျားနာဖြစ်ပြီး အန္တရာယ်ပေးလိမ့်မယ်"

"ဒါကတော့ ကမ္ဘသကာပေါ့ ဆရာရယ်"

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ တပ်ကဆရာကြီး ဦးအောင်ကြီးတို့ကိုခေါ်၍ ဝါးရုံတန်းသို့ သွားဝိုင်းကြပြန်သည်။ ကျားဟိန်းသံကို မကြားရတော့။ ကျားကြီးလည်ပင်းကို သုတ်ကိုင်းမိ၍ သေလေသလားမသိပါ။ သို့သော် သုတ်ကိုင်းနေရာအရောက်တွင် ကျားသေကြီးကို မတွေ့ရ။ လက်ပြတ်ကြီးတစ်ဘက်ကိုသာ တွေ့ရတော့သည်။

လက်ပြတ်ကြီး၏လက်ဝါးမှာ လက်ဘက်ရည်အချိုပန်းကန်အောက်ခံပန်းကန်ပြား လောက်ရှိသည်။ ကိုးတောင်ကျားကြီး ဖြစ်ဟန်တူသည်။ ကျားနာဖြစ်သွား၍ ကျွန်တော်တို့ မလိုက်ရဲတော့ပါ။ ဆရာဦးအောင်ကြီးက လက်ပြတ်ကြီးကို အမှတ်တရကောက်ယူပြီး စခန်းသို့ ပြန်ခဲ့ကြတော့သည်။

✿ ✿ ✿

www.burmeseclassic.com

# [ ၅ ]

❑

နောက်တစ်နေ့ နေ့လယ်ခင်းတွင် စခန်းဝင်းအတွင်း ကျွန်းပင်ကြီးအောက်၌ နွားပေါက်ကလေးကို အစာကျွေးထားပြီး ကျွန်တော်တို့ အိပ်ပျော်နေကြစဉ် ကျားဝင်ဆွဲတော့သည်။ ရဲဘက်များက သံပုံးတီး၍ ခြောက်လှန့်သဖြင့် စခန်းစည်းရိုးဝင်းအပြင်၌ နွားသေကလေးကို ထားခဲ့ပြီး ကျားကြီးထွက်ပြေး လွတ်မြောက်သွားသည်။ မုဆိုးကိုကျော်သန်းကတော့ တောက်တခေါက်ခေါက်ဖြင့် ကျန်ခဲ့သည်။

ညနေစောင်းတွင် မုဆိုးကိုကျော်သန်းတစ်ယောက် ခလရ(-)ဘက်မှ ပြန်လာသည်။ လက်ထဲ၌လည်း တစ်လံခန့်ရှည်သော သံကြိုးကြီးနှင့် သော့ဂလောက်သံမှိုများ ပါလာသည်။ စခန်းဝင်း အပြင်ဘက်





နွားသေကလေးရှိရာသို့ ရဲဘက်များကို ခေါ်ပြီးသွားကြသည်။ လူတစ်ဘက်ခန့် တစ်လံကျော်အရှည်ရှိသော ပိတောက်တုံးကြီးတစ်တုံးကိုလည်း ဝိုင်းထမ်းပြီး နွားသေကလေးနေရာအနီးသို့ ရွှေ့ချထားသည်။

ပြီးနောက် နွားသေကလေးခြေထောက်နှင့် သံကြိုးကြီးကိုချည်ပြီး သော့ခတ်သည်။ သံကြိုးတစ်ဘက်စွန်းတွင်လည်း ပိတောက်တုံးဖြင့်ဆက်၍ သံမှိုအတပ်ထပ်ရိုက်သည်။ ထို့နောက် တစ်ခါသုံးဆေးထိုး အပ်ထဲ အဆိပ်ထည့်၍ ကျားများစားတတ်သော နွားသေကလေး၏ ဝမ်းဗိုက်ပတ်လည်သို့ ဆေးထိုးထည့်သည်။

မုဆိုးစည်းကမ်းအရ အစာကို အဆိပ်ထည့်၍ထောင်ခြင်းမှာလည်း ရက်စက်ရာကျပါသည်။ သို့သော် ကျားသောင်းကျန်းရန်ရှင်းဖို့ လိုသဖြင့် ကျွန်တော်တို့လည်း မပြောတော့ပါ။

"ဆရာ ... ကျွန်တော့်နွားကို ကိုက်တဲ့ကျားတော့ ဒီညအသေဘဲ။ ကျားဆိုတဲ့အကောင်က သူကိုက်ပြီးထားခဲ့တဲ့ သားကောင်ရှိရာကို ပြန်လာတတ်တယ်။ ကျားနာကို လိုက်မပစ်ရဲတော့ ဒီနည်းအကောင်းဆုံးပဲ။ ဒီည စောင့်ကြည့်နေရုံဘဲ ဆရာရေ့"

ထိုညက ကျွန်တော်တို့ ညစာကို စောစောစားရန် စောစောအိပ်ရာဝင်ကြသည်။ သို့သော် ညနက်သည်အထိ ကျားလာသံကို မကြားရ။ မနက်စောစော ကျွန်တော်တို့ အိပ်ရာကထတော့ မုဆိုးကိုကျော်သန်းက ...

"ဆရာရေ့ ... နွားသေကလေးတော့ ကျားချီသွားပြီ။ သံကြိုးကြီးတောင် ပြတ်သွားတယ်။ ကျားကြီးကတော့ ဘယ်နားသွားသေနေမလဲ မသိဘူး။ လိုက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်သန်း ... ခင်ဗျားအဆိပ်ခဲဆေးက စွမ်းပါ့မလား။ တော်ကြာ ကျားနာနဲ့ရင်ဆိုင်တိုးပြီး ကျားနာခဲ ခံမှဖြင့် ဒုက္ခရောက်ကုန်ကြဦးမယ်"

"စိတ်ချပါ ဆရာ၊ ကျွန်တော် ရွာမှာ ကြုံဖူးပါတယ်။ အဆိပ်ရည်ထိုးသွင်းထားတဲ့အသားကို စားမိတာနဲ့ ကျားတွေဟာ ရေနဲ့နီးတဲ့နေရာသွားပြီး ရေသောက်ရင်း သေကြတာပါပဲ"

ထုံးစံအတိုင်း ကျွန်တော်တို့အဖွဲ့ တပ်က ဆရာဦးအောင်ကြီးတို့အဖွဲ့ကိုခေါ်ပြီး လက်နက်ကိုယ်စီဖြင့် နွားသေကလေး၏စွပ်ကြောင်းရာအတိုင်း လိုက်ခဲ့ကြသည်။ ဦးတည်ချက်က ရဲနွယ်ချောင်းလက်တက်တစ်ဘက်ကမ်း ဝါးရုံတောဆီသို့ပင် ဖြစ်သည်။ ကျားသားအမိနေခဲ့သော ဝါးရုံတောနောက်ဘက် သားရဲတွင်းလှိုဏ်ထဲသို့ စွပ်ကြောင်းရာက ပြနေသည်။ ဆရာဦးအောင်ကြီးက ခြေရာ၊ ခြေကြောင်း အဆင်းအတက်ကို ကြည့်သည်။

"လှိုဏ်ထဲမှာ ကျားကြီးမရှိတော့ဘူးဗျ။ အပြင်ထွက်သွားပြီ"

သူ့တွင်ပါလာသော လက်နှိပ်မီးဖြင့် လှိုဏ်ထဲသို့ ထိုးကြည့်သည်။ လှိုဏ်အတွင်း၌ နွားသေကလေး၏ အရိုးနှင့်အရေကိုသာ တွေ့ရတော့သည်။

❋ ❋ ❋

| ၆ |

"သေချာပြီဗျို့။ နွားသေသားစားပြီး ရေငတ်လို့ ကျားထီးကြီး ချောင်းရှိရာသွား ရေသောက်ပြီးသေနေလောက်ပြီ"

ဆရာဦးအောင်ကြီး ။ "ကဲ ... ဆရာတို့ ဒီနေ့တော့ ဒီကိစ္စကို အပြတ်ရှင်းမှဖြစ်တော့မယ်။ ရှေ့ဆက်တက်ကြမယ်. လူမကွဲစေနဲ့။ သေနတ်တွေ အသင့်ပြင်ထား။ လက်မနှေးစေနဲ့။ ပတ်ဝန်းကျင်ကို မျက်ခြေမပြတ်စေနဲ့။ ကျွန်တော် ရှေ့ကတက်မယ်"

"ဘယ်ဘက်ကို လိုက်မလဲ၊ ဆရာကြီး"

ကျွန်တော်ကမေးရာ ဆရာဦးအောင်ကြီးက ခြေရာခြေကြောင်းကိုခံပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးရှေ့က အင်ပင်တောအလွန်မှာ ရဲနွယ်ချောင်းက ပတ်စီးနေတာ။ ခြေရာကြောင်းက အဲ့ဒီဘက်ကို ညွှန်ပြနေတယ်။ အဆိပ်မိပြီး ရေငတ်တော့ အဲ့ဒီဘက်ကိုသွားမှာ သေချာပါတယ်"

ကျွန်တော်တို့အဖွဲ့ အင်ပင်တောကို ဖြတ်ကြသည်။ ရွက်ကြွေတောဖြစ်၍ အောက်ခြေရှင်းသည်။ နွေရာသီဖြစ်၍ အင်ရွက်ကြီးများကြွေနေပြီး အင်ဖူးနီနီရဲရဲများ တစ်တောလုံး ဝေဆာနေသည်။ မုဆိုးအစစ်များမဟုတ်ကြ၍ ခြေသံကမလုံ၊ တစ်တောလုံး၊ တောနင်းသံဖြင့် ဆူညံနေသည်။

အင်တောအလယ်သို့အရောက်တွင် ချောင်းရေစီးသံသဲ့သဲ့ကို ကြားလာရသည်။ ကျားဟိန်းသံကိုတော့ လုံးဝမကြားရ။ တောကြက်ဖတစ်ကောင်၏ လေးတွဲ့တွဲ့တွန်သံကိုတော့ တစ်ချက်တစ်ချက် အဝေးဆီမှ ကြားရသည်။ အနီးပတ်ဝန်းကျင်တွင်တော့ ကျေးငှက်သာရကာတို့အော်မြည်သံကို မကြားကြရ။ တောမှာတိတ်ဆိတ်နေသည်။ သစ်ရွက်လေတိုး၍ လှုပ်ခတ်သံကိုပင် ကြားနေရသည်။

ကျွန်တော်တို့အဖွဲ့ အင်တောထဲကထွက်တော့ ရဲနွယ်ချောင်းကမ်းစပ်သို့ရောက်သည်။ သဲသောင်အဆုံးရေစပ်တွင် ကျားသေကြီးကို ပက်လက်လန်သေဆုံးနေသည်ကို တွေ့ရသည်။ မသေမီ မချိမဆန့် ရုန်းကန်လှုပ်ရှားသွားရပုံမျိုး ဖြစ်သည်။ စခန်းနှင့် အလှမ်းဝေးသဖြင့် ကျွန်တော်တို့ ကျားဟိန်းသံ မကြားခဲ့ရပါ။ ဆရာဦးအောင်ကြီးက ကျားကြီးအား တိုင်းကြည့်သည်။

"ဟဲ့ ... ကိုးတောင်ကျားကြီးဗျ။ ဘယ်လက်တစ်ဖက်လည်း ပြတ်နေတယ်။ မုဆိုးကိုကျော်သန်း လက်ချက်ပဲဗျို့"



"ကဲ ... အရေခွာမယ်။ အသားကတော့ စားလို့မရတော့ဘူး။ မြေမြှုပ်ပစ်ရမယ်။ ဒီတော်ကြာ ... တောခွေးတွေစားလို့ တောခွေးတွေပါ သေနေဦးမယ်။ ကဲ ... အပေါ်ဆွဲတင်ကြ။ အားတဲ့သူက သဲပြင်ပေါ်မှာ ဝါးချွန်နဲ့ ကျင်းနက်နက်တူးကြပါ"

ကျွန်တော်တို့ အဖွဲ့ခွဲ၍ ဝါးစုတ်ပြီး ကျင်းတူးသူကတူး၊ ကျားရေကိုသူကျွမ်းကျင်သူကျွမ်းကျင်ဖြင့် အလုပ်ရှုပ်သွားကြသည်။

"ကဲ ... မုဆိုးကိုကျော်သန်းရေ၊ ဒီတစ်ခါတော့ ကျားသေသားရေကို ကျွန်တော်ယူမယ်။ ခင်ဗျားကို နွားပေါက်လေးတစ်ကောင် အစားပြန်ပေးမယ် ကျေနပ်သလား"

"ကျေနပ်ပါတယ် ... ဆရာကြီးရယ်။ ကျားရန်လည်းရှင်း၊ နွားပေါက်ကလေးလည်းပြန်ရတော့ ဟန်ကျတာပေါ့ ... ဟား ... ဟား ... ဟား"

ကျွန်တော်တို့အဖွဲ့ ကျားသေကြီးကို သဲသောင်ထဲတွင် ကျင်းနက်နက်တူးပြီး မြှုပ်နှံ၍ ချောင်းရေဖြင့် လက်စင်အောင်ဆေးကာ ပြန်ခဲ့ကြသည်။ အပြန်တွင်တော့ ကျေးငှက်သာရကာများအော်မြည်သံကို ဆူညံစွာ ကြားရသည်။ ကျားကြီးမှာ သေဆုံးနေသော်လည်း တောကောင်ကျားကြီး၏ သတ္တိနှင့်ဟိတ်ဟန်မှာ တောသတ္တဝါလေးများအပေါ်တွင် လွှမ်းမိုးထားဟန်တူပါသည်။

ထို့ကြောင့်လည်း တောကောင်ကျားများအား 'တောဘုရင်' ဟု တင်စားခေါ်ဟန်တူပေသည်။ အပြန်လမ်းတွင် ဆရာဦးအောင်ကြီးက မုဆိုးကိုကျော်သန်းအား တောစည်းကမ်း၊ တောင်စည်းကမ်း၊ မုဆိုးစည်းကမ်းများကို ရှင်းပြပြီး ဆုံးမသွန်သင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်သန်းရေ ... ခင်ဗျားအတွက် ပြောတာနော်။ ကျွန်တော် ဆရာလုပ်တာ မဟုတ်ဘူး။ ကျွန်တော်ရော ခင်ဗျားပါ မုဆိုးပဲ။ ကျားဆိုတာကလည်း ဘောဘုရင်၊ တောမုဆိုး၊ လူ့စည်းနဲ့သူ ရှိကြတယ်။ နောင် ... ကျားကို အတတ်နိုင်ဆုံးရှောင်ပါ။ ကိုယ့်ကိုရန်မူ ပစ်ပါ။

အခု ခင်ဗျားဘက်က မုဆိုးစည်းတွေပေါက်ပြီး ကျော်နေတယ်။ ပထမ ကျားမကြီးကို သတ်တယ်။ ကျားပေါက်ကလေးတွေကို ယူတယ်။ တစ်ခါ ကျားထီးကြီးကို သုတ်ကိုင်းနဲ့ထောင်ပြီး ကောက်ပြတ်သွားစေတယ်။ နောက်ဆုံး နွားပေါက်ကလေးကိုဆွဲလို့ အသ[illegible]ျူးသတ်တယ်။ အဲဒါတွေက မုဆိုးအလုပ်မဟုတ်ဘူးဗျ။ အရပ်သားမုဆိုးပေါက်စတွေ လက်တည့်စမ်းလုပ်တဲ့ အလုပ်မျိုး။

ဒါကြောင့် မုဆိုးအစစ်ဟာ ကျားသားမစားဘူး။ မြွေသားမစားဘူး။ တတ်နိုင်သမျှ သတ်ဖြတ်ဖို့ ရှောင်ကြတယ်။ အခု ကျားမကြီးရော၊ ကျားထီးကြီးပါ မျိုးပြုတ်သွားပြီလို့ ခင်ဗျားသိတယ်နော်။ ဒါပေမဲ့ ကျားတွေမှာ တယ်လီပသီလို့ခေါ်တဲ့ စိတ်ဓာတ်ချင်းဆက်သွယ်တဲ့ အတတ်ပညာရှိကြတယ်။

ငန်းမြွေလိုကောင်မျိုးကို သတ်မိရင်၊ ဒါမှမဟုတ် သူ့ဥကို စားမိရင် နေရာမရွေး၊ ဒေသမရွေး ကျန်ခဲ့တဲ့အကောင်က လိုက်ပြီး ကလဲ့စားချေတာကို ခင်ဗျား ကြားဖူးလိမ့်မယ်။ ကျွန်တော်ကတော့ လက်တွေ့ကြုံဖူးလို့ ယုံတယ်။ ဒါကြောင့် ခင်ဗျားသတိထားပါ။ ကျားမျိုးနွယ်နဲ့ ခင်ဗျားက ရန်သူဖြစ်သွားပြီ"

❀ ❀ ❀



| ၇ |

❑

ဆရာဦးအောင်ကြီး၏ တောစည်း တောင်စည်း မုဆိုးစည်းများအကြောင်းကို သေချာစွာနားထောင်ပြီး မုဆိုးကျော်သန်းက ...

"ဟုတ်ကဲ့ပါ ... ဆရာကြီး။ ကျွန်တော် သတိထားဆင်ခြင်ပါမယ်။ အခုကိစ္စကတော့ ကျွန်တော့်နွားကလေးကို ဆွဲသွားတယ်၊ ခေန်းကိုလည်း ရန်ပြုတယ်။ ဒါကြောင့် ကျွန်တော်ကတတ်သမျှ မှတ်သမျှနည်းနဲ့ ကျားရန်ကို နှိမ်နင်းတာပါ"

"ဟုတ်ပါတယ် ... ခင်ဗျားလည်း လုပ်သင့်တယ်ထင်လို့ လုပ်တာကို နားလည်သဘောပေါက်ပါတယ်။ ခင်ဗျားကို အပြစ်တင်နေတာမဟုတ်ပါဘူး။ သတိပေးနေတာပါ။ ခင်ဗျားက တောနဲ့မကင်းတော့ သတိထားဆင်ခြင်နိုင်အောင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာကြီး"

ကျွန်ုပ်တို့ ကျားရန် ကင်းရှင်းသွားပြီးဖြစ်၍ နောက်နေ့မှစ၍ တောစပ်သို့ဝင်ကြပြီး တောစာတောင်စာရှာကြသည်။ ကိုကျော်သန်းအလည်း နေ့စဉ်ပင် တောဝင်၍ သေနတ်တစ်လက်ဖြင့် သားကောင်ရှာသည်။ ချေကလေး၊ ဝက်ကလေးများတော့ ရလာတတ်သည်။ သူက တောပျော်ဖြစ်၍ တားလို့ရမည်မဟုတ်။

ကျားသောင်းကျန်းပြီးကတည်းက ကျွန်တော်တို့လည်း တောထဲသွားရမှာ ရွံ့နေသည်။ ထို့ကြောင့်လည်း မှဆိုးကိုကျော်သန်းနှင့်တွဲ၍ အမဲမလည်ဖြစ်သည်မှာလည်း ကြာချေပြီ။ မိုးမကျမီ ရိက္ခာများစုဆောင်းနေရသောကြောင့်လည်း ဖြစ်သည်။

တစ်နေ့တွင် မှဆိုးကိုကျော်သန်း၊ တောထဲမှ မောကြီးပန်းကြီး ပြန်ပြေးလာသည်။

"ဆရာ ... ဆရာ လုပ်ပါဦး။ ကျွန်တော် ကျားတစ်ကောင်နဲ့ ရင်ဆိုင်တိုးလို့ ပစ်ခဲ့ရတယ်။ ချက်ကောင်းထိမေမဲ့ မသေဘူး။ ထွက်ပြေးသွားတယ်။ အဲဒါ လုပ်ပါဦး။ လိုက်ကြရအောင်"

"ဘယ်လိုဖြစ်တာလဲ ... ကိုကျော်သန်း။ ခင်ဗျားကို ဆရာဦးအောင်ကြီးက ကျားကိုမပစ်ဖို့ ရှောင်ဖို့ ပြောထားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ အခုဟာက ဆီးဖြူသီးစားနေတဲ့ ချေတစ်ကောင်ကို သူကလည်းချောင်း၊ ကိုယ်ကလည်းပစ်နဲ့ ထိပ်တိုက်တိုးကြတာပါ။ ရင်ဆိုင်တိုးမိလို့ ကျွန်တော်ကလည်း မလွှဲမရှောင်သာတဲ့ ပစ်ခဲ့ရတာပါ"

"ကဲ ... ဒါဆို၊ ဆရာဦးအောင်ကြီးတို့အဖွဲ့ သွားခေါ်ဗျာ။



ကျွန်တော်တို့လည်း လိုက်ပါ့မယ်"

"ဆရာ ကျွန်တော်မခေါ်ရဲဘူး။ ကျားပစ်လို့ ကျွန်တော့်ကို ဆူဦးမှာ။ ဒီကရှိတဲ့ ဆရာတို့အဖွဲ့ပဲ လိုက်ခဲ့ပါ။ ကျားက ဒဏ်ရာကြီးတော့ သေနေလောက်ပါပြီ"

"အင်း ... ခင်ဗျားမှာလည်း ဟိုဘဝကတည်းက ကျားနဲ့ရန်သူတွေ ဖြစ်ခဲ့တယ်ထင်ပါရဲ့။ ကျားနဲ့ချည်း တိုးနေတော့တာပဲကိုး"

ကျွန်တော်၊ ထောင်မှူးဦးစောလွင်ကို သတင်းပို့ပြီး ပေါက်ညီအစ်ကို ကိုပါခေါ်၍ လက်နက်ကိုယ်စီဖြင့် တောဝင်ခဲ့ကြသည်။ ဤတစ်ခါ ဝါးရုံတန်းဘက်မဟုတ်၊ ရိုးမတောင်ခြေမှ တောင်ပေါ်သို့ တက်ရသည်။ တောင်နှစ်လုံးကျော်၊ တောင်ပေါ် (၁၄) ရွာသွား ကားလမ်းဘေး၌ ဖြစ်သည်။

"ဆရာ ... ဟိုရှေ့နားတောင်စောင်းက ဆီးဖြူတောမှာပါ။ ချေကတော့ ဆီးဖြူပင်အောက်မှာပဲ ကျန်နေခဲ့ပြီ"

ဟုတ်ပါသည်။ ဆီးဖြူပင်များအောက်တွင် နီညိုရောင်ချေတစ်ကောင် လဲကျသေဆုံးနေသည်။ မလှမ်းမကမ်းချုံတောစပ်တွင် သွေးကွက်ကြီးများကို တွေ့ရသည်။ ကျားကြီး၏သွေးစများ ဖြစ်ပုံရသည်။

သွေးမှာ အမြှုပ်များထနေ၍ ကိုကျော်သန်းပြောသလို ဒဏ်ရာပြင်းပြီး ချက်ကောင်းထိပုံရသည်။ သွေးအမြှုပ်ထသည်မှာ အဆုတ်ကို ကျည်က ဖောက်ထွင်းသွား၍ဖြစ်သည်။ သွေးစက်များမှာ တောင်စောင်းမှ တောင်အောက်လျှိုထဲသို့ ဆင်းသွားဟန်ကို ပြနေသည်။

✿ ✿ ✿

www.burmeseclassic.com

| ၈ |

❑

ဒဏ်ရာရသောတောကောင် ရေဆင်းသောက်ပုံရသည်။ ထို့ကြောင့် ကျွန်တော်တို့ တောင်စောင်းမှ တောင်အောက်လျှိုထဲသို့ လှမ်းကြည့်မိသည်။ တောင်စောင်းမှာ ဆင်ခြေလျှောဖြစ်သည်။ သစ်ပင်ကြီးများ၊ ကျူးတိုးကျဲတဲပေါက်နေပြီး မြယာချုံ၊ ထမင်းဆုပ်ချုံ၊ ကြိမ်ရုံများကိုသာ တွေ့ရသည်။

တောက မရှုပ်သော်လည်း အောက်ခြေမရှင်းပါ။ ကျားနောက်ကို လိုက်ရသည်မှာ အလွန်အန္တရာယ်များလှပေသည်။ ကျွန်ုပ်တို့အဖွဲ့ နှစ်ယောက်တစ်တွဲ လူဖြန့်ပြီး တောင်ခြေသို့ သတိကြီးစွာထား၍ ဆင်းလာကြသည်။



တောင်ခြေတွင် စမ်းချောင်းကလေးတစ်ခုကို တွေ့ရသည်။ စမ်းရေမှာ ကြည်လင်နေသည်။ စမ်းချောင်းနံဘေးမှာ ဖျိုက်တောဖြစ်သော်လည်း ချုံမထူထပ်ပါ။ ပိန်းရိုင်းပင်များ ပေါက်ရောက်နေသည်။ အောက်ဘက်တွင် ကြသောင်းဝါးတောကြီးက စမ်းချောင်းပေါ်သို့ ကိုင်းမိုးနေပြီး အေးချမ်းသာယာလှသည်။

ကမ်းစပ်တွင် တောသရက်ပင်ကြီး တစ်ပင်လဲပြိုနေသဖြင့် ကျွန်တော်တို့ သတိထားပြီး အနီးကပ်ကြည့်ရာ သရက်ပင်ကြီး တစ်ဖက်စမ်းချောင်းထဲ၌ ဝါဝါအစင်းကြားကြီးကို မြင်ရတော့သည်။ ကျားကြီးမှာ သေဆုံးနေပြီဖြစ်သည်။

"ကဲ ... ဆရာ၊ ကျွန်တော် မပြောဘူးလား၊ ဒဏ်ရာပြင်းပါတယ်လို့လေ"

"ဟုတ်ပါတယ် ... ကိုကျော်သန်းရယ် ... ဒဏ်ရာပြင်းလို့ ချောင်းရေထဲလာပြီး ရေသောက်ရေစိမ်တာပေါ့။ မှန်းစမ်းပါဦး။ အင်းသူလည်း ကိုးတောင်လောက်ရှိတာပဲ။ ကျားထီးကြီးဘဲဗျ"

ကျွန်တော်တို့စစ်ဆေးကြည့်ရာ ကျည်ဆန်မှာ လက်အနောက်ဘက်နှလုံးအနီးမှကပ်၍ အဆုတ်ကို ဖောက်ထွင်းသွားခြင်း ဖြစ်သည်။ အဝင်ကျည်ဆန်ရာမှာ လက်သန်းထိပ်ခန့်သာ ရှိသော်လည်း အထွက်ကျည်ဆန်ရာမှာ နှစ်လက်မခန့်ကျယ်သော အပေါက်ဖြစ်သည်။

ကျားသေကြီးကို ကြိုးတုပ်၍ ပေါက်ညီအစ်ကိုက ဝါးလုံးလျှိုပြီး ထမ်းကြသည်။ တောင်စောင်း ဆီးဖြူတောရောက်တော့လည်း ချေအသေကောင်ကို ကြိုးတုပ်၊ ဝါးလုံးလျှိုပြီး ကိုကျော်သန်းနှင့်လူသာမ်း တစ်ဦးက ထမ်းကြသည်။ စခန်းအဝင် မျက်နှာပန်းလှသည်။

www.burmeseclassic.com



ကိုကျော်သန်း တစ်နေ့တည်း တောကောင်နှစ်ကောင်ရသည်မှာ ထူးခြားလှသည်။ သို့သော် ဆရာကြီးဦးအောင်ကြီး၏ စကားနှင့်ဆိုရသော် တောမုဆိုးချင်း အစာလုသောပွဲဖြစ်သဖြင့် မုဆိုးစည်းကမ်းဖောက်ရာ ကျပြန်လေသည်။ မုဆိုးကိုကျော်သန်းကတော့ အတော်ပျော်မြူးနေဟန်ဖြင့် . . .

''ဆရာ . . . ကျွန်တော့်ကို ဖထိုက ကျားတစ်ကောင်လုံးမှာထားတယ်။ သိန်းဂဏန်းရမှာ ဆရာ။ စခန်းရောက်တာနဲ့ ကြုရာကားဆွဲပြီး သွားပို့လိုက်မယ်။ ချေကိုတော့ ဆရာတို့စခန်းတစ်ခုလုံး ရဲဘက်တွေပါဝေပြီး ကျွေးလိုက်ပါ။ ပေါက်ကြီးတို့ညီအစ်ကိုကတော့ ငါနဲ့လိုက်ခဲ့ကြဦးကွာ။ ဖထိုမှာ မင်းတို့ကို အရက်ကောင်းကောင်း အဝတိုက်ပါ့မယ်''

''လိုက်မယ် . . . ကိုကျော်သန်းရေ၊ ဒီပွဲမျိုးက ရှားသဗျ''

စခန်းရောက်တော့ ကိုကျော်သန်းတို့အဖွဲ့ ရဲနွယ်ချောင်းကိုကူး၍ ခလရ ( . – ) ဘက် ကမ်းကူးသွားကြသည်။ ကျွန်တော်တို့အဖွဲ့က ဓချေသေကိုဖျက်၍ ချက်ပြုတ်ကြသည်။ သည်နေ့လည်း အရက်နှင့်ချေဝမ်းတွင်းသားဟင်းကို မြည်းကြရင်း မီးပုံပွဲကလေး လုပ်ဖြစ်ပါသည်။

ည(၈)နာရီခန့်မှ ကိုကျော်သန်းတို့ရောက်လာပြီး အရက်နှင့်အမြည်းများလည်း ဝယ်လာ၍ ထပ်သောက်ဖြစ်ကြပြန်သည်။ ကျားသေရောင်းရာ ငွေတစ်သိန်းကျော်ရကြောင်း မုဆိုးကိုကျော်သန်းက ပြန်ပြော၍ ဝမ်းသာရပါသည်။

✿ ✿ ✿

| ၉ |

မုဆိုးကိုကျော်သန်းမှာ ကျားရန် အေးသွားပြီဖြစ်သဖြင့် နေ့စဉ်တောလည်သည်။ ကြီးကြီးမားမား တောကောင်တော့မရ။ ချေ၊ ယုန်နှင့်တောကြက်၊ ရစ်ကြက်လောက်သာရသည်။ စခန်းအတွက်တော့ မျှဝေစားသဖြင့် လုံလောက်ပါသည်။

နေ့လယ်ခင်းအားချိန်တွင် တပ်က ဆရာကြီးပေးထားသော နွားမကလေးကိုသာ ပြုစုယုယနေသည်။ သားကောင်များကိုသတ်သော မုဆိုးဖြစ်သော်လည်း နွားမကလေးကိုတော့ ကိုကျော်သန်းက သားသမီးသဖွယ် ချစ်သည်။ နွားမကလေးကလည်း ကိုကျော်သန်းကိုမြင်သည်နှင့် 'ဘဲ . . . ဘွဲ' အော်မြည်ကာ ရင်ခွင်ထဲသို့ တိုးဝင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမရှိသော စခန်းဖြစ်၍ ရဲဘက်များကလည်း အလုပ်အားသည်နှင့် နွားမကလေးနှင့် ဆော့သည်။ အစာရှာကျွေးသည်။ မွှားရှာပေးသည်။ ရေချိုးပေးသည်။ ထို့ကြောင့်လည်း နွားမကလေးမှာ တစ်နေ့တခြား ကြီးထွားပြီး သန့်ပြန့်လှပလာသည်။ စခန်းအတွင်းရှိ လူအားလုံးဖြင့်လည်း ခင်သည်။

ကိုကျော်သန်းက နွားမကလေးကို နာမည်ပေးထားသည်မှာလည်း ကြည့်ပါဦး ... 'မလှကြွယ်' တဲ့လေ။ နွားမကလေးက သူ့နာမည်ကိုလည်း မှတ်မိသည်။ 'လှကြွယ် ... လှကြွယ်' ဟုခေါ်သည်နှင့် ကြားရာအရပ်မှ ပြေးလာတတ်သည်။ အချုပ်ဆိုရသော် နွားမကလေး မလှကြွယ်စခန်းရောက်၍ (၆)လခန့်ကြာသည်နှင့် နွားမဒန်းကလေး ဖြစ်လာခဲ့သည်။

တစ်နေ့ ... ထိုနေ့က မှတ်မှတ်ရရ၊ ပေါက်ညီအစ်ကိုက ကြက်ဥဖြင့် ထမင်းကြော်ပေးသည်။ ကျွန်တော်က ခလရ ( – ) မှ ဆရာကြီး ဦးအောင်ကြီးပေးသည့် တပ်လက်ဖက်အချိုခြောက်ဖြင့် လက်ဖက်ရည်အချိုဖျော်သည်။

မနက်စောစာစားပြီးသည်နှင့် မုဆိုးကိုကျော်သန်း ရိုင်ဖယ်သေနတ်ကြီးကိုဆွဲ၍ တောဝင်ခါနီးတွင် သူ့အချစ်တော်နွားမကလေး 'မလှကြွယ်'ကို နမ်းသွားသေးသည်။ မလှကြွယ်ကလည်း ကိုကျော်သန်း ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး တီတာနေသည်။

ကျွန်တော်တို့မှာ ထိုမြင်ကွင်းကိုကြည့်၍ သဘောကျလှသဖြင့် ဝိုင်းအော်ကြသည်။

"လှကြွယ်ရေ ... အဖေကြီးကို ဆတ်တစ်ကောင်လောက်ပစ်





ခဲ့ဖို့ မှာဟော့။ ငါတို့ ဆတ်သားမစားရတာ ကြာပြီ။ ညည်းအတွက်တော့ တောငှက်ပျောသီးမှည့်မှည့် တစ်ခိုင်လောက် မှာလိုက်ဟော့"

နွားမကလေးမလှကြွယ်မှာ လူ့စကား နားလည်သည့်အလား ခေါင်းထောင်ကြည့်ပြီး 'ဘူး ... ဘူး'ဟုအော်မြည်ရင်း မုဆိုးကိုကျော်သန်းရင်ခွင်ကို ခေါင်းနှင့်ဝှေ့နေသည်။ ကိုကျော်သန်းမှာ နွားမကလေးကို ပွတ်သပ်နမ်းရှုံ့ပြီး ကျွန်တော်တို့ဘက်သို့ လှည့်၍ ...

"ဒီနေ့ ဆတ်တစ်ကောင်ရအောင် ပစ်ခဲ့မယ် ဆရာတို့။ ကျွန်တော့်သမီးအတွက်လည်း ငှက်ပျောခိုင်လှလှတစ်ခိုင်ပါ ခုတ်ခဲ့မယ်"

ထိုနေ့တွင် မုဆိုးကိုကျော်သန်းက ငှက်ပျောခိုင်ထမ်းရန်ဟုဆိုကာ ရဲဘက်တစ်ယောက်ကိုလည်း ခေါ်သွားသည်။ ကိုကျော်သန်းတို့ထွက်သွားပြီး မကြာမီပင် တောင်ငူမြို့တွင်နေထိုင်သည့် သူ့ဇနီးနှင့်သမီး ကလေးတို့စခန်းသို့ ရောက်လာကြသည်။

ယခင်ကလည်း လာနေကြဖြစ်၍ စခန်းကလူများဖြင့် ရင်းနှီးနေပါသည်။ ကျွန်တော်တို့ကလည်း ဧည့်သည်အနေဖြင့် ဧည့်ခံရပါသည်။ ကိုကျော်သန်း၏ သမီးကလေးမှာ (၅)နှစ်ခန့်သာ ရှိသေးသည်။ နွားမကလေး မလှကြွယ်ကိုမြင်သည်နှင့် ချစ်ခင်စွာသွား၍ လည်ပင်းကိုဖက်သည်။

မလှကြွယ်ကလည်း ကလေးအား လျှာဖြင့်ရက်၍ ရင်းနှီးဟန်ပြသည်။ ညီအစ်မတွေအလား ချစ်ခင်ရင်းနှီးကြသည်မှာ အံ့သြစရာပင်။ မလှကြွယ်မှာ လူစိမ်းဖြစ်သောတပ်က ဆရာကြီးတို့အဖွဲ့လာလျှင်တော့ အကပ်မခံ။ ဝေးဝေးက ရှောင်နေတတ်သည်။ ယခုတော့ နွားမကလေးမှာ အမျိုးနှင့်တွေ့သည့်အလား ရွှင်လန်းမြူးတူးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ညှိသည်များနှင့် နေ့လယ်စားစားရန် ပြင်ဆင်နေကြစဉ် နွားမက်လေးအား အစာကျွေးသော ရဲဘက်တစ်ဦးရောက်လာပြီး ...

"ဆရာ ... ဆရာ ... မလှကြွယ် နေမကောင်းဘူးထင်တယ်။ မျက်ရည်တွေကျနေပြီး အစာမစားဘူး"

ကျွန်တော် သွားရောက်စစ်ဆေးကြည့်ရာ ကိုယ်လည်းမပူပါ။ မနက်က အကောင်းကြီး။ မည်သို့ဖြစ်သည် မသိပါ။ မကြာမီ ခုဆိုးကိုကျော်သန်းခေါ်သွားသော ရဲဘက်တစ်ဦး ငှက်ပျောခိုင်ထမ်း၍ စခန်းအတွင်းသို့ အပြေးဝင်လာသည်။

"ဆရာ ... ဆရာ ... လုပ်ပါဦး။ ဆရာကျော်သန်းကို ကျားချီသွားပြီ"

"ဟေ ... ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး"

ရဲဘက်က ရှင်းမပြရသေးမီ ကိုကျော်သန်းဇနီးနှင့် သမီးတို့က ချုံးပွဲချ၍ ငိုတော့သည်။ ထောင်မှူးဦးစောလွင်က အားပေးရင်းချော့ရသည်။

"ဆရာ ... ဟိုတစ်နေ့ကသွားခဲ့တဲ့ ဆီးဖြူတောဘက်မှာ ဆီးဖြူသီးစားနေတဲ့ ဆတ်ကြီးကို ဆရာကျော်သန်းကအပစ် ဒုသားတောင်ကိုချောင်းနေတဲ့ ကျားကြီးက ကျွန်တော့်ကိုကျော်ပြီး ဆရာကျော်သန်းကို ခုန်အုပ်တာ။ ကျွန်တော်လည်း ကြောက်လန့်ပြီး ပြေးလာတော့ ဆရာကျော်သန်းကို ကျားကြီးချီသွားတာ တွေ့လိုက်ရတယ်"

"အောင်မယ်လေး ... ကိုကျော်သန်းရဲ့၊ ကျားမုဆိုးကြီးရဲ့၊ အခုတော့ ကိုယ်ကျိုးနည်းပြီပေါ့တော့။ ကျွန်မတို့ ဘယ်သူ့ကိုအားကိုး





ရတော့မလဲ ကျေးဇူးရှင်ကြီးရဲ့"

ယခင်က ကျားနှင့်တွေ့တိုင်း အနိုင်ရခဲ့သော ကျားမုဆိုးကိုကျော်သန်းမှာ ယခုတော့ ကျားက လက်ဦးသွားချေပြီ။ မုဆိုးချင်းညီးမစောင့်၍လော၊ တောတောင်၏ ဒဏ်ခတ်ခြင်းလော၊ ကျွန်တော်တို့ မသိနိုင်တော့ပါ။ ကျွန်တော်တို့အဖွဲ့ နေ့လယ်စာပင် မစားနိုင်တော့ဘဲ တစ်က ဆရာဦးအောင်ကြီးတို့အဖွဲ့ကို အကြောင်းကြားပြီး တောနင်းရှာဖွေရပါတော့သတည်း။ ။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com



| ၁ |

❑

ရင်နှလုံးတို့က ပေါက်ကွဲထွက်လုမတတ် တဒိုင်ဒိုင်း ခုန်နေသည်။ မျက်ဝန်း၌ မြင်နေရသည့် အရောင်၊ အရိပ် 'မြင်နိမိတ်'တွေကိုလည်း ဘဝင်မကျချင်။ အနက်အဓိပ္ပာယ် မည်သို့ရှိလေမည်မှန်းလည်းမသိ။ မဂောက်မယူတတ်။ သို့သော်ငြားလည်း၊ နှလုံးဝမ်းဗိုက်ထဲ အရေးကိစ္စ တစ်စုံတစ်ရာနှင့် ကြုံလေဦးတော့မည်မှန်း အတပ်သိနေ၏။

မြင်ကွင်းသည် သွေးပင်လယ်။

နီစွေးရင့်မောင်းသော သွေးရည်သွေးစက်တွေဖြင့် ဖုံးတည်မြစ်ထွန်းနေသည့် တမျှော်တခေါ် မျက်စိတစ်ဆုံး သွေးပင်လယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်သွေးစက်သွေးရည်တွေကိုမှ တရှန်းရှန်း တအုန်းအုန်း အလုအယက် ခုံခုံမင်မင် အာသာငန်းငန်း စုပ်မြိုကိုက်ခဲ စားသောက်နေကြသည့် ကျီးအုပ်။ မြင်မြင်လေသမျှ ဝန်းကျင်မြင်ကွင်းတွေကို မည်းမည်းလှုပ်မျှ ဝိတ်ဝိတ်သည်းသည်း မှောင်ခြင်းကြီးကျလေအောင် ဆို့ဆို့နေလေသည့် ရောမ ကျီးအုပ်ကြီး။

သွေးပင်လယ်ကြီးအပေါ်တွင် ဟိုမှသည်၊ သည်မှဟို အုတ်အုတ်အဲအဲ ဝဲကြပျံကြ၊ လုကြယက်ကြ၊ ထိုးကြသုတ်ကြ၊ ရှုပ်ယှက်ခတ်နေသည့် သွေးပျက်ချင်စရာ ရှုခင်းကြောင့်၊ သူ့ရင်တွေပူ၊ အာခေါင်တွေခြောက်၊ စိတ်နှလုံးများ နောက်ကျိညစ်ထေး၍လာ၏။

တည်နေသည့်နေရာ၌ ခြေအစုံကိုရပ်ရင်း အရွေ့အရှား မပြုနိုင်။

သည်နေရာကို စွန့်၍ 'ရှောင်ပြေး' လိုသော်လည်း သည်သွေးညှီရှုခင်း၊ သားစားကြူး သရဲမင်းရဲ့ ကျီးကန်းအုပ်ကြီးကြောင့် လှုပ်၍မရ။ တိုး၍မနိုင်။

"ဟင် …"

ငှက်သရဲတစ်အုပ်သည် သွေးညှီနံ့တို့ဖြင့် ပေလူးလိမ်းကျံထားသလိုဖြစ်နေသည့် သူ့ကို သားတစ်,တစ်တုံး အမှတ်ထားလျက် ပျံပတ်ရံ၍ ဝိုင်းလာနေကြ၏။ ထိုးမည်၊ သုတ်မည်၊ စားမည်၊ သောက်မည်၊ နိဂုံးကား သေခြင်း၊ မရဏတရား။

"ဘုရား … ဘုရား … ဘုရား"

ဖြစ်လိုရာ ဖြစ်စေတော့ဟု ကံကိုပဲ ပုံအပ်ထားလိုက်မိတော့၏။ မျက်လွှာကို စေ့စေ့ပိတ်။ အာရုံကို ငြိမ်အောင်ပြု။ 'ဗုဒ္ဓဘုရားရှင်အရဟံဂုဏ်တော်' တွင်ပင် စိုက်၍တည်အောင် …



"အလို …"

ဖြူဖွေးဝင်းလက်သော အလင်းရောင်တန်းကြီး။

မဟုတ်တတ်သေး။ ဖြူဖြူဖွေးဖွေး အလင်းထုကြီးတစ်ခုက ငှက်သရဲ ကျီးကန်းအုပ်အလယ် တန်းခနဲ မိုးကြိုးလျှပ်စီးတစ်ခုနှယ် ထိုး 'စိုက်ကျလာပြီး မည်းမည်းမှောင်သော ကျီးနက်အုပ်ကို လေပွေမုန်တိုင်းကြီးမွှေ့လိုက်သလို ဖယ်ရှားရှင်းလင်းနေတော့၏။

တိုက်ပွဲ။

ဟူးဟူးလျှင်လျှင် ပြင်းထန်ရက်စက်သည့် နှစ်ပက္ခ၏တိုက်ပွဲ။

သွေးပြင်ပင်လယ်အနံ့ သိဝ်သိဝ်သည်းသည်း ကျီးငှက်မည်းမိစ္ဆာတွေနှင့် ….

"ဗျိုင်းတွေ … ဗျိုင်းတွေ .. ဗျိုင်းတွေပါကလား"

တစ်သုတ်ပြီးတစ်သုတ်၊ တစ်အုပ်ပြီးတစ်အုပ် ဖွေးခနဲ လင်းခနဲ ဗျိုင်းအုပ်ကြီးတွေ ဖြိုကျလာနေ၏။

အဖြူနှင့်အမည်း။

အလင်းနှင့်အမှောင်။

သည်းကြီးမည်းကြီး ရှုန်းကန်တွန်းထိုး တိုက်ခိုက်ကြသည့် ကမ္ဘာပျက်ခမန်းတိုက်ပွဲ။ အလင်းတစ်ရစ်၊ အမှောင်တစ်ထစ် ရစ်ပတ်လိမ်ယှက်။

"ရွှေ … နိုဝ်ဟ၊ ကောင်းလိုက်။ မင်္ဂလာရှိလိုက်တဲ့ အိပ်မက်ပေလားဟဲ့ ကံကောင်းရဲ့၊ "ကျီးနံ့ကုလား၊ ဗျိုင်းကားမြန်မာ၊ နံမှာအလို၊ နရိုယာယီ၊ ကိန်းနှစ်လီတွင်၊ ယာယီကျီးကန်း၊ ပျံပြန်းကုလား။

www.burmeseclassic.com

www.burmeseclassic.com



ထွားထွားကြေညက်၊ ပျက်မည့်အကြောင်း၊ လုံးပေါင်းပြီးစီး၊ ခရီးမကြာ၊ အောင်မြင်ရာ ... တဲ့ဟဲ့''

''ဟုတ်ကဲ့လား ... အဘိုးလေး''

''ဟုတ်သမှ 'ဟုတ် ... ဟုတ်'တောင် မြည်သေးမောင်။ ကျီးနဲ့ ဗျိုင်းခွပ်လို့ ကျီးအတောင်ကျိုးကိုဖမ်းရတဲ့ နိမိတ်ကြောင့် ဟောဒီမိစ္ဆာ ကုလားဖြူ ကုလားမည်းတွေကို တို့မြန်မာတွေ နှိမ်နင်းအောင်မြင်ပြီး ဆုံးရှုံးခဲ့တဲ့ 'လွတ်လပ်ရေး'ကို အရယူဖို့ စခန်းမဝေးတော့ဘူးကွယ့် ... လူကလေးရဲ့''

''ဝမ်းသာစရာပ အဘိုးလေးရယ်''

''အေး ... အေး ... အေးကွယ့်။ ဒီလိုရှိတယ် လူကလေးရဲ့ ...''

ကြွက်ကြီးတွင်းအောင်း၊ ကြွက်ငယ်လောင်း၊ ရုံးပေါင်းတွင်းကို ဖျက်လိမ့်မည်။

ကျောင်းတစ်ဆယ်ကျော်ကို၊ ရှင်ငယ်တစ်ယောက်စားလိမ့်မည်။

အကျီခါးတို၊ လူပျိုအမတ်များလိမ့်မည်။

ယင်းသောအခါ၊ မိုးမရွာ၊ အစာငတ်၍ ရှားလိမ့်မည်။

ငတ်မြစ်ကူးတို့၊ လူမပို့လည်း၊ ကူးလိမ့်မည်။

ကြွက်မင်းပြေးစွာ၊ မဖွိုမာသို့ ရောက်လိမ့်မည်။

ပျုနှင့်တလိုင်း၊ ဖေင်ရိုင်းသို့ ပြုလိမ့်မည်။

ကြွက်မင်းတတန်၊ တွင်းသို့ပြန်သော်၊ အကြဲတွင်သစ် ရှားလိမ့်မည်။ ကြမ္မာကုန်အံ့ မချုတ်ပြီတဲ့။ ရှေးက သိုက်စာခတ်ဟောင်းရှိခဲ့သလေ။ တိုင်းပြည်ပျက်အံ့သော အတိတ်ကြီးနိမိတ်ကြီးတွေလည်း



အထင်အရှားပြ၊ ခါတ်လေးပါးလည်း ချောက်ချား၊ မိုးကလည်းခေါင်၊ သတ္တဝါတွေလည်း ငတ်မွတ်ပင်ပန်း။ အိမ်း ... မကြာခင် အခါကြီး ပျက်လိမ့်မဟော့။ ဒီတစ်ချီတော့ မြန်မာဦးစွန်းတံခွန် ပြန်ထူနိုင်လွှင့်နိုင်နေပမယ့်''

''ပျော်စရာကြီးပနော် ... အဘိုးလေး''

''ကြောင့်ကြမဲ့ ပျော်နေရုံနဲ့တော့ဖြင့် ဘာကမှ နေရာကျလာမှာ မဟုတ်ပေဘူး လူရေ။ 'ဘုန်းစွမ်းနဲ့လူစ' ပြုသင့်တဲ့အချိန်မှာ ဟုန်းဟုန်းထစေမှ အရေးအခါသာရမှာကပဲ''

''ရော် ... ဘာတွေများ လုပ်ရဦးမှာမို့လဲ အဘိုးလေးရာ။ အရှုပ်ကို ညွှန်းစမ်းခိုင်းစမ်းပ။ 'ကျွက်လေ့'ရဲ့ သွေးမို့ ရဲပါသဗျ။ အမျိုး၊ ဘာသာ၊ သာသနာအတွက်ဆို မြင့်မိုရ်တောင်ကြီးကို ဖြိုဆိုလည်း အရိုးကြေကြေ၊ အရေခန်းခန်း ဦးဆောက်ကျွမ်းပြန်ချမှာပဲခင်ဗျာ''

''အိမ်း ... ဟုတ်ပါပြီလေ။ သည်လောက်ကြီးလည်း မလိုသေးပါဘူး။ နို့ပေတဲ့ 'ကုလားကိုနိုင်လို စဖိုမှာ မီးထည့်၊ ဝသဲ့တောင်ကို ထီးတင်၊ ကုလားကိုရှင်ပြု' တဲ့ဟဲ့။ တဘောင်စနည်း ရှိဖူးရဲ့။ ကုလားမည်း ဆင်ဟာလီတွေ မုတ်ဆိတ်၊ ဆံပင်ကို ပေါင်းထုပ်မှာထားတယ်မဟုတ်လား။ ပန်ချာပီကုလားတပ်ကို နှိပ်ကွပ်ရမယ်ပြောတာ။

'ဝသဲ့တောင်ထိပ်'မှာ နံတော်ဘုရားတည်၊ 'ကုလားကိုရှင်ပြု' တားအရ ကုလားရှိသမျှ ဆံပင်မထား၊ ခေါင်းတုံးရိတ်ပစ်ရမယ်တဲ့ကွယ့်။ ဂျွန်မင်းရာဇသေနာပတိက ကုလားဖြူ၊ ကုလားမည်း မိစ္ဆာကုလား၊ 'နဂါးမျိုး' တွေကို နှိမ်နင်းမဲ့ ဒီအရေးမှာ ကိုရင်ဒီကောက်ဆော့ စွမ်းဆောင်နိုင်ရဲ့ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"အစီအရင်တွေကိုသာမိန့်ပါ အဘိုးလေး"

" မှန်း ... အိမ်း ... သည်ကနေ့က 'အလံတောင်အောင်မြေ' မှာ နံတော်ဘုရားတည်ပြီး ရွှေထီးတော်တင်မယ့်နေ့ကပဲ။ ကိုင်း သည်လိုလုပ်။ နဂါးမျိုးကုလားကောင်တွေ 'အလံတောင်အောင်မြေ' ဘက် ဆီ ခြေဦးမှ မတော်နိုင်ရအောင် ... သည်လို၊ သည်ပုံ ...."

အဘိုးလေးသန့်၏ တီးတိုးစကားတွေက ကံကောင်းနှလုံးသား ထဲ မြားတွေနှင့် ပစ်ခွင်းထိုးစိုက်နေသည့်နှယ်။

တဖြည်းဖြည်းချင်း သူ့မျက်ဝန်းတွေ ဝင်းဝင်းတောက်လာ သည်။ သူ့နှလုံးသွေးတွေ ပွက်ပွက်ကျိုက်ကျိုက် ဆူလာနေသည်။

အံကို တင်းတင်းကြိတ်လိုက်၏။

အာရုံ၌ ငွေမျိုင်းပြူးစွန်ရဲသုတ်နှင့် ကျီးမည်းခြေကျိုးတွေ ထင် လာသည်။

"သူ့နိုင်ငံသား ... သံမှုန်စားမှ
တို့စားတုံးမည်
မှတ်တော်တည်လော့ ... တဲ့၊
'ကံကောင်း' လာပြီဟေ့"

✿ ✿ ✿

| ၂ |

❑

'စိန်ကန့်လန့်'တော။

ပဲခူးရိုးမခြေရင်းတွင်း ဝပ်စင်းတည်နေ၍ တောတောင်ကုန်း ခင် လျှိုမြောင်ချောက်တို့ဖြင့် ထူပြောနက်ကျယ်လှသည့် ဝက်ရဲတော ကြီး။ အထက်အညာဆီ၌ 'မဟာမြိုင်တောကြီး' နာမည်ဟီးလှသလို သည် 'စိန်ကန့်လန့်တောကြီး'ကလည်း သည်နယ်တစ်ခွင်တွင် ဟိုးဟိုး ကျော်။

၁၈၅၂ ခုနှစ်၊အင်္ဂလိပ်–မြန်မာဒုတိယစစ်ပွဲကြီး ပြီးဆုံးခဲ့ပြီး နောက် မြန်မာမင်းပိုင်နက် နယ်မြေများအား အင်္ဂလိပ်နယ်ချဲ့တို့ ကိုလို

www.burmeseclassic.com



နီမြို့ သိမ်းပိုက်ပြီးကတည်းက 'ဘုံဘောဘားမား သစ်ကုမ္ပဏီကြီးက မြန်မာပြည်ဘုရင်ခံထံ 'ဂရန်ခံ' ၍ သစ်အကြီးအကျယ် ထုတ်လုပ်ရာ တောကြီးကန္တာ။

သစ်စခန်း၊ ဆင်စခန်းများမှလွဲ၍လည်းကောင်း၊ တောခြေ၊ တောစပ်၌ တောကိုတောင်ကိုမှီ အသက်မွေးကြသည့် ဧပုဒ်ရွာသိမ်ကလေးများ တစ်ရွာတစ်လေသာ ရှားတောင့်ရှားပါး တွေ့ရတတ်သည့် တောကြီးဖြစ်၏။

ရိုးမ၏အရိပ်ကို ခို၍ သစ်ကြီးဝါးကြီး၊ တောကြီးတောင်ကြီးတွေ ဖင်လုံးထဝ်မျှ ကိုင်းချင်းယှက် ဟီးဟီးထနေဘိသကဲ့သို့၊ ချုံနွယ်ပိတ်ပေါင်း ကိုင်းတော၊ ဘွေးတော၊ မျိုက်တောတွေလည်း ရှုပ်ရှုပ်ထွေးနေ၏။

တောအစတွင် ကျွန်းချောင်း၊ အစုကြီးချောင်းဝတို့ကို ဗဟိုပြု၍ ချွေးဟောင်ကုန်းစခန်း၊ ကျစ်ရို့စခန်း၊ နမ့်မဲချောင်းဆင်နာရှုံတို့ ရှိသလို လယ်တီဆရာတော်ဘုရားကြီး ဝါတော်စဉ် တစ်ဝါဆိုခဲ့ဖူးသည့် 'ဖက်တန်းတောရ'မှတစ်ဆင့် ရကျွမ္ဘူတင် ဆောက်တည်ကျင့်သုံးခဲ့ရာ 'ဓူတင်ချောင်' ကျောင်းသခ်မ်းကလေးလည်းရှိ၏။

'ဆင်နာရှုံ' . . . တဲ့။

'ဘာများပါလိမ့်' ဟု တောင်တောင်အီအီ တွေးချင်စရာ၊ တကယ်တမ်းက 'ဆင်ဆေးရုံ'ကို ခေါ်ခြင်းဖြစ်၏။ အိုမင်းမစွမ်းတော့၍ သစ်ထုတ်လုပ်ငန်းခွင်မှ အနားပေးထားရသည့် ဆင်အိုကြီးများ၊ ယာယီနာမကျန်းသည့် ဆင်များ၊ လုပ်ငန်းခွင်၌ ထိခိုက်ဒဏ်ရာရသည့် ဆင်များကို ဆေးဝါးကုသ ပြုစုစောင့်ရှောက်ပေးရာ စခန်းကလေးဖြစ်၏။





ယခု တစ်ရက်နှစ်ရက်သားတွင် နမ့်မဲချောင်းထိပ် ဆင်နာရှုံဆင်စခန်းကလေးက တော်တော်စည်နေ၏။

သရက်မြို့မှ 'ကျားအရေးပိုင်ကြီး'ဟု နာမည်ကျော်သော မျက်နှာဖြူအရေးပိုင်ကြီး မစ္စတာဘာရောင်းနှင့် တောပစ်မုဆိုးအဖွဲ့ စခန်းချနေကြခြင်းကြောင့် အုတ်အုတ်ကျက်ကျက် မစည်းစဖူး ထူးထူးလည်လည် စည်ကားနေရခြင်းဖြစ်၏။

သရက်ခရိုင် အရေးပိုင်ကြီးနှင့်အတူ အာဖရိကတိုက်၌ ရွှေတွင်းများတူးဖော်နေသည့် ရွှေတွင်းသူဌေးသား မစ္စတာကရွှန်းနားတို့အဖွဲ့တွေပါ ပါလာခဲ့ရာ တောပစ်မုဆိုးအဖွဲ့ထက် သူတို့ကို ပိုင်းဝန်းကူညီ ပြုစုယုယမည့် ခြွေရံသင်းပင်းတွေက တစ်အုပ်တစ်မကြီး ဖြစ်လျက်နေတော့သည်။

သာယာဝတီ သစ်တောအရေးပိုင် မစ္စတာစကော့တို့ လူသိုက်၊ ခင်းလှုဂတ်တဲမှ စာသင်ကြီးဂရစ်တို့ ပုလိပ်သားတစ်စုတစ်ဖွဲ့၊ မဂ်လာဒုံ ပန်ချာပီတပ်မှ တပ်ကြပ်ပရစ်ချက်နှင့် လက်နက်ကိုင် ပန်ချာပီတပ်စိတ်အလေး မစ္စတာကရွှန်းနား၏ အိမ်တော်ထိန်းနှင့် ကုလားအစေခံအဖွဲ့၊ အသခံတောလိုက်မုဆိုးများ ပတ်ပတ်ရံလျက် ပျော်စရာကောင်းလောက်အောင်ပင် ပိုင်းကြီးစည်နေလေ၏။

"ဘယ့်နှယ်လုပ် ပျော်စရာကြီးရမလဲ . . အဘရာ။ ဟိုသူဌေးသားကလေးနဲ့ သူ့လူတစ်သိုက် တောလည်ရင်း ခရီးကျွံသွားလို့ ပျောက်နေသတဲ့ ကျားအရေးပိုင်ကြီးနဲ့ ဆင်စခန်းက ဗိုလ်ကြီး မစ္စတာမောရစ်ဆန်တို့ ယောက်ယက်ခတ်နေကြပြီ။ တောစနဲ့သွားရိုးသွားစဉ် နေရာဆိုင်ခင်းတွေ တစ်ဝိုက်ဆီလည်း ရှာထားဖွေထားတာ ထပ်ထပ်ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



နေတာတောင် မတွေ့သေးဘူးတဲ့။

"ဟုတ်ရဲ့လား ... တောကျော်ရာ"

"ဟုတ်တယ် ... အဘရဲ့။ ခွေးဟောင်ကုန်းစခန်းဟောင်း ဟိုဘက် ကညင်ပင်ညီနောင် ချပ်တောတစ်ပိုက်မှာတင် ပျောက်ချက် သားကောင်းနေတာတဲ့ဗျ။ အဲဒါထက် အဘရေ ... ကျုပ်တော့ ဟို ကိစ္စကြီးကို သိဝ်သက်ာရန် မကာင်းချင်းဘူးဗျ။ အဲဒါကြီးနဲ့များ ဆက် နေသလားလို့"

"ဘာလဲဟ ... ပြောစမ်းပါဦး။ ဟိုတစ်ခါ 'ရှုတင်ချောင်'မှာ တစ်ပါးတည်း ကေစာတရားကျင့်နေတဲ့ ဘရသေ့ကို ဒရယ်ထင်ပြီး သေနတ်နဲ့ပစ်မိလို့ ကျည်မထွက်ဘဲ သူ့တစ်ကိုယ်လုံး ယားယံ၊ မီးလောင် ဖုကြီးတွေပေါက် လူးလိမ့်နေခဲ့ရတဲ့ ကျားအရေးပိုင်ကြီးကိစ္စလား။

အဲဒါက ပြီးခဲ့ပြီကောကွ။ မင်းလုက သစ်စက်သူဌေး ဗိုးဌေး ပြောတို့ လူသိုက်နဲ့အတူ အုန်းပွဲ၊ ငှက်ပျောပွဲတွေနဲ့ ဝန်ချတောင်းပန် လိုက်လို့ အကောင်းပကတိ ဖြစ်ခဲ့ပြီပဲဟ"

"ဟုတ်သေးဘူး ... ဘရဲ့။ ကျုပ်ပြောတာ အဲဒါမဟုတ်သေး ဘူး"

"ဘာလဲဟ"

"ဟိုအကောင် ပဲ့ချိတ်ရွှေတီးနဲ့ ကံချွန်ရယ်၊ အောင်မောင်း ကြီးရယ် တိုးတိုးတိတ်တိတ် ကျုပ်တို့ဆင်စခန်းတွေဘက် ပတ်ပြီး လှုပ် နေတဲ့ ... ဘာ ... ဟိုဟာဗျာ ... အတ္တ ... အတ္တ ..."

"ရှိ ... ဆရာစံကြီးရဲ့ 'ဂျွန်တပ်'ဖွဲ့တဲ့ ကိစ္စလားဟ"

"ဟုတ်တယ် ... အဘရေ ... ဟုတ်တယ် အဲဒါပြောမလို့





ခါးစပ်များတွင် ပျောက်နေလို့ဗျ"

"အေး ... ပြောပါဦး။ ဘာထူးသတဲ့လဲ။ ဆင်ခေါင်းကြီး ဖိုးကြာဖဲနဲ့ ဆင်ဦးစီး စောဂါကိုးတို့နဲ့တော့ တစ်ခါ စကားဆုံဖူးသား။ နို့ ပေမဲ့ သူတို့ပြောတာ သဲသဲကွဲကွဲ၊ ရေရေရာရာ ရှိပေါင်ကွာ။ လုံးလည် ချာပြားကို လိုက်လို့။ အင်္ဂလိပ်မင်းကို ခံတိုက်မလို့ဆိုတာလည်း ပါရဲ့။ လယ်သမားအရေးတော်ပုံဆိုတာလည်း ကြားရဲ့။ နေဦး 'စပါးတစ် တောင်း ငါးပဲ ... ကုလားခေါင်း ငါးပဲ' ဆိုတာတောင် ပါလိုက်ချည် သေး"

"အဲဒါပြောတာဗျ ... ဒီကနေ့ 'ရှုတင်ချောင်'တဲ့စုမှာ သာယာ ဝတီက ဆရာစံဂျွန်အဖွဲ့တွေ တရားဟောရင်း ဂျွန်တပ်ဖွဲ့ရင်း၊ သစ္စာ ပေးရင်း လာကြမတဲ့ဗျ။ အထူးသဖြင့် ဆင်သမားတွေ၊ ဆင်ပိုင်တွေ၊ သစ်ခုတ်သမားတွေက ကုလားဖြူနှာခေါင်းရှည်တွေရဲ့ စီးပွားရေးဖြစ် တဲ့ သစ်လုပ်ငန်းကြီးရပ်သွားအောင် သပိတ်မှောက်ကြဖို့နဲ့ 'ဂျွန်တပ်' တိုက္ခညီဖို့၊ မကူညီနိုင်ရင်တောင် အင်္ဂလိပ်အလိုတော်ရိ' မလုပ်ဖို့ တရား ဟောကြမလို့တဲ့"

"ဖြစ်မှ ဖြစ်ရလေကွာ ...။ သစ်သမား၊ ဆင်သမားတွေကို သစ်လုပ်ငန်း မလုပ်ကြနဲ့ဆိုတော့ 'နင်တို့ ငတ်သေကြ' လို့ပြောတာနဲ့ ဘာထူးတော့လို့တုံး ... ဟကောင်ရ။ ဘယ်လိုကြီးတုံး"

"တစ်တိုင်းတစ်ပြည်လုံးက လယ်သမားတွေလည်း ငတ်နေ ကြမှာပဲ အဘရ။ 'ငရဲကလူ ပြာပူမကြောက်၊ မုဆိုးခြေထောက် ဆူး မကြောက်ပဗျ' သာယာဝတီ ဦးညောယျ ကိုယ်တော်ကြီးကတောင် သူ့ တရားပွဲတိုင်း 'လက်သဲဆိပ်ရင် လက်ထိပ်နာကြရမယ်'လို့ ဟည့်ထည့်



www.burmeseclassic.com

www.burmeseclassic.com



ဟောသတဲ့''

''အေး . . . ပါးစပ်ကတော့ဖြင့် ပြောကြတာပဲပေါ့လကွာ။ ဟို 'ရသေ့ကြီး ဦးစံသိမ်းဆိုရင် သူ့တရားပွဲတွေမှာ' နိဗ္ဗာန်မလိုချင်သေးဘူး။ ခုနေခါများ ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင် မြန်မာပြည် လွတ်လပ်ရေးပဲ ရချင်သဟဲ့' လို့ချည်း ကြိတ်နေတော့တာဟ။ တို့တွေလည်း 'နေသေးသပ ချုံထဲက၊ ချိုသွေးသမှ တမြမြ' လို့ ကြိမ်းပြီး 'ပုဆိုးခြုံထဲက လက်သီးပြ' နေကြရတာပဲလေ။ ဟုတ်ဖူးလား . . . ချီး''

''ဒီတစ်ခါ တကယ်ဆော်ကြမှာတဲ့ အဘရေ။ ရွှေတီးတို့ကောင်တွေတောင် သစ္စာရေ သောက်ပြီးသွားကြပြီ။ 'ပြီးဆေး'တွေ ထိုးထားလိုက်တာလည်း ရင်တစ်ခြမ်းလုံး ရဲဗတောင်းခတ်လို့ဗျ။ အော်င်မောင်းကြီးကဆို အာစလျှာစလည်းရှိ၊ ပွဲကျောင်းထွက်၊ ဗန်တိုဗန်ရှည်ကလေးလည်း၊ အနည်းအကျဉ်း တီးခေါက်မိတော့ 'တပ်ဗိုလ်'တဲ့ဗျ။ 'ဂျူန်တပ်တပ်ဗိုလ်'တဲ့။ ခန့်ချက်ဗျာ။ ကြားရရုံနဲ့ နားကြောစိမ့်လိုက်ပ''

''နတ်က,ရော၊ ကျီးမော့မနေနဲ့ ဟဲ့ကောင်။ အရေးဆိုမှ ပြေးပေါက်မှားပြီး 'မသာဘယ်ဈေးလဲ' ဖြစ်နေဦးမယ်''

''လုပ်ပြီ . . . အဘတို့က ဗမာ့သွေးဖြစ်ပြီး သွေးနည်းရန်ကော''

''နေဦး . . . ဟဲ့ကောင်။ အဲဒီ 'ဂျူန်တပ်'နဲ့ ဟိုရွှေတွင်းသူဌေးသားကလေးတို့ ပျောက်နေတာနဲ့က ဘယ်လိုပတ်သက်လို့တုံး''

''ရော . . . တို့အဘတော့ တောကြိုအုံကြားမှာပဲနေပြီး နားပေါက်ဆို့ နားပင်းနေချေပြီ။ သင်းတို့အစုတွေ မနေ့ကတည်းက 'မှ





တင်ချောင်'ဘက် တောလည်သွားရင်း ကညင်ပင်ညီနောင်ချပ်ဘက်မှာ စုံးစုံးမြုပ်ပျောက်နေတယ် ပြောပါတော့''

''အေးလေ . . .''

''ရွှေတီးအပြောတော့ ဒီ 'စိန်ကန့်လန့်' တောတစ်နယ်လုံးက ဂျူန်တပ်ကိုသစ္စာခံမယ့် တပ်ဗိုလ်တွေ၊ သွေးသောက်တွေကို ကညင်ပင်ညီနောင်နဲ့ တစ်မြောင်ကျော် 'ဘိုးတော်ကြီးမျက်စဉ်းကွက်' နဲ့ 'နတ်ရေတွင်း'မှာ သစ္စာပေးကြမတဲ့။ ဆရာစံကြီးရဲ့ လက်ထောက်ရဟန်းဘွဲ့ 'ဦးအာသဘ' လူအမည် 'ဆရာဉာဏ်'ကြီး ကိုယ်တိုင်ကြွလာမတဲ့ . . . ဘရဲ့''

''အိမ်း . . . အဲတော့ . . .''

''ဒီကုလားဖြူကြေးရတတ်အုပ်စုနဲ့ သူ့လက်ပါးစေတွေကများ အဲဒီကိစ္စကြီးနဲ့ ထိပ်တိုက်တိုးမိကြလို့ တစ်ခုခုဖြစ်ကုန်ကြပြီလားလို့''

''ဟေ . . .''

''ဂျူန်တပ်ထဲမပါပေမယ့် ''ဂန္ဓီရက်ကောင်း' ဆိုတဲ့ တစ်ကိုယ်တော် သိဒ္ဓိရှင်မောင်ကလည်း အရေးဆိုပေါ်ပေါ်လာပြီး ကုလားဖြူကုလားမည်းတွေကို နှိပ်ကွပ်တတ်သေးသတဲ့ . . . ဘရဲ့''

''ရော် . . . အဲသလိုချည်းတဲ့လား''

''ဟုတ်ကဲ့ . . . ဘ''

''သလိုဆိုရင်ဖြင့် . . . ကျားနဲ့ဆင် စိန်ကန့်လန့်မှာ တွေ့ကြပြီပေါ့''

''ဂျူန်နဲ့ကုလားပါ ဘရယ်''

''အေးဟေ့ . . . ဟုတ်ပ''



www.burmeseclassic.com

www.burmeseclassic.com



တောကျော်နှင့် သူ့အဘ အဘိုးကြီးတို့ညှပ်တို့မှာ သူတို့အတွေးတွေနှင့် သူတို့ အူမြူးနေကြလေ၏။

'စိန်ကနိုလန်' တောကြီးကား မတုန်မလှုပ်ကြီး ငြိမ်ဆိတ်နေသည်။ သူ့မျက်စိအောက်၌ အရေးအခင်းကြီးတစ်ခု ဖြစ်လာမည်ကိုလည်း တွေးယောင်မိပုံမရ။

တောကြီး၏ရင်ခွင်ကို မှီလာကြသည့် လူသားသတ္တဝါများသာလျှင် သူတို့အရေးနှင့်သူတို့ အာရုံများနေကြလေ၏။

✿ ✿ ✿

BURMESE CLASSIC

| ၃ |

❑

"ကဲ ... လူကြီးမင်းတို့ ပြဿနာတွေကတော့ တစ်နေ့တခြား မန်းလေပြလေဆိုသလို မဆုံ့ရင်ကန် ဖြစ်လာနေပြီ။ လွှတ်တော်ထဲမှာရော၊ စာနယ်ဇင်းတွေကပါ 'ခွဲရေးတွဲရေး' နဲ့ 'လယ်သမားအရေး' ပြဿနာတွေကို မီးပုံကြီးဆွတဲ့အတိုင်း ဟုန်းဟုန်းထအောင် ဆွပေး၊ ဆူညံပွက်လောရိုက် ဘောတီးနေကြတုန်းမှာ အရေးထဲအရာပေါ် ကျုပ်တို့သာယာဝတီတိုက်နယ်က အဲဒီလိုပြဿနာမျိုးတွေချည်း နီးစပ်စွာ ကြားနေရတော့ ကျုပ်လည်း ရူးချင်လာမိရတော့တာပဲ"

"ဟုတ်ကဲ့ ... ဝန်ကြီး။ ဘာတွေများ ဖြစ်ပြန်ပြီလဲ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အဂ္ဂရတ်ဆရာကြီး ဆရာစံနဲ့ သူ့တောင်သူလယ်သမား ကျေးတောသားတွေရဲ့ လျှို့ဝှက်ဆွေးနွေးပွဲတွေ၊ လက်ရုံးတပ်ဖွဲ့တဲ့ အရေးကိစ္စတွေ၊ 'တုတ်ပြီးဓားပြီးဆေး' 'ကိုယ်ခံဆေး' တွေကို တဝုန်းဝုန်း ထိုးကြနှံကြ ဗလောင်ဆန်နေကြတဲ့အကြောင်းတွေ ရှုပ်ယှက်ခတ်ထွေးနေတုန်း ဟိုဘုန်းကြီးကျောင်းသား 'ဂမ္ဘီရကံကောင်း' ဆိုတဲ့ လူစွာလူကျယ်တစ်ကောင်က မိုးပေါ်က ဖြုန်းဆို ပြုတ်ကျလာသလို ပေါ်လာပြန်သေးတယ်လေ"

"အဲဒါတော့ ဟုတ်ပါတယ် ... ဝန်ကြီး။ 'ဆရာစံ' နဲ့ 'လယ်သမား' တွေရဲ့ သွေးစည်းမှုက သာယာဝတီတိုက်နယ် အလံတောင်တစ်ပိုက်က ရွာကလေးတွေမှာထင်မကတော့ပဲ သရက်၊ မင်းလှ၊ ဒေးဒရဲ၊ အင်းကုန်း၊ နတ္တလင်းနဲ့ ပြည်ခရိုင်ထဲက ဒေသတွေအထိ ကူးစက်ပျံ့နှံ့လာနေပြီတဲ့"

"ဟုတ်သဗျို့ ... အိုင်ဆေးရေ၊ 'ဆရာစံ' နဲ့ အဲဒီ လူမိုက်ကံကောင်းဆိုတဲ့ ဘုန်းကြီးကျောင်းသား ဂမ္ဘီရကောင်ဟာ ဘယ်လိုဆက်နွယ် ပတ်သက်နေသလဲဆိုတာ စုံစမ်းဖော်ထုတ်ဆဲပေမယ့်လည်း ဆရာစံနဲ့ လယ်သမားအရေး' ကို ပိုပြီး ကြီးထွားလှုပ်ရှားလာအောင် တမင်မီးလောင်ရာလေပင့် လုပ်နေသလားလို့တော့ သံသယဖြစ်စရာပဲ ... ခင်ဗျ"

ပြည်ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာဖေဗီးယားနှင့် သာယာဝတီခရိုင် ရာဇဝတ်ဝန်ထောက်ကလေး ဦးမောင်ကလေး၊ မစ္စတာဖရင့်အိုကွန်နာနှင့် မစ္စတာဆင်းအိုဖာအိုလိန်းတို့ လေးဦးသား ဝန်ကြီး၏ ရုံးခန်းအတွင်း၌ အရေးပေါ် ခေါင်းချင်းရိုက်နေကြခြင်းဖြစ်သည်။





သာယာဝတီမြို့ပေါ်၌ 'ကျီးကန်းမ ချစ်တီးကြီးနှင့် မိန်းကလေး ဆယ့်သုံးယောက်ပျောက်ဆုံးမှု'၊ ပြည်မြို့ 'ရွှေဆံတော်' ဘုရားကြီး၌ 'စစ်ဗာရီတစ်စုနှင့် လူထုအဓိကရုဏ်း'၊ ၎င်းနောက် 'မီးအိမ်ခုနစ်လုံး စံအိမ်အမှုများ' ဆက်တိုက်ကြီးဆိုသလို ဖြစ်ပေါ်ကြုံတွေ့ခဲ့ကြပြီးသည့်နောက် 'ကံကောင်း'ဟူသော ဘုန်းကြီးကျောင်းသား လူထူးလူဆန်း တစ်ဦးသည် ရုတ်တရက် ချက်ချင်း 'ဟီးရိုး' ဖြစ်မှန်းမသိ ဖြစ်လာနေတော့၏။

တစ်ဖက်၌ မကြာမီကျင်းပတော့မည့် ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီး၏ သာယာဝတီမြို့တွင် ကျင်းပမည့် 'ဒါဘာပွဲသဘင်ကြီး' ၌ ဆရာစံဦးဆောင်သော လယ်သမားများက လယ်သမားများ၏ ကျပ်တည်းဆင်းရဲမှု ဒုက္ခများကို ဘုရင်ခံကြီးအား တွေ့ဆုံခွင့်တောင်းခံ၍ ပန်ကြားတင်ပြမည်။

တင်ပြချက်များကို လစ်လျူရှုခဲ့လျှင် ရရာလက်နက်စွဲကိုင်လျက် အတိအလင်း တော်လှန်ပုန်ကန်ကြတော့မည်ဟူသည့် သတင်းများကလည်း မကြားချင်အဆုံး သောသောရုတ်ရုတ် ညံစည်နေသည်။

"ကျုပ်တော့ ရူးချင်တော့တာပဲ။ မနေ့ညနေပိုင်းကလည်း 'တီးဘရားသား'က စပါးအဝယ်တော် မစ္စတာအော်စကာစလိတ်တား ပြန်ပေးဆွဲ ငွေညှစ်ခံရတဲ့ကိစ္စ၊ 'ဘုလုပ်ဘရားသား'နဲ့ 'အင်ဂလိုဘားမား' ကုမ္ပဏီစပါးအဝယ်ဒိုင်တွေက စပါးဖိုးငွေတွေ အလုခံရတဲ့ကိစ္စ၊ အာဖရိက ရွှေတွင်းပိုင်ရှင်သူဌေးသား မစ္စတာကရွှန်းနားနဲ့ သူ့ရဲ့အဖွဲ့တွေ မင်းလှဘက်မှာအမဲလိုက်ရင်း စုပ်စမြုပ်စ ရှာမရသေးဘဲ ပျောက်နေလို့ [illegible] ကြီးရုံးက လှမ်းပွက်ထားတဲ့ကိစ္စ ... အဲဒါတွေကလည်း ဘာမှ



www.burmeseclassic.com

စကားပြန်မရ။ ဒုက္ခပဲဗျာ ...''

''အင်စပက် တော်လက်စထရိတ်နဲ့ အိုင်ပီထိပ်တင်ညွှန့်တို့၊ အိုင်ပီမင်းခေါင်တို့ အင်စပက်တော် မတ္တင်နွန်တို့တော့ အပူတပြင်း လိုက်နေကြပါတယ် ဝန်ကြီး''

''ကိုင်း ... မစ္စတာ မောင်ကလေး။ ခင်ဗျား ဘာလုပ်နေသလဲ။ တဆိတ် ... ကျုပ်ကို ရှင်းပြစမ်းပါဦး''

''ဟုတ်ကဲ့ ... ဝန်ကြီးခင်ဗျာ။ မန်ကျည်းကုန်း ဘုန်းကြီးကျောင်းက 'ဆရာစံ'ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ အလံတောင်ကို သူ့တပည့်တပန်းတွေနဲ့အတူ ပြောင်းသွားတယ်လို့ သိရပါတယ်။ ရာဇဝတ်ကြောင်းအရ အရေးယူနိုင်လောက်တဲ့ လှုပ်ရှားမှုမျိုးမရှိသေးဘဲ တောလက်ကျေးရွာတွေအနှံ့ ဆေးလိုက်ကုပေးနေတယ်။ ဘုရားပြု စေတီပျက်တွေ ပြင်နေတယ်ဆိုတော့လည်း ...''

''ဒီအတိုင်းတိုင်း လက်ပိုက်ကြည့်နေရတယ်ပဲ ဆိုပါစို့''

''ဟုတ်ကဲ့ ... ဝန်ကြီးခင်ဗျာ''

''ဒါနဲ့ ဘုရင်ခံကြီးရဲ့ ဒါဘာပွဲလုပ်ဖို့က ဘယ်လောက်တောင် လိုသေးသလဲ''

''လာမယ့် ဒီဇင်ဘာ ၁၉ ရက်ဆိုတော့ တစ်ပတ်ဆယ်ရက်လောက် လိုပါသေးတယ် ဝန်ကြီး''

''ကြိုတင်ပြင်ဆင်မှုတွေတော့ တော်တော်လုပ်ပြီးပြီ မဟုတ်လား''

''ဟုတ်ကဲ့ ... ဝန်ကြီး။ သာယာဝတီအမတ်မင်း 'ဦးပု'နဲ့ အထက်တန်းရှေ့နေကလေး 'ဦးစော'ဆိုတာ တော်တော်အားကိုးရပါ





တယ်။ သူတို့တွေအကူအညီနဲ့ တော်တော်ပြင်ဆင်ပြီးပါပြီခင်ဗျ''

''အော ... ကျုပ်လည်း အဲဒီရှေ့နေကလေးရဲ့ သတင်းကို ကြားတော့နေမိသား။ အခု ခင်ဗျားတို့ပြောနေတဲ့ ဟိုအင်္ဂလိပ်ဆရာနဲ့ သူ့တပည့်တပန်းတွေရဲ့ အလုပ်တွေကို 'တောင်စဉ်ရေမရ အရှုးချေးပန်း အလုပ်တွေ' လို့ ပြောနေဆို၊ ဝံ့နှိပ်ဆန့်ကျင်ရေး ဟောပြောမှုတွေ လည်း လုပ်နေတယ်ကြားတယ်''

''ဦးပုက ၁၉၂၈ ခုနှစ် တတိယအကြိမ် နိုင်ငံအာဏာရွေးကောက်ပွဲ ပြီးကတည်းက သူ့ကို 'ဂန္ဓပု'လို့ခေါ်တဲ့ နိုင်ငံရေးသမားတွေကို ဆန့်ကျင်ရင်း ကျွန်တော်တို့အစိုးရဖက်ကို ယိုင်လာခဲ့တာဆိုတော့ နိုင်ငံရေး လောဘကြီးတဲ့ ရှေ့နေကလေး 'ဦးစော'နဲ့ အလွှမ်းသင့်သွားကြတာ ပေါ့။ အားကိုးရတဲ့ သူတွေပါပဲ''

''သူတို့တွေကတော့ လက်အငှားနဲ့ရိုက်ရမယ့် 'တုတ်'တွေပဲ မစ္စတာမောင်ကလေးရေ။ ခါးပိုက်ထောင်ထဲ အပိုင်သာထည့်ထား။ သိလား။

နို ... နေပါဦး။ လူကြီးမင်းတို့ရဲ့ မိတ်ဆွေရောင်းရင်းကြီး 'တံကောင်း' ရော ... ပျောက်ချက်သား ကောင်းလှပါတကား။ 'ပြည်' မှာတော့ အသံမကြားတော့ဘူးပဲ''

''ဟုတ်ကဲ့ ... ဝန်ကြီး။ ခုတစ်လော ငြိမ်နေပြန်တယ်ခင်ဗျ''

''အေးလေ ... အရိပ်ကိုအကောင်ထင်ပြီး လိုက်ဖမ်း၊ လက်ထဲရောက်လို့ ကြည့်လိုက်တော့ ဘာမှမဟုတ်။ အရိပ်ပဲဖြစ်နေ၊ အရိပ် သက်သက်ဆို တော်သေးရဲ့။ 'ဒုက္ခကြီးဖြစ်နေဦးမယ်နော်။ အကောင်းသွာ ဘလေးများလည်း ထားကြဦး''

www.burmeseclassic.com



ရာဇဝတ်ကြီးက စိတ်လေးလေးဖြင့် တွေးတွေးဆဆ ပြောလေ၏။

အိုကွန်းနားနှင့် ဆင်းအိုဖာအိုလိန်းတို့က မလှုပ်မချောက်။

ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးမှာမူ ရင်ကြီးတွေပူလျက်သောကဝန် ပိနေတော့၏။ နှုတ်မှလည်း 'ကံကောင်း . . . ကံကောင်း' ဟုသာ တိုးတိုးရေရွတ်နေမိလေသည်။

✿ ✿ ✿

[ ၄ ]

❑

မျက်စိရှေ့၌ အင်းပြင်ကျယ်ကြီးကို မြင်တွေ့နေရသည်။

'ခြေတော်ရာအင်း'ဟု ဒေသခံမြန်မာမုဆိုးတို့က ကျားအရေးပိုင်ကြီး မစ္စတာဘာရောင်းကို ပြောနေသံလည်း ကြားမိ၏။ မြေကြမ်းသည်၊ တောကြမ်းသည်ဟူသော အပြောအဆိုတွေကိုလည်း မကြားချင်အဆုံး။ နားမဆန့်အောင် ကြားနေရဆဲ။

အာဖရိကတောကြီးတွေတုန်းကလည်း သည်အတိုင်းတိုင်း။

ကြံ့၊ ဆင်၊ ခြင်္သေ့ စသည့် သားကောင်ကြီးတွေပစ်ဖို့ တောတစ်ခွင် တောင်အနှံ့ သွားခဲ့လည်ခဲ့ပစ်ခဲ့ဖူးပါ၏။ သူ့လက်စွဲတော် ၁၂ ဗိုး ပြောင်းချောနှစ်လုံးပြူးသေနတ် ကျေးဇူးတော်ဖြင့် မပစ်ဖူး မရှူးခဲ့သည့် သားကောင်ပင်မရှိဟု ဆိုနိုင်ခဲ့ပါ၏။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒေသခံအာဖရိကန် လူရိုင်းများ၏ အယူသည်းမှု အစွဲအလမ်းကြီးမှုများမှာ သည်းမခံနိုင်လောက်အောင်ပင် ပြင်းထန်လွန်းလှသည်။ ဇီဇာကြောင်၊ ဂျိုကျောင် ကျလွန်းသည်။ မည်သို့မျှ စိတ်ပျော်လက်ပျော်မရှိခဲ့။

ယခုလည်း လက်တွေ့မျက်တွေ့ ဒက်ထိကြီး ကြုံနေရပြန်ပြီ။

စိုင်၊ ပြောင်၊ ဆင်၊ ကျား စသည့် သားကောင်ကြီးတွေလည်း ပေါမျှား၊ ဂျီ၊ ဝက်၊ ဒေါင်း၊ ကြက်နှင့်ရစ်များလည်း တင်းကြမ်း။ လက်တည့်စမ်း လက်ယားဖြေချင်စရာ အလွန်ပင် အလွမ်းသင့်လှသည့် တောခွင်ကို ဝင်မိပြီးပါလျက် ဘာတစ်ကောင်တစ်မြီးမှ လက်ဆုပ်လက်ကိုင် မည်မည်ရရ မပြနိုင်သေး။ 'လွှဲချက်ကနာ' ဆိုသလိုချည်း ဖြစ်နေတော့၏။

ဇာတ်လမ်းက တောအဝင် ကညင်ပင်ညီနောင်အကျော် မြောင်စပ်ကတည်းကပင် စချင်ချင်။

"တောဝင်ရင် တောထုံးစံတောင်ထုံးစံ တောပိုင်၊ တောင်ပိုင်တွေပ,သပြီး အမဲတောင်းရတာ ရိုးရာပဲ သခင်ကြီး။ အဲဒါတွေ မလုပ်ဘဲနဲ့တော့ ကျုပ်တို့လည်း တောမဝင်ရဲဘူးခင်ဗျ"

"ဒေသခံ မုဆိုးခေါင်းဆောင် ဦးဘိုးစကြီးက သူ့ဒူးလေးကြီးကိုထမ်းလျက်သားက ဖီဖီခါခါငြင်း၏။

"ဟုတ်တယ် ... ခင်ဗျာ။ ဟောဒီ 'စိန်ကန့်လန့်' တောကြီးနဲ့ ဟောဒီ 'ဘိုးတော်ကြီးမျက်စဉ်းကွက်' အပိုင်ကို နှယ်နှယ်ရရမှတ်နေ ထင်ပါရဲ့။ တောကိုး တောင်ကိုးမှမလုပ်ချင်ဘဲ ဘယ်လိုအမဲပစ်ကြ





မှာတုန်း။ အဖိုးကြီး ဘိုးစရေ ... ကြည့်ကျက်များလည်း ပြောဦးဗျ"

ရိုးမတောတစ်ခွင် သူ့နားရွက်ရာချည်းဟု ကြွေးကြော်ထားသည့် 'စိန်ကန့်လန့်' တောဘုရင် 'ဖိုးအောင်ကျော်'ကလည်း အကြောက်အကန် နှုတ်လျှာပွင့်လာသည်။ မြန်မာပြည်တွင်အနေကြာ၍ မြန်မာကျေးတောနေတို့၏ ဓလေ့သဘာဝကို အပါးဝနေပြီဖြစ်သည့် သစ်တောအရေးပိုင် မစ္စတာစကော့ခများလည်း မျက်စိမျက်နှာပျက်နေပြီ။

"အိုင်ဆေး ... မစ္စတာကရွှန်းနားရေ့။ 'ရောမရောက်ရင် ရောမသားလိုကျင့်' ဆိုတဲ့စကားကို ကြားဖူးရဲ့လားမဟုတ်လား။ ကိုယ်ယုံကြည်ချင်နေ၊ သူတို့အယူ၊ သူတို့ဓလေ့ကိုတော့ဖြင့် မပိတ်မပင်သင့်ဘူး ထင်ရဲ့နော်"

တားတော့ တားကြည့်လိုက်မိသေး၏။ သည်ထက်လည်း ပို၍ မပြောချင်။ မြန်မာပြည်ပုလိပ်မင်းကြီး၏ အထူးဧည့်သည်တော်ဖြစ်၍ လည်း မင်းလုဂါတ်ထဲမှ စာသင်ကြီးဂရစ်တို့က တစ်လုံးတစ်ပါဒမျှ မပြောရှာ။ ရင်ထဲကမူ သိပ်မကောင်းချင်လှ။ တထင့်ထင့်။

ရန်ကုန်မြို့၊ သမာဓိမြို့ဝန်၊ 'ဘီအိုရသာဖျော်ရည် ကုမ္ပဏီ (B . 0. Syrup Co., Ltd)' ပိုင်ရှင် 'ဆရာစိန်'က သူ့အိမ်တွင် တည်းနေသည့် အထူးဧည့်သည်မို့ ဘေးဆီးရန်ကာ စောင့်ရှောက်နိုင်ရန် ထည့်ပေးလိုက်သည့် မင်းလုနှင့် ကြို့ပင်ကောက် သစ်စက်သူဌေး ဦးရာညွှန့်ကြီးလည်း လက်မှိုင်ချ။

"အရေးပိုင်ကြီးရေ ... အရေးပိုင်ကြီးကိုတော့ မျက်နှာလည်းပူ၊ အားလည်းနာပါရဲ့။ ဒီပုံအတိုင်းဆိုရင် ကျုပ်တို့တောမုဆိုးတွေတော့ တောမဝင်ဘူး။ ပြန်ကြတော့မယ်။ တောပိုင်တောင်ပိုင်တွေ



www.burmeseclassic.com

www.burmeseclassic.com



မကြည်ဖြူရင် တောမျောက်၊ တောခြောက် ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်လည်း တောကောင်မရဘဲ ဘေးအန္တရာယ်တစ်မျိုးမျိုးနဲ့ ကြုံကြရမှာ အမှန်ပဲခင်ဗျ''

''နေကြပါဦးလေ ... ကျုပ် ဖျောင်းဖျကြည့်ပါဦးမယ်''

သို့သော်လည်း မစ္စတာကရွှန်းနားက အသည်းကြီးကြီး၊ ခေါင်းမာမာ။ ဦးဘိုးစတို့၊ ဖိုးအောင်ကျော်တို့ တောမှုဆိုးအဖွဲ့ မြိုင်ခွင်အစကပင် လှည့်ပြန်သွားကြသည်ကိုလည်းမမှု။ သစ်ထုတ်လမ်း၊ ဆင်ဆွဲလမ်းများကို ကျွမ်းကျင်သည့် ဆင်ဦးစီးငချိတ်ကို ဆရာတင်၍ တောဝင်ခဲ့ကြသည်။

''တိန်''

ဆတ်တစ်ကောင် အနီးကပ်၍ 'တစ်' ပြီးပြေးသံ ကြားသည်။ ချိုကားကားနှင့် ဆတ်ထီးကြီးဖြစ်၏။ ပစ်ရန် ပြောင်းထိုးချိန်လိုက်သေးသော်လည်း သားကောင်က လှစ်ခနဲ ပျောက်သွားသည်။ 'နေနှင့်ဦး' ဟုသာ စိတ်ယားယားနှင့် ကြိမ်းလိုက်ရ၏။

''ရှူး ... ရှူး ... ရှူး''

မစ္စတာစကော့က တောသံပေးပြီး မျက်စပစ်ပြ၏။

သစ်ဆွဲလမ်းလမ်းရာ မြေပြောင်ပြောင်ကလေးအတိုင်း တောကောင်ကြီးတစ်ကောင် သူတို့ရှိရာ ဦးတည်၍ တလှုပ်လှုပ်လာနေသည်။

''ဟ ... ပြောင်ကြီးဟ။ ပြောင်ထီးခေါင်းကြီး''

သေနတ်ကိုပစ်ရန် အသင့်ပြောင်းထိုးချိန်လိုက်သည်။ ရင်ထဲ၌လည်း လှိုင်းထအောင် ဝမ်းသာနေမိ၏။ တောမှုဆိုးအဖို့ 'ပြောင်ပစ်မှုဆိုး'မှသာ မုဆိုးစစ်စစ်စာရင်း ဝင်နိုင်မည်မဟုတ်ပေလား။





''ဝေါ ... ဝေါ ... ဝေါ''

''ဟ ... ဟ ... ဘာသံကြီးလဲဟ။ လေမဆင်၊ မိုးမဆင်ဘဲ ဘာလို့ မှောင်ကြီးကျလာရတာလဲ''

''Bull .... Shit !''

''Oh! God''

ဘာမှန်းမသိသည့် 'ဝေါ' သံရှည်ကြီးက အော်မြည်လာပြီး ချက်တရက် မှောင်ကြီးကျလာ၏။ တောအလုံး သိမ့်သိမ့်တုန်။

ပြောင်ကြီးလည်း တစ်ချိုးတည်း နောက်ကြောင်းပြန်ပြေးတော့သည်။ ပစ်မှတ်ပျောက်သွား၏။ ဤမျှရှားပါးသည့် တောဘုရင်ကို အနီးကပ်တွေ့လိုက်ရသော်လည်း 'စားရကံကြုံပါလျက် မှတ်ဆိတ်ပျားမစွဲ' လိုက်ရ။ အမျိုးအမည်မသိရသည့် တောကြီးကန္တာ၏ ပရိယာယ်နှောင့်၍ သဲထဲရေသွန် ဖြစ်ရပြန်သည်။

''တောချောက်တာဟေ့''

''တောစိုးတောင်စိုးတွေက တမင် သတိပေးနေတာဖြစ်မှာ''

''ရှိတာကလေးနဲ့ တောတောင်ကို 'ကိုး' မှန်တူတယ် သခင်ကြီး''

''စိန်ကန့်လန့်နော် ... ရိုးတီးရားတားလုပ်လို့ ဒီတောထဲက ထွက်မသွားနိုင်ခဲ့တဲ့ လူတွေ၊ တောကြိုတောင်ကြား အရိုးခွေးခဲ့ရတဲ့ လူတွေ ဒုနဲ့ဒေးနော်''

သည်တချိတော့ ဆင်အဖွဲ့၊ သစ်အဖွဲ့တွေကပင် အင်တင်တင် ဖြစ်ချင်လာကြပြီ။

''မစ္စတာစကော့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . မစ္စတာကရှုန်းနား၊ ပြောပါ"

"အာရုံနောက်တယ်ဗျာ။ ဒီတောခွင်ကိုကျွမ်းတဲ့ ခင်ဗျားနဲ့ ခင်ဗျားရဲ့ သစ်တောဖက်ကအဖွဲ့တွေလည်း ပါနေသားပဲ။ သားကောင်လည်း ဒီလောက်ပေါတာ၊ ဒီကနေ့အတွက် သားကောင်ကြီးတစ်ကောင်လောက်ပစ်ပြီးရင် စခန်းပြန်ကြတာပေါ့။ မြန်မာအလုပ်သမားတွေကိုတော့ ပြန်သာလွှတ်လိုက်ပါတော့"

"မဟုတ်သေးဘူး မစ္စတာ။ မစ္စတာလည်း မုဆိုးကောင်းတစ်ယောက်ပဲ။ တောတွေတောင်တွေရဲ့ ပရိယာယ်ကို အသိသားမို့လား။ ကြုံခဲ့ဖူးရဲ့မဟုတ်လား။ တောတကယ် 'မှောက်' ပြီဆိုရင် ကျုပ်တို့တွေလည်း ဒေသခံလူရင်းတွေမပါဘဲ လမ်းမရှာတတ်တော့ဘူးနော . . . စဉ်းစားဦး"

"စဉ်းစားနေစရာလားဗျာ။ ကဲ . . . ဟောဒီကျွန်းပင်ကြီးမှာ အမှတ်အသားလုပ်။ စခန်းထိုင်ထားခဲ့၊ စခန်းကိုဗဟိုပြုပြီး အရှေ့ရှုရှုကိုသွားမယ်။ ဟောဒီမှာ သံလိုက်အိမ်မြှောင်။ ဒါကြည့်ပြီး အနောက်ရှုရှုကိုပြန်။ ကဲ . . . ဘာမှားစရာရှိသလဲ။ လုံးဝသွားမရတော့လည်း ထိုင်နေလိုက်ကြရုံပဗျာ"

"အေးလေ . . . ဆန္ဒရှိရင် လုပ်ပ"

တောကြီးချောက်သည့်နေရာ၊ ပြောင်ထီးခေါင်းကြီးနှင့် ဝက်ပင်းကြုံရသည့်နေရာမှာပင် ချိတ်တို့အဖွဲ့တွေက ဘုတ်ထိုင်ထိုင်၍ ကျန်ရစ်ကြပြန်၏။ ရှင်နည်းရာ အငွေ့လူထွက်ကိန်းနှင့်ချည်း တိုးနေရ၍ မစ္စတာ စကော့ စိတ်မသက်မသာဖြစ်ရသည်။

ဤရိုးမတောကြီးထဲ၌ ဆင်များ၊ ကျားများ၊ ပြောင်များသော





ဆော တောဝက်အုပ်တွေကလည်း မွှစာကျဲနေ၏။ သို့ပါလျက် တစ်ခုတစ်ယောက်က မောင်းထုတ်ထားသလို ဆင်နေကျားအောင်း တောမျက်မည်းကြီးက ရစ်တစ်ကောင်၊ ကြောင်တစ်မြီးမတွေ့ရ။ ပြောင်သလင်းခါနေပုံကြီးမှာ စနိုးစနောင့် ဖြစ်ချင်စရာ။

ပျော်ပျော်ရွှင်ရွှင် နိဂုံး (Happy Ending) ဖြစ်မလား။ ကြေကွဲစရာဇာတ်သိမ်း (Tragie Ending) ဖြစ်လေမလား။

"ဟော . . ."

ဆင်ခြေရာကြီး အချင်းတစ်ပေခန့်ကို တွေ့သည်။

ဆင်ချေး လတ်လတ်ဆတ်ဆတ်တွေကို ခြေထောက်ဖြင့်ထိုးကြည့်ရာ ပူပူနွေးနွေးရှိနေသေးသဖြင့် ဆင်ပစ်ဖို့ စိတ်ကူးထည့်မိကြပြန်၏။

"ဆင်နားရွက်ခတ်သံ ကြားတယ်ဟေ့။ စောနေဝင် . . တဖြည်းဖြည်းတိုးသွားပြီး ဟောဟိုကျောက်တုံးကြီးပေါ် တက်ကြည့်စမ်း"

"စွယ်စုံဆင်ထီးကြီး ခင်ဗျ . . . သခင်ကြီး။ ကိုးပေလောက်မြင့်မယ်မှန်းရဲ့။ ဝါးပင်တွေကိုဆွဲစားရင်း ငြိမ်နေတာ"

အောက်ခြေရှင်းသော်လည်း ကျောက်တုံးကျောက်ခဲပေါ်လှ၍ ချိန်ရွယ်ကောင်းကောင်းရဖို့ နေရာရွေးရသည်မှာ မလွယ်။ ဆင်ပစ်ရသည်မှာ အန္တရာယ်ကြီး၏။ အနီးကပ်ပြီး 'နားတွင်း'သို့ပစ်မှသာ လုံးခနဲ လဲတတ်သည်။

မစ္စတာကရှုန်းနားကလည်း ဆင်ပစ်ရမည်မို့ အူမြူးနေ၏။

"ဟ . . . ဟ . . . စောနေဝင်ရေ . . . မင်းကောင်ကြီး ဘယ်ရောက်သွားသလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ခတ်စာခန့်မျှသာ အရွေ့အပြောင်းပြုနေရာ အထိုင်ချနေမိကြတုန်း တောဆင်ကြီးဘယ်ပျောက်။ ဆင်ခြေရာကြီးနှင့် ဆင်ချေးပုံ လတ်လတ်ဆတ်ဆတ်ကြီးက ပက်ပင်း။ ချက်ချင်းလက်ငင်းကြီး အသံပလံမျှပင် မကြားလိုက်ရပဲ ရေငွေ့နှယ် အငွေ့ပျံလေရော့သလား။

"မစ္စတာစကော့ ..."

ရွှေတွင်းသူဌေးကလေး နည်းနည်းဖြုံသွားပုံရ၏။

မျက်လုံးပြူးကြီးနှင့် သစ်တောအရေးပိုင် မစ္စတာစကော့ကို လှမ်းကြည့်နေသည်။ စာသင်ကြီး ဂရစ်တို့အဖွဲ့၊ ပန်ချာပီတပ်မှ တပ်ကြပ်ကလေး ပရစ်ချတ်တို့တစ်သိုက်မှာ သူတို့လက်ထဲကိုင်ထားသည့် သေနတ်များကို တင်းတင်းဆုပ်ကိုင်ထားရင်း မယုံနိုင်ဖွယ် အံ့အားကြီးသင့်၊ ကြက်သီးတွေ တဖြန်းဖြန်း ထလာကြလေ၏။

"ပြန် ... ပြန်လှည့်ကြစို့၊ ဒီနေ့ လမိုင်းမကာင်ဘူး။ နက်ဖြန်မှ ... နက်ဖြန်မှ ..."

ကြောက်မယ့်ကြောက်ပြန်တော့လည်း လွန်လွန်ကဲကဲ။

'နောက်ကျသည့်ခြေထောက်၊ သစ္စာဖောက်' ဟု မဆိုသာရုံတမည် မစ္စတာကရွှန်းနားက ရှေ့ဆုံးမှ သုတ်ခြေတင်လေတော့၏။ သစ်တောအရေးပိုင်ကြီးလည်း ယခုမှပဲ 'ဟင်း'လုံး ချနိုင်ပေသည်။

"လာဟေ့ .. လာဟေ့ ... ခပ်သုတ်သုတ် ပြန်ကြရအောင်။ စောနေဝင်ရေ ... တို့တွေ မိုးတွင်းခါသစ်မျှော့တဲ့ ချောင်းနက်ကြီးရှိပါရောလား။ ဝါးဖြူတောင်ကြားက စီးတဲ့ချောင်းဟာကော။ အေး ... အဲဒီဘက်က လမ်းသာတယ်။ ပင်ခြေလည်းရှင်းတယ်။ 'ဝိတောက်ချောင်' စခန်းဟောင်းကို ဦးတိုက်ပြီးသွားကွာ။ ဖြတ်လမ်းပေါ့ ... ဟုတ်လား"





"Yes . Sir !"

သည့်တွင် တော့တော့တင်တင် တွေ့လိုက်ကြရခြင်းဖြစ်သည်။

လွန်ခဲ့သည့် သုံးလေးမိုးကပင် အဖျားအနာသည်း၍ သစ်သမား၊ ဆင်သမားတွေ၊ သရက်ကင်းကြွေသလို တဖြုတ်ဖြုတ် သေခဲ့ကြသည့်အတွက် စခန်းသိမ်းထားပြီး 'ဝိတောက်ချောင်' စခန်းကုန်းရှိ လူတစ်ဖက်စာခန့် ဝိတောက်ပင်အုပ်အုပ်တွေအောက်၌ သည့်'စိန်ကန့်သန့်' တောကြီးတစ်ပိုက်က ဆင်သမား၊ သစ်သမားတွေ၊ တစ်အုပ်တစ်မကြီးကို မျက်နှာစုံညီ စုစုဝေးဝေး တွေ့လိုက်ရခြင်းဖြစ်၏။

"တောကြီးတောင်ကြီးထဲလာပြီး ဘာတွေလုပ်နေကြပါလိမ့်"

သစ်တောအရေးပိုင်ကြီး မစ္စတာစကော့ ပါးစပ်အဟောင်းသား။

✿ ✿ ✿

www.burmeseclassic.com

[ ၅ ]

❑

"ဗုဒ္ဓသာသနာတော် အဓွန့်ရှည်ဖို့ဆိုတာ နိုင်ငံလွတ်လပ်မှ ကျုပ်ဒကာတို့ရဲ့။ နိုင်ငံလွတ်လပ်ဖို့ဆိုတာကလည်း ဘာသာသာသနာ ပွင့်လင်းပြီး မိစ္ဆာဒိဋ္ဌိအတွေးအမြင်တွေ ကင်းရှင်းမှ။ ဆီ၊ နှင်း၊ မြူ တိမ်၊ သူရိန်၊ မီးခိုး ညစ်မျိုးငါးအင် ကင်းစင်ပမှ သာသနာ့လမင်းကြီး ထွန်းလင်းနိုင်မယ် မဟုတ်လား။

အဲဒါကြောင့် ကျုပ်တို့ဒကာကြီး 'ဆရာစံ' က အလံတောင် အောင်မြေကို အရင်းမူလပြုပြီး မိစ္ဆာကောင်တွေကိုတော်လှန်ဖို့ ကြံစည် ရတာပေါ့။ အဲဒါကို စိတ်နိုင်ရင် ကိုယ်တိုင်ဝင်ပါ။ စိတ်မနိုင်သေးရင် ဘေးကပန်းပြီး ဝိုင်းကြဝန်းကြကူညီကြဖို့ပဲ"





ဥပမိက သပွယ်လှစွာ။

သက်န်းကို အချိုးတကျဝတ်ရုံထားသည့် ဒေါင်းတည်မောင်းတည် ကိုယ်တော်ကြီးတစ်ပါး။ ဒေါက်ချာဆောင်း၊ သစ်ခေါက်ဆိုး သက်န်းရုံထားသည့် ရသေ့ကြီးတစ်ဦး။ သနပ်ခါးရောင် ပိုးပဝါအုပ်ပေါင်း ပေါင်းထားသည့် ဖွင့်ဖွင့်လွင့်လွင့် ဖြူဖြူစင်စင် မြန်မာဆန်ဆန် ပုဂ္ဂိုလ်ကြီးတစ်ဦး။

သူတို့ကလွဲ၍ ကျန်လူအုပ်က တောနေတောသားတွေချည်း။ ပုဆိုးစုတ်၊ ပုဆိုးပြဲ။ တချို့ အကျႌမကပ်။ ပါးစပ်ကြီးတွေဖြဲ၍ တဟဲဟဲ နှင့် ပီတိကျလျက် ဇာတိမာန်ဇောစိတ်တွေ တဖွားဖွား တစွင့်စွင့်။

"၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ တို့များရဲ့ သာသနာ့ဒါယကာ နေထွက်ဘုရင် သီပေါအရှင်ကို မိစ္ဆာဒိဋ္ဌိ ကုလားဖြူကောင်တွေကို နန်းချလို့ တစ်တိုင်းတစ်ပြည်လုံး ထီးကျိုး စည်ပေါက် သာသနာတော်ပါကွယ်မတတ် အရေးကိစ္စကြီး ကြုံခဲ့ရသ လေ။

ဘုရားသာသနာ စတင်သန္ဓေတည်ရာ ဟိုအနောက်ဘက် ဘင် လား၊ ကုလားပြည်မှာတော့ သာသနာကွယ်ခဲ့ချေပေါ့။ အေး ... အဲ သလိုမဖြစ်ရလေအောင် ၁၂၅၀ ပြည့်နှစ်မှာ ရှင်မထီးဆရာတော် ဆံရှည် ကိုယ်တော် ဦးကောဏ္ဍည၊ ပထမံပြည်ရသေ့ဦးအောင်၊ တောင်ငူဦးအောင်၊ ဗန်းမော်ဦးအောင်နဲ့ အောင်မင်းခေါင်အရှင်တို့က ဝိဇ္ဇာဓိုရ်အပေါင်းနဲ့ ညှိနှိုင်းတိုင်ပင်ပြီး 'သာသနာပြု ဝိဇ္ဇာဓိုရ်အဖွဲ့ကြီး'ကို ဖွဲ့စည်းလုပ်ကိုင် ခဲ့ကြသပေါ့။ အတွင်းလမ်းကျင့်စဉ်တော်အဖွဲ့ ဆိုကြပါစို့"

တောသူတောင်သားတစ်စုခမျာတွေမှာ မကြားဖူးသော စကား

www.burmeseclassic.com



ထူးစကားဆန်းတွေအကြား၌ နစ်ဝင်နေကြလေပြီ။

"အေး ... တို့များ အခုပြောနေတဲ့ 'ဂျွန်တပ်' ဆိုတာက တော့ တို့အရှင်သခင်များလက်ထဲက ဖွတ်အမွေ လုယူသိမ်းပိုက်သွား ခဲ့တဲ့ 'အချုပ်အခြာအာဏာ'ကို တို့ပြည်တို့ အမျိုးတွေလက်ဝယ် ပိုင်ပိုင် ရအောင် ပြန်တိုက်ယူမယ့် အဓိကရ တော်လှန်ရေးကြီးပဲကွယ့်။ 'သူပုန် တပ်' မဟုတ်ဘူးဟေ့။ 'ဂျွန်တပ်' ကွဲ့နော။ တောင်သူလယ်သမား သူပုန်အရေး မဟုတ်ဘူး။ ဘာသာ၊ သာသနာအတွက် တော်လှန်ရေး ဟဲ့။

သူနိုးက လူပြန်ဟစ်ပြီး မိစ္ဆာဒိဋ္ဌိ တိုင်းခြားကုလားတွေကို ပြန်တိုက်၊ ကိုယ့်မြေကိုယ့်ရေလွတ်လပ်ဖို့ ဆောင်ရွက်တာကိုပဲ 'သူပုန်' လို့ သမုတ်ချင်လိုက်ကြသေး။ 'သုပဏ္ဏကဂဠုနရာဇာ' 'ဂဠုန်ရာဇာ' ဆရာစံကြီးရဲ့ မြန်မာ့ဂဠုန်တပ်တဲ့ဟေ့ ... သမိုင်းမော်ကွန်းတွင်ရစ် အောင်သာ မြဲမြဲကြီး မှတ်ထားလိုက်ကြပေတော့"

"ဘာတပ်တဲ့လဲဟေ့"

"ဂဠုန် ... ဂဠုန် ... ဂဠုန်တပ်ဗျို့"

"သုပဏ္ဏက ဂဠုနရာဇာ"

"ဆရာစံ ... ဆရာစံ ... ဆရာစံ"

"သမိုင်းကို ဘာနဲ့ရေးမယ်"

"သွေးနဲ့ရေးမယ် ... သွေးနဲ့ရေးမယ်"

"အရေးတော်ပုံ ... အောင်ရမည်"

"အရေးတော်ပုံ ... အောင်ရမည်"

"အရေးတော်ပုံ ... အောင်ရမည်"





ပဲခူးရိုးမတောကြီး၏ တစ်စိတ်တစ်ဒေသ။ 'စိန်ကန့်လန့်' တောကြီးသေလာအတွင်း မြည်ဟိန်းဆူညံပွက်ထလာသည့် တိုက်ပွဲ ခေါ်သံ။

"Oh! My God"

"What the hell"

သစ်တောအရေးပိုင် မစ္စတာစကော့နှင့် မစ္စတာကရွှန်းနား တို့လူသိုက်မှာ စွင့်ခနဲ နားရွက်ကြီးတွေ ကားသွားလေ၏။ တောသံ တောင်သံနှင့်မို့ ပွဲတင်သံတွေဆူဝေနေသည့် အသံနက်ကြီးတွေက ချောက် ချောက်ချားချား။

လက်အတွင်း၌ ဆင်သမား၊ သစ်သမားသုံး ရမိရရာလက်နက် တွေကို ကိုင်စွဲလျက် မျက်နှာကြောကြီးတွေတင်း၊ လက်ရုံးလက်မောင်း တွေထောင်ထနေသည့် တောင့်တင်းသန်မာ သစ်သမား၊ ဆင်သမား လူကြမ်းကြီးတွေမှာ သူတို့ပင်ကိုယ်မလေ့ရှေ့တွေနှင့် လားလားမှမဆိုင်။ အခြေအမြစ်ကလုန့်၍ အသွင်ပြောင်းပစ်လိုက်သလို ကြောက်စရာမျက်နှာ နေကြီးတွေနှင့်။

"အိုင်ဆေး ... နောက်ကြောင်းပြန်လှည့်ပြီး ဒီအရေး ဒီကိစ္စ ကို သာယာဝတီခရိုင်ဝန်မင်းဆီ သတင်းပို့ကြမှပဲ။ ခပ်သုတ်သုတ် ပြန် ကြမှဗျို့။ ဒီအရေးဟာ မသေးဘူးနော။ အသံတွေပဲ ကြားကြားနေခဲ့ရ တာ။ အခုတော့ ကိုယ့်မျက်စိကိုယ့်နားနဲ့ တစ်အပ်ကြီး တွေ့တော့တာ ပဲ"

"ဘယ်လို ... မစ္စတာစကော့။ ဒီလောက်ထွင်ရှားနေတဲ့ ကြ စည်မှုကြီးကို မျက်မြင်ဒိဋ္ဌ တွေ့နေရတာတောင်မှ ပြန်သတင်းပို့ချေဦး



www.burmeseclassic.com

www.burmeseclassic.com



မယ် ...ဟုတ်စ။ ခက်ပလေ ...အရေးပိုင်ကြီးရယ်၊ ဒီမယ် ... ကျုပ်တို့မှာ မင်းလှဂါတ်တဲက စာသင်ကြီးနဲ့ ပုလိပ်သားတွေပါတယ် ဗျာ။ တပ်ကြပ်ကလေးဖရစ်ချတ်တို့ ပန်ချာပီတပ်စိတ်တစ်စိတ် ပါတယ်။ လက်နက်တွေကိုယ်စီ၊ ကျည်အလုံအလောက်ပါသဗျာ။

ဒီကျေးတောသားလူအုပ်ကို သေနတ်သံ တစ်ချက်နှစ်ချက် ပေးပြီး လက်ရဖမ်းလိုက်ဖို့ပဲ မဟုတ်လား။ သရက်ခရိုင် အရေးပိုင်ကြီး မစ္စတာဘာရောင်းလည်း ဆင်စခန်းမှာ ရှိနေသားပဲဟာ''

''နိုး ...နိုး ...မစ္စတာကာရွှန်းနားရေ 'Law maker should not be law broker' တဲ့ဗျ။ ဥပဒေကိုထိန်းသိမ်းမဲ့သူက ဥပဒေမဲ့လုပ် ချင်လို့တော့ မဖြစ်ပေဘူး။ နောက် ...ဟောဒီလူစုတွေဟာ ကျုပ်တို့ သစ်တောဖက်နဲ့ တိုက်ရိုက်ဆိုင်နေတဲ့ ကျွမ်းကျင်လုပ်သား 'Skill labour' တွေဗျ။

ဒီလူတွေဟာ ကျုပ်တို့ လန်ဒန် အရှေ့ချောင်သား (East - End ဇာတိသား) ကော့ကနီတွေလိုပဲ မဟုတ်ပဲ ဖော်ဖော်ကြွေတွေရယ် ခင်ဗျားသေနတ်ကျည်ဆန်ထက် သူတို့ဓားပျံက ပိုမြန်လိမ့်မယ် ... ကျုပ်လူရေ့။ ပုရွက်အုံကို တုတ်နဲ့ထိုးသလိုမျိုး သွားဆွလို့ မဖြစ်ဘူး ဘူး။ လိမ်လိမ်မာမာ ပါးပါးနပ်နပ်ကိုင်တွယ်မှပဲ ဖြစ်လိမ့်မယ်''

သစ်တောအရေးပိုင် မစ္စတာစကော့က မြန်မာရေလည်နေ သည့်သူ။ သစ်သမား၊ ဆင်သမားတွေနှင့် ပွန်းတီးသူ။

သစ်သမား၊ ဆင်သမားတို့ငး၌ ဝါးခုတ်ရာ၊ ချုံရှင်းရာတွင် သုံးသော 'မလှူးဓား' ကိုယ်စီ ဆောင်ထားကြစမြဲ။ ငါးလှူးကလေးနှင့် တူသည်ဟုဆိုကာ တချို့က 'ငါးလှူးဓား' ဟုလည်း ခေါ်ကြသေးသည်။





ဓားမမဟုတ်။ အသွားက တန်းနေသည်။ အထူးသဖြင့် ဝါးခုတ်ဝါးရှင်း ရာ၌ အသုံးများ၏။ ဓားမနှင့် ဝါးကိုခုတ်လျှင် တိခနဲမပြတ်။ မလှူး ဓားနှင့်ခုတ်က ထိတိရိရိပြတ်သည်။

ခုတ်ပုံကိုလည်း ကြည့်ဦး။

မလှူးဓားတစ်ချောင်းကို ဆွဲပြီးဝါးချုံထဲ ပစ်ထည့်လိုက်။ လက် ကလည်း တည့်မှတည့်။ တကယ့်ချက်ကောင်းကို တန်းခနဲမှန်ပြီး ဝါးရုံ ကြီး တအိအိ ပြိုဆင်းလာသည်။ နောက်ထပ် မလှူးဓားတစ်ချောင်းဆွဲ ပြီး ထပ်ပစ်။ ချက်ကောင်းထပ်မှန်။ ဝါးရုံကြီး ဝုန်းခနဲ ပြိုဆင်းသွား။ ညည်တော့မှ ဝါးတွေကို ကိုယ်လိုရာဆွဲ၍ ခုတ်ပေ၊ ယူပေတော့။ တကယ့် သတ်တွေ့၊ မျက်မြင်ကိုယ်တွေ့။

သို့ဖြစ်၍လည်း မစ္စတာစကော့ အရဲမကိုး၊ သွေးတိုးမစမ်း ။

မစ္စတာကာရွှန်းနားက လှုငယ် တက်လူ။ တောကြီးတောင် ကြီးထဲ ဟန်ကြီးတွေတစ်ခွဲသားနှင့် ဝင်လာခဲ့ကြပြီးမှ ပွဲမရလမ်းမရ သတ်ချည်းဗလာ ပြန်ရမည်ကို ရှက်စနိုးသည်။

''ငါးမရ ရေချိုးပြန်' ဖို့သာ စိတ်သန်နေ၏။

ပုလိပ်စာသင်ကြီး မစ္စတာဂရစ်ကိုတစ်လှည့်၊ တပ်ကြပ်ကလေး ဖရစ်ချတ်ကိုတစ်ပြန် မျက်နှာကဲခတ်နေသည်။ သူ့မျက်ဝန်းတွေက 'ကဲ ဘယ်လိုလဲ' ဟု သူ့ခိုးသေဖော် ညှိနေသယောင်။

စာသင်ကြီးမစ္စတာဂရစ်မှာ အရပ်ထောင်ထောင်မောင်းမောင်း ဝိန့်ဝိန့်ပါးပါး၊ ပခုံးမြင့်မြင့်ဖြစ်၍ နှုတ်ခမ်းမွှေးကျင်စွယ် ကားကားကြီး ဝဲကျလျက်ရှိကာ လူပုံလူပန်းမှာ ဥဇ္ဇာအားကိုးမဟုတ်၊ 'တစ်သက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



တအောက်ကန်း’အစားထဲက ဖြစ်ပုံရ၏။

အသိုဉာဏ်နည်းသူများသည် အလွန်သစ္စာရှိတတ်ကြကြောင်း မစ္စတာကရွန်းနား မကြာခဏ မြင်ဖူးပြီးဖြစ်သည်။ အမိန့်သာပေးလိုက်က အသက်သေလျှင် သေပါစေ တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်မည့်ပုံစံမျိုး။

“ရာဇဝတ်မှုကျူးလွန်ဖို့ ကြံစည်နေတာလည်း ထင်ရှားတယ်။ ချက်ချင်းမဟန့်တားရင် အခြေအနေက ထိန်းမနိုင်သိမ်းမရ ပိုပိုဆိုးလာနိုင်တာလည်း သေချာနေပြီဆိုရင်တော့ တရားဥပဒေစိုးမိုးရေးအတွက် လုပ်သင့်တယ်ထင်တာကို လုပ်ဖို့ ကြိုးစားနိုင်ပါရဲ့”

စောင်းပါးရိပ်ချည် မပွင့်တပွင့် အသံထွက်လာသည်။

“လုပ်မနေနဲ့ဗျို့ ...။ အရေးပိုင်ကြီးတို့ကသာ အမိန့်ပေးလိုက်၊ ကျုပ်တစ်စိတ်က မောင်တွေက ဆော်ပြလိုက်ပါလိမ့်မယ်။ တောင်းလမောင်းထောင်ကြေမသွား ကံကောင်း။ ကရိုင်းမီးယားနဲ့ မက်ဆိုပိုတေးမီးယားပြန်တွေ များတာ။ ဒင်ဒင်မြည်တွေချည်းပဲ။ ဒီ မလောက်လေးမလောက်စားတွေများ”

တပ်ကြပ်ပရစ်ချတ်က စစ်သားပီပီ စိတ်နေကြမ်းကြမ်း၊ ဟောဟောဒိုင်းဒိုင်း။

မစ္စတာစကော့ တစ်ဦးတည်းသာ ဒိုင်ခံစိတ်ညစ်နေရတော့၏။

ပုလိပ်သားတစ်သိုက်နှင့် လက်နက်ကိုင် ပန်ချာပီစစ်သားတစ်စုကလည်း သေနတ်တပြင်ပြင်။ ပွဲကြီးလမ်းကြီးတွေ့လေပြီဟု စစ်သွေးကြွနေကြသည်။

“ခေါင်ကိုနှိမ်နိုင်ရင်တော့ ပွဲသိမ်းပဲခင်ဗျ။ ဟောဟိုက ဝါဝ





လှရယ်၊ ဟိုတစ်ယောက် နီညိုညိုရယ်။ ခေါင်းပေါင်းကြီးနဲ့ လူကြီးရယ်။ အဲဒီသုံးဦးကိုသာ အုပ်မိရင်တော့ ...”

“အောင်မလေး ... မလုပ်လိုက်ပါနဲ့ မစ္စတာကရွန်းနားရယ်။ မိုးမီးလောင်တာထက် ဆိုးပါလိမ့်မယ်။ အဲဒီဘုန်းကြီး,ကြီးက ‘သာယာဝတီ ဦးဥညေယျ’ တဲ့ဗျ။ တကယ့်ဒိတ်ဒိတ်ကြဲ ဓမ္မကထိကကိုယ်တော်ကြီး။ ဟိုပုဂ္ဂိုလ်က ‘ရသေ့ကြီး ဦးစံသိမ်း’ တဲ့။ တစ်ပြည်လုံးက မျက်စိဒေါက်ထောက်ကြည့်ပြီး ကြည်ညိုနေတဲ့ လူသူတော်ကောင်း။

ဟောဟိုအဖိုးကြီးက ဆရာဉာဏ်တဲ့။ ဘုန်းကြီးဘဝက လူထွက်တာ ဘာကြာသေးတုံး။ ‘ဦးအာသဘ’ဆိုတာပေါ့။ ဒိတ်ဒိတ်ကြဲပဲ။ ခင်ဗျားရဲ့အိမ်ရှင် သမာဓိမြို့ဝန်ကြီး၊ ‘ဆရာစိန်’နဲ့ တစ်ဆရာတည်းထွက်တွေပဲ။ မလုပ်နဲ့ဗျို့ ... မလုပ်လိုက်ကြနဲ့။ ချက်ချင်း တိုင်းကျော်ပြည်ကျော် ဟိုးဟိုးကျော်တွေ ဖြစ်ကုန်လိမ့်မယ်”

“မစ္စတာစကော့ရယ် ... ဘယ်သူဘယ်ဝါ ဖြစ်ဖြစ်ပေါ့ဗျာ။ အင်္ဂလိပ်မင်းအာဏာစက်ကို ဗီဆန်ဖို့ စိုင်းပြင်းနေကြမှတော့ သူပုန်ပေါ့ဗျ။ ဟုတ်ဖူးလား ..။ ဟိုဘုန်းကြီး ‘ဦးဝိစာရ’ဆိုတာ အင်္ဂလိပ်မင်းကိုပုန်ကန်ဖို့ တရားဟောလို့ ဖမ်းပြီး ထောင်ချလိုက်တာ ထောင်ထဲမှာပဲ ပျံလွန်ခဲ့တယ်လေ။ ဘာကြာသေးတုန်း ...။ ပြီးခဲ့တဲ့ ၁၉၂၉ ခုနှစ်ကတင်ဘာလ ထဲကတင်ပဲဟာ”

“အဲဒါတော့ ဟုတ်ပါတယ်”

“ကဲ ... ဟုတ်တယ်၊ မဟုတ်ဘူးတွေ လုပ်မနေပါနဲ့တော့။ အိပ်တွေဝေ တုံ့ဆိုင်းလွန်းနေရင် လူစုကွဲသွားမှာစိုးရတယ်။ သေနတ်သံသုံး,လေးချက်ပေးပြီး ဝိုင်းလိုက်ကြစို့။ ခေါင်းဆောင်ပိုင်းပဲ ဖမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ခင်ဗျားရဲ့ ဆင်သမား၊ သစ်သမားတွေကိုတော့ ပြောဟော ဆုံးမပြီး ပြန်လွှတ်လိုက်ကြတာပေါ့။ ခင်ဗျား ဩဇာလည်း တက်ကရော ပေါ့ဗျာ''

''အင်းလေ ...''

'သံဃာအား ဘုရားမဆန်သာ' ဆိုသလို ရှိတော့၏။

အလိုလိုနေရင်း တောပစ်မုဆိုးအဖွဲ့ခေါင်းဆောင် မစ္စတာကရွှ နားက 'ဂျုန်သူပုန်တပ်ဖွဲ့' ဖမ်းမည့် ဦးစီးဦးကိုင် ဖြစ်သွားချေတော့ သည်။

သူ့စိတ်ကူးပေါက်သမျှတွေနှင့် စာသင်ကြီး မစ္စတာဂရစ်တို့ တပ်ကြပ်ကလေး ပရစ်ချက်တို့ကို အစီအမံတွေ ပြုနေတော့၏။

''ကိုင်း ... ဒီတစ်ချီတော့ မြန်မာပြည်လာရင်း 'ဆာ' ဘွဲ့ တည့်တည့်ကြီးတိုးမိပြီ ထင်ပ။ ဒီကျေးတောသားတွေဖမ်းရတဲ့ ငှက် ပျောသီး အခွံနွှာစားရတာကမှ ခက်လိမ့်ဦးမယ် ... ဟဲ ... ဟဲ''

စိတ်ကူးဖဲရိုက်လိုက်ရင်း မြူးနေတော့သည်။

✿ ✿ ✿

[ ၆ ]

❑

ခါးကြားက ခြောက်လုံးပြူးကို ထုတ်လိုက်သည်။

အမေရိကန် ကောင်းဘွိုင် ရုပ်ရှင်ထဲကအတိုင်း သေနတ်ကို ဘန်ပါပါမြှောက်လိုက်၏။ လက်ညှိုးက ပစ်ခလုတ်ကို တအား ဖိဆွဲချ လိုက်သည်။

''ဒေါက်''

''အား''

''ဒုတ်''

ကျည်ကမထွက်။ ယမ်းအား ပေါက်ကွဲသံလည်းမကြား။

www.burmeseclassic.com



သူ့လက်ကောက်ဝတ်ကို ခဲတစ်လုံးက ပြင်းပြင်းဝင်မှန်သည်။

ကျည်မထွက်လိုက်ရပဲ မြေပြင်သို့ သေနတ်က ဒုတ်ခနဲ ပြုတ်ကျသွားခဲ့၏။ နာလိုက်သည့် ဖြစ်ခြင်း။

ကျန်လက်တစ်ဖက်ဖြင့် ဒဏ်ရာကိုအုပ်ကိုင်၍ ဆတ်ဆတ်ခါနေတော့သည်။

"ဘယ်သူလဲ ... ဘယ်ကလဲ ... ဘာလို့ ဒီလိုလုပ်ရသလဲ"

မီးဝင်းဝင်းတောက်သော မျက်ဝန်းက ရန်သူကိုရှာသည်။

တွေ့ပါပြီ ...။

ခပ်လှမ်းလှမ်း တောင်သရက်ပင်ကြီး သစ်ကိုင်းပေါ်၌ တင်ပလွှဲထိုင်နေသည့် လူငယ်တစ်ယောက်။ နက်ပြာရောင် ချည်ထည်အင်္ကျီနှင့် ဘောင်းဘီပွပွကြီးကို ဝတ်ထား၏။ လက်နှစ်ဖက်ပိုက်လျက် သူတို့အား မခိုးမခန့်၊ မထီတရီ ကြည့်နေသည်။

ကောင်ကလေးမျက်ဝန်းက မီးလျှံစိမ်းတွေ တလက်လက် ဖြာထွက်နေသလိုလို။

"Oh ! God ကံကောင်း ... ကံကောင်းပဲ"

"ဘာရယ် ... မစွတာစကော့"

"ဂမ္ဘီရကံကောင်းလေ ... ဟိုနေ့ကပဲ ကျွားအရေးပိုင်ကြီး ပြောပြတဲ့ သိဒ္ဓိရှင်ဆိုတာ"

"ဩော် .. သူကိုး"

သည်တော့မှ လူငယ်ကို သေသေချာချာ ကြည့်ဖြစ်တော့သည်။ သူ့ထက်ငယ်လှ ဆယ်နှစ်။ လုံးတူခေါက်တူ၊ သွေးတူမွေးတူ။ ဉပဓိကောင်းပုံ၊ ကြံ့ခိုင်သန်မာပုံကိုတော့ အမှတ်ပေးလိုက်ရသည်။

---



"အရေးပိုင်ကြီးတို့ အကြံအစည်ကို ရပ်တန်းကရပ်လိုက်ရင်ကောင်းလိမ့်မယ်ဗျ။ ဖွတ်ချည်း အစမွှသိမ်းပိုက်ထားတဲ့ လက်အောက်ခံကိုလိုနီနယ်မြေတစ်ခုအနေနဲ့ သူ့လွတ်လပ်ရေးအတွက် သူ ကြံစည်ခွင့်ကြိုးစားခွင့် ရှိနေတာပဲမဟုတ်လား။ အဲဒါကို 'သူပုန်'လို့ တံဆိပ်ကပ်လိုက်မယ်ဆိုရင် တလွဲကြီး ဖြစ်မနေပေဘူးလား ခင်ဗျာ ... ဟုတ်စ"

ထီမတင်သံက လူငယ်ထံမှ ထွက်လာနေ၏။

သူ့ရင်ထဲမှ ထန်ပြင်းသည့်မာနက ခုန်ထလာသည်။ လက်က သူ့လက်စွဲတော် နှစ်လုံးပြူးသေနတ်ကို ဆွဲယူလိုက်မိတော့၏။

"Don't move man. သိပ်လှုပ်လှုပ်ရှားရှား မလုပ်လိုက်နဲ့ခင်ဗျ။ ကျုပ်ကစိတ်ရှည်ပေမယ့် ခင်ဗျားတို့နောက်မှာရှိတဲ့ ကျုပ်သူငယ်ချင်းရဲဘော်ရဲဘက်တွေက လူစကားနားမလည်ကြတော့ သူတို့မျက်စိနောက်သွားရင် ကျုပ်လည်း သိပ်အာမခံနိုင်ပေဘူး ... ကျုပ်လူရေ့"

သူပြောကာမှ ကျောပြင်ထဲက ယားသလို စိမ့်သလို ဖြစ်လာမိလျက် ရုတ်ခနဲ နောက်ကိုလှည့်ကြည့်ဖြစ်သည်။

"ဟိုက် ..."

"Ah! God save me"

အသက်ရှူရပ်သွားမတတ် ခံစားလိုက်ရ၏။ ခြေတွေလက်တွေ မနိုင်ချင်။ လဲပြိုမသွားအောင် သေနတ်ကိုမြေသို့ထောက် အားပြုချင်းမနည်းကြီး ကြိုးစားရပ်နေလိုက်ရသည်။

"အဲ ... အဲဒီ ရင်ဘောင်တန်းပြီး မလှုပ်မယှက်နဲ့ စွေစွေလိမ့်လိမ့်ကြီးတွေကြည့်နေတဲ့ ပုဂ္ဂိုလ်တွေက တကာယ်အသပ်ပြင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



တောကြီးမြွေဟောက်တွေပဲခင်ဗျာ။ လောရှည်တဲ့၊ လံဘားတဲ့၊ အာပေါင်နီတဲ့။ လုံးပတ်က သိပ်ကြီးလှတယ်မဟုတ်ပေမယ့် အလျားကတော့ အရှည်သား။ သုံးလံလောက် ရှိနိုင်ကောင်းပါရဲ့။ ပေါက်လိုက်လို့ကတော့ ဆေးချက်မရှိဘူးတဲ့ဗျို့။ ဒေါသကလည်း ကြီးမှကြီး။ ယင်ကောင်နားတာတောင်ခံတာမဟုတ်ဘူး။

အဲ . . . ဟောဟို ကိုးတောင်ကျားကြီးနှစ်ကောင်က ထော့ကျိုးနဲ့ဒိန်းဒေါင်။ အဲ . . . သူတို့နောက်ဆီက စွယ်စုံဆင်ကြီးတွေက ကိုးလောင်းနဲ့ ပွဲစမိတ်၊ မာဒင်ကြီး၊ ငရမန်ကန်းနဲ့ တိုးမောင်တဲ့ဗျို့။ အကုန်လုံး လူသတ်ဖူးတဲ့ အကောင်မိုက်ကြီးတွေချည်းပဲ။ မိတ်ဆွေကြီးတို့ရဲ့ မထော်မနန်း အကြံအစည်တွေကိုတားဖို့ 'အလံတောင်ဘုန်းဘုရားကြီး' က ထည့်ပေးလိုက်တာ"

'ဘုရား . . . ဘုရား . . .' ဖီးကင်းခန့်ချွေးသီးကြီးတွေ တစ်ဖြိုက်ဖြိုက် ကြွေကျနေသည်။ ကြည့်လေ . . . ကြည့်လေ . . . တကယ်အန္တရာယ်ပေးမည့် အကောင်ကြီးတွေမှန်း သေချာလာလေ။ ကိုယ်ပေါ်က ဆံခြည်တစ်မျှင် အကြောအခြင်တစ်ချောင်းပင် မတွန့်မလှုပ်ရဲ။

"ကျုပ်တို့ . . . ကျုပ်တို့ . . . ဘာလုပ်ရမလဲ . . . လူကလေး။ မောင်ရင့်သတ္တဝါကြီးတွေကို ခပ်ဝေးဝေး ရွှေ့နိုင်းထားစမ်းပါကွယ်။ အူတွေအသည်းတွေ တုန်လွန်းလို့"

"အဲ . . . လူကြီးမင်းတို့ကောင်းရင် သူတို့ကလည်း မဆိုးတတ်ကြပါဘူးလေ စိတ်ချပါ၊ ဘဝဂတိမှားလို့သာ တိရစ္ဆာန်ဖြစ်နေပေမယ့် သစ္စာစောင့်တာမှာတော့ ထိပ်တန်းကပုဂ္ဂိုလ်တွေပါ။

ကဲ . . . မစ္စတာကရွှန်းနား . . . ခင်ဗျားပုလိပ်တွေနဲ့ ပန်ချာပီ





စစ်သားတွေကို ဟောဟိုကျွန်းပင်ကြီးအခြေမှာ ပါလာသမျှ လက်နက်နဲ့ကျည်တွေ အကုန်ပုံချ ထားခိုင်းလိုက်။ အဲ . . . ဟုတ်ပြီဗျ။ အဲဒီကျွန်းပင်ကြီးပဲ။ လူတစ်ယောက် ကျည်တစ်တောင့် ကျန်နေရင်တောင် ခင်ဗျားတို့တွေရဲ့အသက်ကို ကျုပ် တာဝန်မခံဘူးနော်။ သိတယ်မဟုတ်လား"

"အသက်တော့ ချမ်းသာပေးပါ လူကလေးရယ်။ နောင်ကိုဒီကိစ္စ မြင်သမျှတွေ့သမျှတွေလည်း နှုတ်ပိတ်ရေငုံနေပါ့မယ်။ ဖြစ်နိုင်ရင် ဟောဒီ . . . 'ဝိန်ကန့်လန့်'တောကြီးထဲကို ခြေမချနဲ့ဆိုလည်း မချတော့ပါဘူး"

"Sorry! Mr, Scott ကျုပ် စိတ်မကောင်းပါဘူး။ ခင်ဗျားက ခွတ်သီးနဲ့ ပေါင်းမိလို့ ရောအထောင်းခံရတဲ့ ကြက်သွန်လိုမျိုးပါ။ ခင်ဗျား သဘောမနောကောင်းတာ၊ လက်အောက်ကို ညှာတာတာ၊ စိတ်နေစိတ်ထားမျှတတာ သစ်သမား။ ဆင်သမားတွေဆီက သိပြီးပါပြီလေ။ ကျုပ်ပြောတဲ့အတိုင်းသာ တသဝေမတိမ်းလုပ်ပါ။ ရေစိမ်းတစ်ပေါက် စင်စေရပါဘူး။ စိတ်ချ"

"ကျေးဇူးပါကွယ်၊ ကျေးဇူးပါ"

ကံကောင်းနှင့် သူ့သတ္တဝါကောင်ကြီးတွေတစ်သိုက်ကို ကြောက်ကြောက်ရွံ့ရွံ့ ကြည့်ကွက်ကြည့်ကွက်နှင့် သတ္တိခဲ မစ္စတာကရွှန်းနားမှာ သေးတွေချေးတွေပင် မထိန်းနိုင်တော့ဘဲ ဘောင်းဘီထဲမှာပင် ချွတ်ကျကုန်တော့သည်။

ထို့နောက် . . .

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၇ |

❑

သာယာဝတီမှ အပူတပြင်းလိုက်လာကြသည့် အိုင်ပီမင်းခေါင် အိုင်ပီထိပ်တင်ညွန့်၊ အင်စပိတ်တော် လက်စထရိတ်နှင့် မစ္စတာမက္ကင် နွန်တို့လူသိုက် နမ့်မဲချောင်ဖျား ဆင်နာရုံစခန်းသို့ ရောက်သည့်အခါ အာဖရိက ရွှေတွင်းသူဌေးသားကလေးနှင့် အဖွဲ့တွေအား ဘေးမသီ ရန်မခ ပြန်ရောက်နေကြသည်ကို တွေ့ရလေ၏။

မူလပင်ကိုယ် ပကတိအတိုင်းကားမဟုတ်။

သာယာဝတီ သစ်တောအရေးပိုင်ကြီး မစ္စတာစကော့မှတစ်ဆင့် မစ္စတာကရွှန်းနားမှအစ၊ စာသင်ကြီးမစ္စတာဂရစ်တို့ ပုလိပ်များအလယ် ပန်ချာလီစစ်သားတစ်အုပ်အဆုံး ကုလားဖြူကုလားမည်းတစ်သိုက်တုံး ခေါင်းတုံးပြောင်ပြောင် ဦးပြည်းစိမ်းစိမ်း၊ မုတ်ဆိတ်ပါးသိုင်းမရှိ၊ နှုတ် ခမ်းမွေး နတ္ထိတွေနှင့်။





လူတွေကလည်း လိပ်ပြာနှုတ်ခံထားရသလို။ ကြောင်တောင် တောင် ယောင်ကန်းကန်းကြီးတွေ ဖြစ်၍နေသည်။

"ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း နေဝန်းသစ်ပေါ်တော့မည်"

ဘာအဓိပ္ပာယ်တွေမှန်းတော့မသိ။

မစ္စတာကရွှန်းနားတစ်ယောက်၏နှုတ်က သည်စကားကိုပဲ ထပ် ခါ့ည်းတလဲလဲ တတွတ်တွတ် ရွတ်နေတော့သည်ကိုတွေ့ရ၏။ လက်ထဲ၌လည်း ပယင်းပုတီးကလေးတစ်ကုံး။

"အဲဒီ ဂါထာလိုလို၊ ဘာလိုလို စာပိုဒ်ကိုပဲ ပုတီးပတ်တစ် ထောင်ပြည့်အောင် ရွတ်ရမတဲ့ ... အိုင်ပီရေ့။ ကံကောင်းဆိုတဲ့ ဟို လူငယ်က သစ္စာဆိုနိုင်းပြီးမှ ပြန်လွှတ်လိုက်တာ။ လာမယ့်ဒီဇင်ဘာ ၂၂ ရက်မတိုင်ခင် ပုတီးပတ်စေ့ရမတဲ့။ အကယ်၍ ပုတီးပတ်မပြည့်ခဲ့ ရင် 'လောရှည်၊ လံဘားနဲ့ အာဘောင်နီ'တို့ကို လွှတ်လိုက်မတဲ့။ မစ္စတာ ကရွှန်းနားတော့ ဒီတစ်ချီ ရူးမသွားရင်ကံကောင်းပဲ"

"နေပါဦး ... အဲဒီလူတွေက ဘာတွေမို့တုံး"

"လူတွေမဟုတ်ဘူး ... အိုင်ပီရေ့၊ တောကြီးမြွေဟောက်ကြီး တွေ ခင်ဗျ"

"မြတ်စွာဘုရား ..."

မည်သို့ပင်ဖြစ်စေ ... သာယာဝတီနယ်မှ ဆရာစံ၏ 'ဂဠုန် တပ်ဖွဲ့များ' ၏ 'အရေးတော်ပုံကြီး' တားသွားတစ်ချက် မဝင့်ရသေးမီ သေနတ်တစ်ချက် မဖောက်ရသေးမီ မင်းလှနယ် 'စိန်ကန့်လန့်' တော ကြီးအတွင်း၌ အင်္ဂလိပ်တပ်မှ လက်နက်နှင့် ကျည်ဆန်များ မြိုင်မြိုင် အသိမ်းခံလိုက်ရသည့် ဖြစ်ရပ်ကားကောင်း။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်တိုင် . . . နောက်ထပ် သုံးနေ့နှင့် သုံးညဥ့်လုံးလုံး ဆင်သမား၊ သစ်သမားများကို တရစပ်ပိုက်စိပ်တိုက်၍ စစ်ကြောခဲ့သေးသော်လည်း 'ဂျွန်တယ်ဖွဲ့'အကြောင်း တစ်စွန်းတစ်စမျှ မသိခဲ့ပြေန်။

သူတို့ တညီတညွတ်တည်း ပြောနိုင်သည့် ပြောခဲ့ကြသည့် စကားကား တစ်ခွန်းတည်း။

'ဖမ္ဘူဒီပါ လက်ျာတောင်ကျွန်း နေဝန်းသစ်ပေါ်တော့မည်' . . . တဲ့။

အိုင်ပီမင်းခေါင်ကတော့ တစ်စုံတစ်ရာကို ရိပ်မိထားသလို ခေါင်းကြီးတညိတ်ညိတ်။

'စိန်ကန့်လန့်'တောကြီးကား တိတ်တိတ်ဆိတ်ဆိတ်။

'ဩော် . . . ဖမ္ဘူဒီပ်မှာ၊ နိမိတ်' . . . တဲ့။ ။

'ရတနာတြိနမာမိ'
မိုးကျရွှေကိုယ်



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

သော်မဆင်ရိပ်သာသည် အေးအေးချမ်းချမ်းနှင့် နေချင်စရာကောင်းသောနေရာဖြစ်ပါသည်။ ဖာ့စ်တ်သွင်မဆင်ရိပ်သာတွင် နေထိုင်သူ 'ဂျက်ကလင်း'မှာ အင်္ဂလိပ်မိသားစုမှ မွေးဖွားလာသူဖြစ်သည်။ သော်မဆင်ရိပ်သာထိပ် (ယခု ဗိုလ်တထောင်ဘုရားလမ်း)တွင် အင်္ဂလိပ်မကြီးတွေသင်သည့် ဘိုကျောင်းမှာကျောင်းတက်ခဲ့ရာ အင်္ဂလိပ်ကပြား 'ဘောဘီ' နှင့် တွေ့ဆုံခင်မင်ခဲ့ကြသည်။

'ဂျက်ကလင်း'သည် မြန်မာပြည်မှာ အနေကြာလာသောအခါ မြန်မာစကားလည်း တတ်လေသည်။ 'ဘောဘီ'မှာ မြန်မာပြည်တွင် မွေး





ဖွားသူဖြစ်၍ မြန်မာလိုသာ ပြောလေသည်။ သူ့ကိုသူလည်း ကပြားဟု မယူဆပေ။ ဗမာဟုသာယူဆထားသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ ဖြစ်သည်။

ဘိုကျောင်းတက်သဖြင့် အင်္ဂလိပ်လိုကျွမ်းကျင်သော ဘောဘီသည် 'ဂျက်ကလင်း'တို့အိမ်သို့ အလည်သွားလျှင် 'ဂျက်ကလင်း' မိဘများနှင့်သာ အင်္ဂလိပ်လိုပြောပြီး ကျွန်သူငယ်ချင်းနှစ်ယောက်မှာ ဗမာစကားကိုပင် အပြောများကြလေသည်။

ကျောင်းပြီးသွားသောအခါ 'ဘောဘီ'က အစိုးရရုံးတစ်ရုံးမှာ အလုပ်ဝင်လုပ်သည်။ 'ဂျက်ကလင်း'မှာ မိဘများပေးစားသော အင်္ဂလိပ်အရာရှိတစ်ဦးနှင့် လက်ထပ်ကာ သော်မဆင်မှာပင် ဆက်လက်နေထိုင်ခဲ့သည်။ ကျောင်းသားဘဝက တစ်ယောက်အိမ်တစ်ယောက် ကူးသန်းသွားလာမှုရှိသော်လည်း အိမ်ထောင်သည်ဖြစ်သော 'ဂျက်ကလင်း' မှာ 'ဘောဘို'အိမ်သို့ အရောက်အပေါက် နည်းခဲ့သည်။

အပျိုကြီးဖြစ်သော ဘောဘီကသာ 'ဂျက်ကလင်းအိမ်' သို့ အရောက်များခဲ့သည်။ ရုံးပိတ်ရက်တစ်ရက်တွင် 'ဘောဘီ'သည် 'ဂျက်ကလင်း'အိမ်သို့ ရောက်သွားသည်။ ဂျက်ကလင်းကို အဆင်သင့်တွေ့ရသည်။ တွေ့တွေ့ချင်းပင် ဂျက်ကလင်းက ...

"ဟယ် ... ဘောဘီ အတော်ပဲ နင့်ကိုငါမျှော်နေတာ"

"ဘာကိစ္စရှိလို့လဲ ဂျက်"

"နင် အိပ်မက်ကို ဘယ်လိုယူဆသလဲ ဘောဘီ"

ဟု ဂျက်က အရင်းမရှိ အဖျားမရှိ ပြောလေသည်။

"ဂျက်ကလည်း အိပ်မက်ပါဆိုမှ အိပ်မက်လို့ပဲ ယူဆရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ တခြားဘာကို ထူးထူးခြားခြား ယူဆရမှာလဲ ကပ်သီးကပ်သပ်”

ဟု ဘေဘီကပြန်ပြောတော့ . . .

“မဟုတ်ဘူးဘေဘီ . . . ဂျက် တကယ်အတည်ပြောနေတာ။ အိပ်မက်က တကယ်ထူးခြားပြီး စိတ်ထဲမှာစွဲနေတာ။ ဒါတွေဟာ တကယ်ဖြစ်လာနိုင်တယ်လို့လည်း ယူဆမိတယ်”

“ဒါဆို ဘေဘီတောင် စိတ်ဝင်စားလာပြီ။ ‘ဂျက်’ အိပ်မက်အကြောင်း ပြောပြပါလား”

“ဒီလို ဘေဘီ . . ။ အိပ်မက်ထဲမှာ အခုပြင်နေတဲ့ ဗိုလ်တထောင်ဘုရားမှာ ဘေဘီတို့ကိုးကွယ်နေတဲ့ ရုပ်ပွားတော်ပုံစံမျိုး ရုပ်ပွားတော်နှစ်ဆူ လှူပေးပါတဲ့။ ဘုရားကလည်း ဘေဘီတို့အခေါ်အတိုင်း ပြောရရင် တအားသပ္ပာယ်တာပဲ။

ရတနာစစ်တွေ စီခြယ်ထားတာလည်း ဖိတ်ဖိတ်တောက်နေတာပဲ။ ဂျက်က အဲဒီလောက် အဖိုးတန်တဲ့ဘုရား လှူနိုင်ဖို့ ပိုက်ဆံမရှိဘူးလို့ပြောတော့ မပူပါနဲ့၊ ငွေတွေ တစ်နည်းနည်းနဲ့ရမှာ။ ရုပ်ပွားတော်လှူမယ်လို့ ကတိသာပေးပါလို့ ပြောတယ်”

“ဂျက်က အိပ်မက်ထဲမှာ ဘာပြန်ပြောလိုက်သလဲ”

“ငွေလုံလောက်အောင်ရရင် ရုပ်ပွားတော်လှူပေးမယ်’ လို့ ကတိပေးလိုက်တယ်။ ဆယ်ရက်အတွင်းမှာ မမျှော်မှန်းနိုင်တဲ့ဝင်ငွေ အလုံးအရင်း ရလိမ့်မယ်၊ ကတိတည်ပါလို့ သတိပေးနေတုန်း ဂျက်လည်း အိပ်ရာက နိုးလာရော”

“ဂျက်အိပ်မက်က တော်တော်ထူးဆန်းတာပဲ။ ဆယ်ရက်အတွင်း ငွေများရမလားမသိဘူး”



“ဂျက်စိတ်ထဲမှာ အဲဒီငွေတွေ တကယ်ရလိမ့်မယ်လို့ ထင်နေတယ်”

“ဘေဘီ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ဒီကြားထဲ ထူးခြားလာရင် ဘေဘီ့ဆီ ဖုန်းဆက်လိုက်နော်”

ထိုနေ့က သူငယ်ချင်းနှစ်ယောက် ကြိုက်တတ်သည့် အစားအသောက်များ လုပ်ကိုင်စားသောက်၊ စကားတွေတဝပြောကာ ဘေဘီသည် ပုဇွန်တောင်ဈေးအနီး၊ ရွှေဘုန်းပွင့်ဘုရားအနီးရှိအိမ်သို့ ပြန်လာခဲ့လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

❑

ဤသို့ဖြင့် နှစ်ရက်ခန့်ကြာသောအခါ ရုံးအလုပ်များအား စိတ်ဝင်တစားလုပ်နေစဉ် ...

"ဒေါ်ဘေဘီ ... ဖုန်းလာတယ်"

ဆို၍ ဖုန်းကိုင်လိုက်သောအခါ တစ်ဖက်မှ 'ဂျက်' အသံကို ကြားရသည်။

"ဘေဘီလား ... ဂျက်ပါ။ ယူ့ကိုပြောတဲ့အိပ်မက်ကို မှတ်မိသေးလား။ အဲဒါ အခု အရမ်းထူးခြားတယ်။ ပြောစရာတွေ အများကြီးရှိတယ်။ ရုံးဆင်းရင် အိမ်ကိုလှည့်ဝင်ခဲ့ပါ"





"ကောင်းပြီလေ ... ရုံးဆင်းရင် ဂျက်ဆီဝင်လာခဲ့ပါ့မယ်"

ဖုန်းချသွားသောအခါ ဘေဘီမှာ ဂျက်ပြောမည့် အကြောင်းအရာမှာ ဘာတွေများဖြစ်မလဲ၊ ဘယ်လောက်များ ထူးဆန်းလေမလဲနှင့် အမျိုးမျိုးတွေးနေမိသည်။ အိမ်အပြန်နောက်ကျမည်၊ သော်မဆင်ရှိ ဂျက်အိမ်ကိုသွားမည်ဟု မိဘများထံ ဖုန်းဆက်ပြောကြားပြီး ရုံးဆင်းသည်နှင့် ဂျက်ဆီ အရောက်ပြေးခဲ့မိလေသည်။

"လာ ... လာ ... ဘေဘီ၊ အမောပြေ အအေးလေးသောက်လိုက်ဦး"

"အအေးထက် ဂျက်ပြောမဲ့ ထူးခြားချက်ဆိုတာကို ဘေဘီက ပိုပြီးစိတ်ဝင်စားနေတာ"

"ပြောပြမှာပါ။ ပြောချင်လွန်းလို့ ဖုန်းဆက်တာပဲ"

"ပြောပါဦး ဘာတွေထူးခြားနေတာလဲ"

"အိပ်မက်ထဲကအတိုင်းပဲ မနေ့က ငွေတွေ အစုလိုက်အပုံလိုက်ရတယ်။ ဂျက် ဒီလောက်အများကြီး၊ ဒီလောက်မြန်မြန်ရမယ်လို့ မထင်မိဘူး"

"ဘယ်လိုနည်းနဲ့ရတာလဲ ဂျက်"

"ဂျက်တို့ကုမ္ပဏီက သွင်းတဲ့ပစ္စည်းတွေ အခါတိုင်း တစ်လနှစ်လရောင်းမှ ကုန်တာလေ။ အခု တစ်ရက်တည်းနဲ့ ဖောက်သည်တွေ လှုသွားကြတာ ကုန်သွားရော။ အမြတ်တွေကလည်း မလိုချင်အောင်ရလိုက်တယ်"

"ဟုတ်လား ... အံ့ဩစရာကောင်းလိုက်တာ ဂျက်ရယ်"

"ဒါလေးနဲ့ မအံ့ဩနဲ့ဦး။ ဒီထက်ထူးဆန်းတာ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဂျက် အိပ်မက် ထပ်မက်ပြန်တယ်။ အိပ်မက်ထဲမှာ ငွေတွေ ဝှဲလိုက်ပြီ၊ ဘုရားရုပ်ပွားတော်လှူဖို့ပဲ လိုတော့တယ်။ ရုပ်ပွားတော်ရှိတဲ့နေရာရယ်၊ လှူရမယ့်နေရာနဲ့ နေ့ရက်ကို နောက်မှပြောပြမယ်လို့ မက်တယ်။ ဒီငွေထဲက သုံးပုံတစ်ပုံကို ဂျက်လိုရာသုံးနိုင်တယ်လို့လည်း ပါသေးတယ်"

"ဒါဆိုရင်တော့ ဂျက်ပေးထားတဲ့ကတိအတိုင်း ရုပ်ပွားတော် လှူဖို့ပဲ လိုတော့တာပေါ့"

"ဟုတ်တယ် ဘေဘီ။ ရုပ်ပွားတော်ရနိုင်တဲ့နေရာတို့၊ လှူ မယ့်နေရာနဲ့ နေ့ရက်တို့သိရရင် ဂျက် လှူပေးမယ်။ ဂျက်ရဲ့ ဒက်ဒီ မာမီနဲ့ ဒါလင်တို့က လုပ်ငန်းတွေအဆင်ပြေလို့ အရမ်းအံ့ဩနေကြ တယ်။ ဂျက်အိပ်မက်အကြောင်းကို ပြောပြထားလို့ ရုပ်ပွားတော်လှူ သူတို့ကလည်း စိတ်ထက်သန်နေကြတယ်"

မဘေဘီသည် ထိုအကြောင်းများကို သိရပြီးနောက် ရုံးပိတ် ရက်တစ်နေ့တွင် မဘေဘီနေထိုင်ရာ ပုစွန်တောင်အိမ်သို့ ဂျက်ရောက် လာခဲ့သည်။

"အိပ်မက်အကြောင်းပြောဖို့လား ဂျက်"

ဟု မဘေဘီက စကားစတော့ ...

"ဟုတ်တယ် ဘေဘီ၊ အခုအိပ်မက်က တစ်မျိုး။ ဂျက်ရဲ့ ဟာ ဟိုအရင်ဘဝတွေက ဗုဒ္ဓဘာသာပဋ္ဌာန်းဆက်တွေ ဖြစ်တယ်တဲ့ အခုဘဝမှာ ဗုဒ္ဓဘာသာဝင် မဖြစ်ချင်ဘူးလားလို့ မက်တယ်"

"ဂျက်အိပ်မက်က အရမ်းကို ထူးဆန်းနေပါလား။ ဘေဘီ တောင် လိုက်လို့မမီတော့ဘူး"



"ဂျက်အိပ်မက်ထဲမှာ နောက်(၅)ရက်အတွင်းမှာ ငွေတွေ အစု လိုက်အပုံလိုက် ရဦးမယ်လို့ ပါသေးတယ်"

"ဒီတစ်ခါလည်း မှန်လိမ့်ဦးမယ်ထင်တယ်"

နောက်လေးရက်ခန့်အကြာတွင် ဂျက်ထံမှ ဖုန်းလာပြန်သည်။

"ဘေဘီရေ ... ဒီတစ်ခါလည်း မှန်ပြန်ပြီ။ ဂျက်တို့ သွင်း ကုန်လိုင်စင်တစ်ခုကနေ မမျှော်လင့်ဘဲ ငွေတွေမြတ်လိုက်ပြန်ပြီ"

"ဝမ်းသာစရာပေါ့ ဂျက်ရယ်"

"ဒါတင်မကသေးဘူး နောက်တစ်ကြိမ်လည်း ငွေတွေရဦး မယ်တဲ့။ အဲဒီအကြိမ်ငွေတွေရပြီးရင် ဂျက် ဗုဒ္ဓဘာသာဝင်အဖြစ် ကူး ပြောင်းလိမ့်မယ်လို့ အိပ်မက်ထပ်ပြီး မက်သေးတယ်"

"ဂျက်စိတ်ထဲမှာရော ဘယ်လိုရှိလဲ"

"ဂျက်စိတ်ထဲမှာ ဗုဒ္ဓဘာသာဝင် ဖြစ်ချင်တဲ့စိတ်တွေ ဖြစ်နေ တယ်"

"အံ့ဩစရာပါလား။ ဂျက်စိတ်တွေ ပြောင်းလဲနေတာလား"

"ဟုတ်တယ် ဘေဘီ။ သူ့အလိုလို ဗုဒ္ဓဘာသာဝင်အဖြစ် ပြောင်းချင်စိတ် ပေါ်နေတာ။ လိုအပ်ရင် ဘေဘီကူညီရမယ်နော်"

"စိတ်ချပါ ဂျက်ရယ်၊ ဘေဘီအတတ်နိုင်ဆုံး ကူညီပါ့မယ်"

"ဒါပဲနော် ဘေဘီ၊ ဂျက်အကြောင်းရှိရင် ဖုန်းဆက်ခေါ်လိုက် မယ်"

"အချိန်မရွေးဆက်လိုက်ပါ။ ဘေဘီလာခဲ့ပါ့မယ်"

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❑

၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်၊ ၁၃၁၇ ခုနှစ်၊ ပြာသိုလဆန်း (၉)ရက်နေ့၊ နှင်းများလည်း ဝိတ်နေအောင် ကျနေပါသည်။ ရုံးပိတ်ရက်ဖြစ်၍ မဘောဘီသည် ချမ်းချမ်းနှင့် အိပ်ရာကမထသေးဘဲ ဖိမ်နှင့် ကွေးနေမိသည်။ ဂျက်ကိုလည်း သတိရနေသည်။ သူ့အိပ်မက်တွေ ဘာများ ထူးခြားမှုရှိနေလဲဟု စဉ်းစားနေစဉ်နံနက် (၁၀)နာရီထိုးကာနီးတွင် အိမ်ရှေ့မှ ခေါ်သံကြားရလေသည်။

"ဘောဘီရေ ... ဘောဘီ ..."

ဂျက်အသံမှန်းသိ၍ မဘောဘီ တံခါးထဖွင့်ပေးလိုက်သည်။

"အခုမှ အိပ်ရာကနိုးတာလား ဘောဘီ"



"နိုးနေတာတော့ ကြာပြီ၊ ချမ်းတာနဲ့ ကွေးနေတာ။ ဂျက်အကြောင်းစဉ်းစားနေတုန်း ဂျက်ရောက်လာတာပဲ"

"ဂျက်က ဗိုလ်တထောင်ဘုရားမှာ အခု နံနက် ၉း၄၅ မိနစ်မှာ ရုပ်ပွားတော်နှစ်ဆူနဲ့ ရတနာတွေ လှူခဲ့ပြီးပြီ။ အဲဒီအကြောင်းပြောချင်လို့ ဘောဘီ့ဆီကို လှည့်ဝင်လာတာ"

"ဆိုပါဦး ... သိရအောင်"

"ဘောဘီကိုပြောပြီး မကြာခင် အိပ်မက် ထပ်မက်ပြန်တယ်။ ငွေတွေ ရလိမ့်မယ်တဲ့။ မက်တဲ့အတိုင်း လုပ်ငန်းအဆင်ပြေပြီး ငွေတွေရတာပဲ။ ငွေရပြီးတဲ့ညမှာပဲ နောက်ထပ်အိပ်မက်တစ်ခု မက်တယ်။ အိပ်မက်ထဲမှာ ဂျက်လှူရမယ့် ရုပ်ပွားတော်ပုံကို မြင်ရတယ်။ ရှိနေတဲ့နေရာကိုလည်း ပြောတယ်။

ဇန်နဝါရီ ၂၀ ရက် (၁၃၁၇) ခုနှစ်၊ ပြာသိုလဆန်း (၉)ရက်စနေနေ့နံနက် ၉း၄၅ မှာ ရုပ်ပွားတော်နှစ်ဆူကို ဗိုလ်တထောင်ဘုရားမှာ လှူရမယ်။ အဖော်နှစ်ယောက်သာ ခေါ်သွားပြီး မြန်နန်းနွယ်ဆိုတဲ့အမည်နဲ့ လှူပြီးပြီးချင်း ချက်ချင်းပြန်ရမယ်လို့လည်း အိပ်မက်ထဲမှာသိရတယ်။

"ဒါနဲ့နေပါဦး ... ဂျက်ကို မေးပါဦးမယ်။ အိပ်မက်ထဲကအတိုင်းရှာတော့ ရုပ်ပွားတော်နှစ်ဆူကို တွေ့ရလား"

"တွေ့တယ် ဘောဘီ၊ အိပ်မက်ထဲကအတိုင်းပဲ။ [illegible]တန်ရတနာတွေစီချယ်ထားတဲ့ ရုပ်ပွားတော်နှစ်ဆူလုံးကို ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်မှာ တွေ့ရတာ။ ဒါနဲ့ဂျက်လည်း သူတို့ဆိုတဲ့ဈေးအတိုင်းမဆစ်ပဲနဲ့ တစ်ခါတည်း ဝယ်လာခဲ့တာ။ ဒီနေ့ ဇန်နဝါရီ (၂၀) ရက်



www.burmeseclassic.com

www.burmeseclassic.com



စနေနေ့လေ။ အဲဒီရုပ်ပွားတော်နှစ်ဆူ လှုပြီးပြီးချင်း ကားပေါ်တက်ပြီး ချက်ချင်း မောင်းထွက်ခဲ့တာ"

"ဟုတ်လား ... ဘာလို့ချက်ချင်းကြီး မောင်းထွက်လာရလဲ"

"အိပ်မက်ထဲက ညွှန်ကြားချက်အတိုင်း လိုက်နာတာလေ .. ဘေဘီရဲ့။ အိပ်မက်ထဲမှာပြောတာက ကျက်တို့မိသားစုက လူမျိုးခြားတွေ (အင်္ဂလိပ်)တွေဖြစ်ပေမယ့် စိတ်ထားဖြူစင်သူတွေဖြစ်တယ်။ ဗုဒ္ဓဘာသာဝင် ပဋ္ဌာန်းဆက်တွေဖြစ်လို့ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းဖို့ အချိန်တန်ပါပြီလို့လည်း ပါသေးတယ်။ အဲဒါ ဂျက်စိတ်ထဲမှာလည်း ဗုဒ္ဓဘာသာဝင် အရမ်းဖြစ်ချင်နေတာ။ ဘေဘီ ကူညီပေးပါ"

"ကူညီပါ့မယ် ... ဂျက်ရယ်။ ဘေဘီကတိပေးထားတဲ့အတိုင်း ကူညီပေးမှာပါ"

"ဗုဒ္ဓဘာသာ အသုံးအနှုန်းတွေကို သင်ပေးပါဦး"

"ဘာမှမခက်ပါဘူး။ ဘေဘီဘုရားသွားရင် ဂျက်လည်းပါလာနေကျပဲ။ ဘုရားရှိခိုးရင် ထိခြင်းကြီးငါးပါးနဲ့ ဘေဘီရှိခိုးသလို ရှိခိုးပေါ့။ ဘုန်းကြီးကိုရှိခိုးရင်လည်း အဲဒီနည်းအတိုင်း ရှိခိုးရတယ်"

"ထိခြင်းကြီးငါးပါးဆိုတာ ဘာလဲဘေဘီ"

"ထိခြင်းကြီးငါးပါးဆိုတာ လက်နှစ်ဖက်နဲ့ ကြမ်းပြင်နဲ့ထိရမယ်။ တံတောင်နှစ်ဖက်နဲ့ ကြမ်းပြင်နဲ့ထိရမယ်။ ဒူးနှစ်ဖက်နဲ့ကြမ်းပြင်နဲ့ထိရမယ်။ ခြေဖျားနှစ်ဖက်နဲ့ ကြမ်းပြင်နဲ့ထိရမယ်။ နဖူးနဲ့ကြမ်းပြင်နဲ့ ထိရမယ်လို့ဆိုလိုတာ။ ဘုရားရှိခိုးပုံရှိခိုးနည်းလည်း ဘေဘီပြမယ် ကြည့်နေ"

ဟုဆိုကာ ထိခြင်းကြီးငါးပါးဖြင့် ရှိခိုးပြလိုက်သည်။





"ဘုန်းကြီးနဲ့ စကားပြောရင်ရော"

"ဘေဘီတို့က ကျောင်းထိုင်ဘုန်းကြီးကို ဆရာတော်လို့ခေါ်တယ်။ လိုက်ခေါ်ကြည့်"

ဟုပြောကာ ဂျက်ကိုအခေါ်ခိုင်းရသည်။ မြန်မာစကား ရေရေလည်လည်တတ်သော ဂျက်အတွက် အခက်အခဲမရှိပေ။

"ဘုန်းကြီးက ခေါ်လို့ရှိရင် 'ဘုရား'လို့ ပြန်ထူးရတယ်"

"ဒါပဲလား"

"အခြေခံအားဖြင့် ဒါတွေကိုသိထားရမှာ။ နောက် တဖြည်းဖြည်း ဂျက်သိလာမှာပါ"

"ဘုရားကို အဲလိုရှိခိုးတာနဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်ရောလား"

"ဘေဘီတို့ ဗုဒ္ဓဘာသာမှာတော့ သရဏဂုံ အရင်တည်ရတယ်"

"သရဏဂုံဆိုတာ ဘာလဲဘေဘီ"

"သရဏဂုံဆိုတာ သုံးပါးရှိတယ်။ အဲဒါတွေကတော့ ဘုရား။ တရား။ သံဃာ ဆိုတာတွေပဲ။ လောကမှာ အမြတ်ဆုံးတရားတွေမို့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုပြီး ရတနာမြတ်သုံးပါးလို့လည်း ခေါ်ကြတယ်။ ပါဠိလို ...

**ဗုဒ္ဓံသရဏံဂစ္ဆာမိ** – (ဗုဒ္ဓံ–မြတ်စွာဘုရားအား။ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–မှတ်ဝဲဆည်းကပ်ပါ၏။)၊

**ဓမ္မံသရဏံဂစ္ဆာမိ** – (ဓမ္မံ–တရားတော်မြတ်ကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–မှတ်ဝဲဆည်းကပ်ပါ၏။)၊

**သံဃံသရဏံဂစ္ဆာမိ** – (သံဃံ–သံဃာတော်အရှင်မြတ်တို့



www.burmeseclassic.com

www.burmeseclassic.com



အား၊ သရဏဲ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–မှီဝဲဆည်းကပ်ပါ၏ . . . အရှင်ဘုရား)ဆိုပြီး ပါဠိလိုဆိုရင်လည်း ရတယ်။ အဲဒါကို ဘုန်းကြီးရဟန်းရှေ့မှာ၊ ဒါမှမဟုတ် ဘုရားရှေ့မှာ သုံးကြိမ်ရွတ်ဆိုရတယ်။ အဲဒီလိုရွတ်ဆိုပြီးရင် သရဏဂုံတည်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ပြီ။

"ဘေဘီပြောတာတွေ လိုက်ကျက်ထားမယ်"

"ဘေဘီတို့ကိုးကွယ်တဲ့ ဆရာတော်ရှိပါတယ်။ သရဏဂုံတည်ရုံ၊ ဗုဒ္ဓဘာသာဝင်ဖြစ်ရုံနဲ့ မပြီးသေးဘူးလေ။ ကျင့်ကြံပွားများအားထုတ်ရမယ့် တရားတော်တွေ ရှိသေးတယ်။ ဘုရားဟောကြားတော်မူခဲ့တာ အဲဒါကို သံဃာတော်အရှင်သူမြတ်တွေက ဆက်လက်ထိန်းသိမ်းပြီး ဒကာဒါယိကာမတွေကို ဟောပြောညွှန်ကြားပေးနေတာ။ 'ဂျက်'ကို ဆရာတော်ထံ အပ်ပေးပါ့မယ်"

✿ ✿ ✿

| ၄ |

❑

သော်မဆင်ရိပ်သာရှိ 'ဂျက်'တို့၏နေအိမ်တွင် ဘုရားကျောင်းဆောင်၌ ဗုဒ္ဓရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်လျက်ရှိပါသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအားရည်မှတ်၍ သစ်သီးမျိုးစုံ၊ ပန်း၊ ရေချမ်း၊ ဆီမီးအမွှေးတိုင်တို့ကိုလည်း ကပ်လှူပူဇော်ထားပါသည်။

သံဃာတော်ငါးပါးအား ကပ်လှူရန် ဆွမ်းပွဲ၊ အချိုပွဲများလည်း ပြည့်စုံစွာ ပြင်ဆင်ထားရှိပြီးဖြစ်ပါသည်။ တံခွန်၊ ကုက္ကား၊ မှလေးများ အစရှိသည်တို့အား သံဃာငါးပါးအတွက် အစည်းငါးစည်းကိုလည်း အဆင်သင့် ပြင်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘေဘီ ...ဒီနေ့ ဂျက်စိတ်ထဲ ဘယ်လိုကြည်နူးနေမှန်း မသိပါဘူး"

"ဗုဒ္ဓမြတ်စွာဘုရားရဲ့ မေတ္တာတော်အရိပ်ကို ခိုလှုံနေရလို့ အေးချမ်းမှုကိုရနေတာ ဖြစ်မှာပေါ့ ဂျက်ရယ်"

"ဟုတ်တယ် ...။ ဒါထက် ဒက်ဒီ၊ မာမီနဲ့ ဒါလင်တို့လည်း ဗုဒ္ဓဘာသာကိုဝင်ဖို့ ပြင်ဆင်ပြီးပြီ။ ဗုဒ္ဓဘာသာနဲ့စပ်ဆိုင်တဲ့ အချက်တွေကို ဘေဘီ့ဆီက သင်လို့ရသလောက် သူတို့ကို ဂျက်ကတစ်ဆင့် ပြန်ပြီးသင်ပေးထားတယ်"

"ဟုတ်လား ...ဘေဘီက 'ဂျက်' တစ်ယောက်တည်း ဝင်မယ်ထင်နေတာ"

"ဂျက်အိပ်မက်တွေကို ပြောပြီး အပြင်မှာ တကယ်ဖြစ်နေကတည်းက သူတို့လည်း ဗုဒ္ဓဘာသာဝင်ဖြစ်ချင်နေကြတာ ဘေဘီရဲ့"

"ကောင်းတာပေါ့ ...ဂျက်ရယ်၊ ဒါဆို ဂျက်တို့တစ်မိသားစုလုံး ဗုဒ္ဓဘာသာဖြစ်ကြပြီပေါ့"

"ဒါထက် ...ဟိုတစ်နေ့ ဂျက် ဗိုလ်တစ်ထောင်ဘုရားဘက်ကို ရောက်တယ်။ ဘုရားလူကြီးတွေက ဂျက်ကို မမှတ်မိဘူး။ မြနန်းနွယ်ဘုရားကို ဖူးနေကြတဲ့လူတွေက ဂျက်ကို မြနန်းနွယ်လို့ ထင်နေကြတာ။ ဒီဘုရားတွေကို မြနန်းနွယ်ကိုယ်တိုင် လာလှူသွားတာတဲ့။

ဘုရားလှူပြီးတော့ အလှူရှင်အကြောင်း မေးမယ်လုပ်တော့ မြနန်းနွယ်နဲ့ အဖော်နှစ်ယောက်ကို ဘုရားလူကြီးတွေ ရှာလို့မတွေ့တော့ဘူးလို့ ပြောနေကြတယ်။ 'ဂျက်'ကိုလည်း လူမျိုးခြားဆိုတော့ ဘုရားလှူသွားတဲ့ အမျိုးသမီးမှန်း မသိကြဘူး"





"ဘေဘီဘုရားရောက်တုန်းကလည်း ကြားခဲ့သေးတယ်။ မြနန်းနွယ် ဘုရားလာလှူတဲ့နေ့က အရင်ဆုံး အမွှေးနံ့တွေ ရနေတာတဲ့။ မြနန်းနွယ်ရောက်လာတော့လည်း တစ်ဆောင်လုံးကို မွှေးနေတာပဲတဲ့။ အဖော်နှစ်ယောက်လည်း ပါလာတယ်။ မြနန်းနွယ်က အသားလေးကို ဝင်းအိပြီး အရမ်းချောတာပဲတဲ့။ ဘုရားလှူဖို့လာတော့ ကားနဲ့လာပြီး ပြန်တော့လည်း ကားနဲ့ပြန်သွားတာတဲ့။ အဲဒီလိုပြောနေကြတာ"

"ဟုတ်လား ....ဂျက်က ပြင်သစ်ရေမွှေးကြိုက်တော့ အကောင်းစားရေမွှေးနံ့ကို ရကြတာဖြစ်မှာပါ။ နှင်းတွေပိတ်နေတဲ့ကြားထဲ ရုတ်တရက်ရောက်လာပြီး အလှူရှင်အမည်ကို မြနန်းနွယ်လို့ပြောပြီး လှူခဲ့တာဆိုတော့ ဂျက်ကို မြနန်းနွယ်လို့ပဲပဲ ထင်သွားကြမှာပေါ့"

"ဘေဘီလည်း သိထားသလောက်တော့ ပြောပြချင်တာ။ ဒါပေမဲ့ မယုံကြည်ကြဖို့များနေတော့ ဘာမှရှင်းပြမနေတော့ဘူးလေ"

"ဂျက်လည်း ဘေဘီလိုပါပဲ။ ပြောပြလိုက်မှ ပိုရှုပ်ကုန်မှာစိုးတာကတစ်ကြောင်း၊ 'ဂျက်'သိထားတာတွေကိုလည်း ပြောဖို့ ခွင့်မပြုထားတော့ မပြောရဲတာလည်းတစ်ကြောင်း ဘာမှမရှင်းဘဲနေခဲ့တာ"

"စကားကောင်းနေလိုက်ကြတာ ဆရာတော်တို့ ကြွလာကုန်ပြီ"

ဆရာတော်နှင့် ရဟန်းငါးပါး နေရာယူပြီးသောအခါ ရှေးဦးစွာ ဘုရားအနေကစာ တင်ပေးကြပါသည်။ 'ဂျက်'တို့မိသားစုနှင့် ဆရာတော်တို့အား မဘေဘီက မိတ်ဆက်ပေးသည်။ 'ဂျက်'၏အဖြစ်အပျက်တို့အား မဘေဘီက ကြိုတင်လျှောက်ထားပြီးဖြစ်၍ ဆရာတော်မှာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံသိထားပြီး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ အခြေခံသဘောတရားများကိုလည်း မဘောဘီက ကြိုတင်သင်ကြားပေးထား၍ ဆရာတော်နှင့် ဂျက်တို့မိသားစု စကားပြောဆိုလျှောက်ထားမှု အဆင်ပြေနေသည်။

"ဒကာမကြီးဂျက်ဟာ ထူးခြားတဲ့ ပါရမီရှင်တစ်ဦးပါပဲ။ အင်မတန်ထူးခြားတဲ့ ပဋ္ဌာန်းဆက်ကြောင့်သာ ကိုးကွယ်ရာအစစ်အမှန်ကို ရရှိခြင်းဖြစ်ပေတယ်"

ဟု ဆရာတော်က မိန့်ကြားပါသည်။ ဗုဒ္ဓဘာသာနှင့် စပ်ဆိုင်သမျှ အရေးကြီးသည့် အကြောင်းအရာများကို အကျဉ်းချုံးကာ ဆရာတော်မှ တရားဟောပါသည်။ ထို့နောက် 'ဂျက်'တို့မိသားစုအား သရဏဂုံကိုတည်စေပါသည်။ ဆရာတော်ကချပေး၍ 'ဂျက်'တို့အားလုံး ပီပီသသ လိုက်ဆိုကြပါသည်။

'ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ' ဟု သုံးကြိမ်ရွတ်ဆိုကာ ဆရာတော်ရှေ့မှောက်၌ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းလိုက်ကြပေတော့သည်။

✿ ✿ ✿

❑

ဤဝတ္ထုသည် ကိုယ်တိုင်ရေးဆောင်းပါး (ကျွန်မသိထားသည့် ဘုရားဒါယိကာမ မြနန်းနွယ်) ဆောင်းပါး (ဘုန်းရောင်၊ ဂမ္ဘီရ သုတ၊ ရသဂျာနယ် အမှတ် (၃)၊ ၁၃-၂-၂၀၀၉ ထုတ်) အား ဝတ္ထုအသွင် ပြန်လည်ရေးဖွဲ့ခြင်း ဖြစ်ပါသည်။ ဝတ္ထုပါ 'ဂျက်ကလင်း'မှာ အမည်ရင်း မဟုတ်ပါ။ စာရေးသူ၏ စိတ်ကူးယဉ်ပေးထားသော အမည်ဖြစ်ပါသည်။

နိုင်ခန့်သိင်ဇာ

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

ကျွန်တော်တို့က လူငယ်တွေဆိုတော့ ပရဝိညာဉ်လောက ရှိတယ်၊ မရှိဘူးကိုတော့ အတိအကျမသိပါဘူးဆရာ။

ဒါပေမဲ့ ယနေ့ခေတ် ကျွန်တော်တို့လူငယ်များဟာ ဘာသာရေးအသိနဲ့ သိပ်အလှမ်းမဝေးကြဘူး ဆရာနုတ်ရေ။

တရားပွဲပေ့ဆို ဆရာအမြင်ပါပဲ။ လူငယ်တွေမှ အများအပြားနာယူကြတာ။ အရှင်ဆေကိန္ဒ၊ အရှင်ဆန္ဒာဓိက၊ အရှင်ဦးကုမာရ်လ၊ မေတ္တာရှင်ရွှေပြည်သာ၊ ရွှေဟသ်ာဆရာတော်၊ စစ်ကိုင်းတောင်ရိုး ကမ္ဘာ့



www.burmeseclassic.com

www.burmeseclassic.com



ပါဠိတက္ကသိုလ်ဆရာတော် စသည့် ထေရဝါဒဆရာတော် အရှင်သူမြတ်များရဲ့ တရားပွဲများမှာ ကျွန်တော်တို့လူငယ်တွေ သက်ဝင်ယုံကြည်စွာ နာယူကြရတာပါ။

ကျောင်းသင်ဘာသာရပ်နဲ့တင် လူ့ဘဝက မပြည့်စုံဘူးဆရာ။ လူဟာ ဘာသာရေးရဲ့ အဆုံးအမအောက်မှာနေမှ လူ့ဘဝစစ်မှန်စွာ ပီသရတာ။

ဒီတော့ ကျွန်တော်တို့ ကံ,ကံ၏အကျိုးကိုလည်းကောင်း၊ အစွဲအလမ်းကြောင့် ဘဝကူးမလှပုံကိုလည်းကောင်း နားလည်သဘောပေါက်ခဲ့ရတယ် ဆရာ။ ဒါ့အပြင် (၃၁)ဘုံသားတို့ရဲ့ဘဝကို သဘောပေါက်နားလည်ခဲ့ရပြီး လူဟာမသေခင် ကောင်းမှုကုသိုလ်လုပ်ရမယ်။

ဒါန၊ သီလ၊ သမထ၊ ဘာဝနာပြုရမယ်။ ဒုစရိုက်အကုသိုလ်အမှုကို ရှောင်ရမယ်။ နောက်ဆုံးထွက်သက်မှာတောင် သားစွဲမယားစွဲ၊ ဥစ္စာစွဲ၊ ချစ်သူစွဲ၊ အလုပ်စွဲ၊ ကျောင်းစွဲမထားဘဲ ကုသိုလ်စိတ်ကို နှလုံးသွင်းမှ သေပြီးရင် လားရာသုဂတိကောင်းမယ်ဆိုတာကို နားလည်ခဲ့ရတယ်။

တရားတွေနာလို့ နတ်ဘာကြောင့်ဖြစ်ရသလဲ၊ ဗြဟ္မာဘာကြောင့်ဖြစ်ရသလဲ၊ လူဘာကြောင့်ဖြစ်ရတာလဲ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘဝ ဘာကြောင့်ရောက်ရတာလဲဆိုတာကို ရှင်းလင်းစွာ နားလည်ခဲ့ရတယ်။

နားလည်ခဲ့ရပါသော်လည်း ကျွန်တော်တို့အနေနဲ့ ဘဝကူးမလှတဲ့ တစ္ဆေသရဲဘဝကို စိုးစဉ်းမျှ မကြုံခဲ့ရသေးတော့ ဟုတ်ပါ့မလားဆိုတဲ့အတွေးလေး ရှိနေချိန်မှာပဲပေါ့ ဆရာရယ်။





စိတ်ထိခိုက်ကြေကွဲဖို့ကောင်းတဲ့ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ရဲ့ဘဝကို ကိုယ်တွေ့ကြုံရတော့တာပဲ ဆရာရေ။

ဒီအဖြစ်ကို တစ္ဆေလို့ ဆရာပြောမှာလား၊ ဒါမှမဟုတ် သိပ်ပ်သည်းဆကြီးမားလွန်းတဲ့ စိတ်အစွဲအလမ်းပါဝါလို့ ပြောမှာလား။ ဆရာ ဝိုင်းကူစဉ်းစားပေးပါ ခင်ဗျာ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ကျွန်တော်တို့ လူငယ်ဘောလုံးအဖွဲ့မှာ အလွန်ချစ်ခင် အားကိုးကြီးစွာ ပေါင်းသင်းကြတဲ့သူတွေ ရှိတယ်ဆရာရေ။

အဲဒီမှာ ကျွန်တော် (မောင်ဌေးဝင်း)၊ အောင်ကြီး၊ မျိုးဆွေ၊ ခေါင်းကြီး၊ ဘယ်သန်ဖုန်းဇော်တို့ဟာ နေ့စဉ်မခွဲ တတွဲတွဲပေါ့ဆရာ။ ကျောင်းသွားအတူ၊ ကျောင်းပြန်အတူ လုပ်ငန်းခွင်ရောက်လည်း လက်ဖက်ရည်ဆိုင်မှာ နေ့စဉ်ဆုံနေကြ ဘောလုံးကစားလည်း တပူးတွဲတွဲကို ဆရာရဲ့။

အဲဒီမှာ သူငယ်ချင်းမျိုးဆွေအကြောင်း အစကပြောချင်တယ် ဆရာ။ မျိုးဆွေဟာ အရပ် (၆)ပေရှိတယ်။ ကျွန်တော်တို့အုပ်စုမှာ အရပ်





ရှည်လွန်းလို့ သူ့ကို အရှည်ကြီးလို့ အားလုံးက အမည်သစ်ပေးကြလို့ မိန်းမယောကျ်ား၊ ကလေးလူကြီးများက သူ့အမည်ရင်းကို မခေါ်ကြဘူး။ အရှည်ကြီး ...ကိုအရှည်ကြီး ...ဦးအရှည်ကြီး ...အဲလို ခေါ်ကြရဲ့။

အရမ်းကို သဘောကောင်းသူပါ ဆရာ။

သည်းခံစိတ်ရှိတယ်။ နောက်ပြောင်ပျော်ရွှင်စွာနေတယ်။ သူ တစ်ဖက်သားကို ကူညီရိုင်းပင်းတယ်။ သူ့မှာပိုက်ဆံရှိရင် သူငယ်ချင်း အားလုံးကို စားချင်ရာစား အကုန်အကျခံတယ်။

သူ့အင်္ကျီပုဆိုး ယူဝတ်သွားလည်း လုံးဝ မတွန့်တိုဘူး။ စိတ်မဆိုးဘူး။ နောက်ရင်ပြောင်ရင်လည်း သူက ထိပ်ဆုံးကပဲ။

သူ့နောက်ပြောင်ခြင်းကိုခံရတာ မုန့်မျိုးစုံရောင်းတဲ့ ဒေါ်ခွေးမ ပဲ။ ဒေါ်ခွေးမက အရပ်ပုတယ်။ ရှိမှ အရပ်လေးပေလောက်ဆရာရေ။ ဈေးဗန်းရွက်လာရင် ပုတက်ပုတက်လေး။

အဲဒီဒေါ်ခွေးမရဲ့ဈေးဗန်းကို အရှည်ကြီးက နောက်ကနေမ, ထားရင် ဒေါ်ခွေးမ လန့်အော်ပါရော။

“ဟဲ့ ...ဟဲ့ ...သောက်ပလုတ်တုတ်။ ငါ့မုန့်ဗန်းကြွသွားပြီဟဲ့။ ဘုရား ...ဘုရား ...သရဲလား ...တစ္ဆေများ မ,ရော့လား ဟဲ့။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ...အမယ်လေး ... တော့်”

အဲဒါ ဈေးဗန်းကိုဆွဲထားလို့မရဘူး။ အပေါ်ကိုပါသွားရော။ အရပ်ပု လက်တိုနေတော့ ဘုရားစာရွတ်ရင်း အော်ငိုပါရော။

နောက်ပြန်လှည့်ကြည့်မှ သူ့မုန့်ဗန်းကိုမြှောက်ပြီး ခေါင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရွက် ပြုံးနေတဲ့ အရှည်ကြီးကိုမြင်ပြီး တုတ်ပါလေရောလား။

"ဟဲ့ ... အနာကျကောင်၊ အရှည်ကြီး ... ပုံဆိုးပန်းဆိုး မွေးလာတဲ့ ခေါင်းမဆုံသားရဲ့ဟင်။ ငါ့မှာတော့ ထန်းပင်သရဲလိုက်တယ် မှတ်လို့ သေးပါထွက်ရော ... အနာကျကောင်ရဲ့။ အမယ်လေး ... ရင်တွေတုန်လိုက်တာတော်။ ပေး ... ပေး ... ငါ့ဈေးဗန်းပြန်ပေး"

"လှမ်းယူလို့ရရင်ယူ ဒေါ်ခွေးမရေ ... ဟား ... ဟား ... ဟား"

"ဟဲ့ ... အနာကျကောင်ရဲ့။ ငါက အရပ်ပုပု၊ နင်က ကုလန့် ကုလား သစ်ကုလားအုပ်မသားဟဲ့။ ဘယ်လိုလုပ် လှမ်းယူလို့ရမှာလဲ။ ငါတောင်းပန်ပါတယ် အရှည်ကြီးရယ်။ ဒီနေ့ဈေးရောင်းမကောင်းလို့ပါ ငါ့မောင်ရယ်။ ပြန်ချပေးပါကွယ်"

အဲဒါ အရှည်ကြီးက ဈေးဗန်းရွက်ရင်းက ...

"အခု ဘယ်လောက်ဖိုးရောင်းရပြီလဲ ဒေါ်ခွေးမ"

"ငါးဆယ်ဖိုးပဲ ဈေးဦးပေါက်သေးသကွယ့် ... ငါ့မောင်ရယ်"

"ကိုင်း ... ကျုပ်တို့ ငါးရာဖိုးအားပေးမယ်ဗျာ ... ဘယ့်နှယ်"

"တ ... တ ... ကယ်"

"နှစ်ကယ် ... ဗျာ"

"ဘုရားစူး"

"ခင်ဗျားကို စူးပါလားဗျ။ ဝယ်လည်းဝယ်ရဦးမှာကိုဗျာ"

"ဟို ... ဟို ... မိုးကြိုး ... ပစ်"

"တော်ပြီဗျာ၊ မဝယ်တော့ဘူး။ မုန့်လည်းဝယ်ရမယ်၊ မိုးကြိုး





လည်း အပစ်ခံရဦးမယ် ... ရော့ ... ယူသွား"

"အမယ်လေး ... ငါ့မောင်လေး။ သူတော်ကောင်း လူချော လူလှကြီးရယ်။ အဲလို မလုပ်ပါနဲ့ဟယ်။ အားပေးချီးမြှင့်ပါ ငါ့မောင်ရယ်။ နင့်ကိုလေ အေးမော်လွင်ကမေးနေတယ်ဟဲ့ ... မောင်လေးရဲ့ အဟီး"

"အေးမော်လွင်က ..."

"အေးဟဲ့ ... အဟတ် ..."

"ဈေးဝင်းတို့၊ အောင်ကြီးတို့၊ ခေါင်းကြီးတို့ရေ ..."

"ဘာတုံး ယောက်ဖတက်ပုရေ ..."

"ဟော့မုန့်ဗန်းတစ်ဗန်းလုံး ကုန်အောင်စားနိုင်ရင် စားစမ်း ဟော့"

"ဝေး ... ဟေး ... ဟေး ... ဟေး"

"ဝေဿန္တရာမင်းကြီး အရပ်ရှည်ပါစေဗျား ... ဟား ... ဟား ... ဟား ..."

ဒီမှာအားလုံးက မုန့်လုံးကြီးကြော်၊ ပဲပြားကျော်၊ ငှက်ပျော ကြော်၊ မုန့်ဖက်ထုပ်များကို တစ်ခုပြီးတစ်ခု စားကြပါရော။ ဒေါ်ခွေးမ ကလည်း ဝမ်းတွေသာလို့ပေါ့ဗျာ။

"ဒေါ်ခွေးမ ..."

"ဘာတုံး ... ငါ့မောင်ရဲ့။ နင်ရောစားလေ"

"အေးမော်လွင်က ကျုပ်ကို ဘာ ... ဘာ ... ပြောတုံးဗျ အဟဲ"

"မင်းကလေ ... အဲ ... အဲ ... အရပ်ရှည်ပေမဲ့ ရုပ်ပုံချော



www.burmeseclassic.com

www.burmeseclassic.com



တဲ့''

''အပတ် ... အပတ် ... ဟုတ်ရဲ့လားဗျာ။ ခင်ဗျား ရူး နေတာလား''

''ဘုရားစူးရစေရဲ့ ငါမောင်ရယ်။ ဒေါ်ခွေးမရယ်တဲ့ ... အရပ်ရှည်တော့ ကြောက်တယ်တဲ့''

''ဗျာ ... ဘာကိုကြောက်တာတဲ့တုံးဗျာ''

''အဲဒါတော့ မေးလို့မရဘူးဟဲ့။ မင်းဘာသာစဉ်းစားလေ''

''ကျုပ်လည်း အဲဒီလောက်မဟုတ် ...''

''အမယ်လေးဟယ် .... သူ့ရှေ့ရောက်ရင် ခါးကုန်းပြီးသွားပေါ့။ ကောင်မလေးက နင့်ကို စိတ်ဝင်စားနေတာ ... ဟဲ့''

''အရှည်ကြီးရေ ...''

''ဘာတုံးဟေ ...''

''တစ်ဖန်းလုံးပြောင်သွားပြီဟေ့။ ပိုက်ဆံရှင်းလိုက်''

''ဟော ... မြတ်စွာဘုရား။ အမယ်လေး ... ကုန်ပါပြီဗျာ''

အေးမော်လွင်အကြောင်း စပ်စုကောင်းနေတုန်း ကျွန်တော်တို့ ငါးယောက်တီးလိုက်တာ မုန့်တစ်ဖန်းလုံး ပြောင်ပါရောဗျာ။

အဲဒါ အရှည်ကြီးက မျက်ရည်ဝဲ၊ ဒေါ်ခွေးမက ဝမ်းသာ ကျွန်တော်တို့က ဗိုက်ကြီးတွေကယ်ပြီး လမ်းကောင်းကောင်းမလျှောက်နိုင်ဘူးဖြစ်ပါရော ဆရာနတ်ရေ။

✿ ✿ ✿

| ၃ |

❑

ပြောရရင် အရှည်ကြီးဟာ သူ့အရပ်လက်တံရှည်ကြီးနဲ့ မုန့်သည်ဒေါ်ခွေးမကို မကြာခဏ နောက်ပြောင်သလို လမ်းထဲက ကလေးငယ်များကိုလည်း ဟိုးအမြင့်ကြီးရောက်အောင် မြှောက်မြှောက်ကစားလား ကစားရဲ့။

သူငယ်ချင်းတွေဖိနပ်ကို သစ်ပင်ကိုင်းဖျားမှာ ချိတ်လားချိတ်ရဲ့။

တစ်ခုကတော့ အားကိုးရတယ် ဆရာနတ်ရဲ့။ မာလကာသီး၊ သရက်သီးစားချင်ရင် သူ့အရပ်ကို အားကိုးရသဗျ။ အရပ်က ခြောက်ပေ၊ လက်ကိုပါမြှောက်လိုက်ရင် သုံးပေ၊ ပေါင်းကိုးပေခန့်ရှိတော့ ဆစ်သီးခူးရင် တယ်အားကိုးရပဲ ခင်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော်တို့ လမ်းမတော်ဘောလုံးအသင်းမှာ ဂိုးဖမ်းသမားလေ။ ဂိုးဖမ်းလည်း အရမ်းတော်ပေါ့ဗျာ။ မြွောက်ဘောများဝင်မလာနဲ့ တန်းခနဲပဲ။

အရပ်ကရှည်၊ လက်တံကရှည်တော့ ဝင်လာသမျှ ဂိုးသွင်းဘောလုံးဆိုရင် သူ့လက်နဲ့အရပ်ကို ကျော်လို့တိုးလို့ဝင်လို့ မရဘူး။

ဒီလိုနဲ့ ဒီနှစ် မိုးရာသီရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှာ ကျွန်တော်တို့အသင်း နောက်ဆုံးဖိုင်နယ်ကို ရောက်ခဲ့ပါရောခင်ဗျ။

ဖိုင်နယ်ကို စနေနေ့ညနေ (၃)နာရီ ညောင်ပင်ဈေးအားကစားကွင်းမှာ ပြိုင်ရမှာ၊ ကန်ရမှာ။ ပြိုင်ဘက်အသင်းက မြို့သစ်ရပ်ကွက်အသင်း။ အဲဒီအသင်းကလည်း ကစားကွက်ကောင်းသလားမပြောနဲ့။

သံတုံးသံခဲတွေစားပြီး ကန်သလားမသိဘူး။ သန်လိုက်တဲ့ကစားသမားတွေဗျာ။

ပွဲစဉ် (၆)ပွဲ ကစားခဲ့ပြီးပြီ။ အရှည်ကြီးကို ဂိုးဝင်အောင်ကန်လို့မရကြဘူး။ အဲဒါကြောင့် ကျွန်တော်တို့မြို့မှာ ဂိုးသမားအရှည်ကြီး နာမည်ကြီးနေလေရဲ့။

သူပိုးနေတဲ့ အေးမော်လွင်ဆိုတဲ့ မအူပင်တက္ကသိုလ်ဖိုင်နယ်က ကောင်မလေးကလည်း ပွဲစဉ်တိုင်း သူ့ကို ပန်းစည်းဆက်ရတာလေ။

သူ့ခမျာ သေပျော်ပြီ ... သေပျော်ပြီနဲ့ အူကိုရွှင်နေတာပဲ။

ကောင်မလေးဆက်သည့် သပြေပန်းများကို ဂိုးတိုင်နှစ်ဖက်မှာချည်ပြီး နမ်းပြလိုက်လို့ တစ်ကွင်းလုံးရယ်ကြသေးရဲ့။

အဲဒါ ဗုဒ္ဓဟူးနေ့က လေ့ကျင့်ရေးဆင်းကြတယ်။ ဒီနှစ်မိုးရာသီ





က မိုးမရွာပါဘူးဆရာရယ်။ ပူလိုက်တဲ့နေနယ် မီးပုံပေါ်ကစားနေရသလိုပဲ။

လေ့ကျင့်ခန်းပြီးရော ကျွန်တော်တို့ကို အသင်းခေါင်းဆောင်က အိမ်ပြန်နားကြ။ ဘယ်မှမထွက်ကြနဲ့လို့ ပြောပြီး ပြန်လွှတ်လိုက်တယ်။

ကုသိုလ်ကံကြမ္မာဆိုးချင်တော့ အရှည်ကြီးရယ်၊ ပူလွန်းလို့ဆိုပြီး ချွေးမသုတ်ပဲ ရေတန်းချိုးချလိုက်တာ ရေလည်းချိုးပြီးရော 'မူးလိုက်တာ အမေရာ' ဆိုပြီး ခေါက်ခနဲ လဲကျသွားလိုက်တာ။

စိတ်မကောင်းပါဘူးဆရာရယ်။

နေရာကမထနိုင်ပဲ အသက်ထွက်သွားခဲ့ရတယ်။ မြန်မာလိုခေါ်ရင် ရေချိုးမှားပြီး အပူရုပ်သွားတာကိုး ဆရာ။ ကြားကြတယ်ဒို တစ်ရပ်ကွက်လုံးနီးပါး ဝိုင်းလာမေးကြတာပေါ့။

သူတို့အိမ်ရှေ့မှာ လူတိုးမပေါက်ဘူး။ ငိုလိုက်ကြတဲ့သူငယ်ချင်းတွေ၊ ညီအစ်ကိုမောင်နှမတွေ၊ ဆရာ၊ ဆရာမတွေ။ ဩော် ... သူ့ကိုချစ်တဲ့သူ၊ သံယောဇဉ်ကြီးတဲ့သူ မနည်းမှန်း ခုမှ လက်တွေ့ပါဆရာရယ်။

ဗုဒ္ဓဟူးနေ့က လေ့ကျင့်ကွင်းမှာ ပြောကြသေးတယ်ဆရာ။

"အရှည်ကြီး ဖိုင်နယ်ကြရင် ဂိုးမလွှတ်စေနဲ့နော်"

"စိတ်ချစမ်းပါကွာ။ ငါဘယ်ဘဝရောက်ရောက် ဘယ်အသင်းမှ ငါ့ကို ဂိုးသွင်းလို့မရစေရဘူး ... စိတ်ချ" ... တဲ့။

အခု သူငယ်ချင်း ဘယ်ဘဝရောက်နေပြီလဲ သူငယ်ချင်းရေ။ အဲဒါ သောကြာနေ့က သူ့အသုဘကို ဈာန်ညားသုသာန်မှာ သင်္ဂြိုဟ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်တို့မြို့မှာ အစည်ကားဆုံး။ ကြေကွဲစရာအကောင်းဆုံး ရုပ်ပြနေပါပဲဗျာ။

သုသာန်ကွင်းပြည့်အောင် ပရိသတ်က လိုက်ပို့ကြတာ။

သူမရှိတာ ကျွန်တော်တို့အဖို့ စိတ်အားငယ်စရာပဲ ဆရာ။ သူမရှိတော့ သူ့ဂိုးသမားနေရာမှာ အရံဂိုးသမား ညိုအေးကြီးကို အစား ထိုးရပြီး ညိုအေးကြီး မဆိုးပါဘူး။ ဒါပေမဲ့ အရှည်ကြီးလောက် စိတ် မချရဘူး။ ညိုအေးကြီးက အရေးကြီးရင် ပျာပျာ . . . ပျာပျာ . . .။

ဒီလိုနဲ့ စနေနေ့ရောက်ရော မြို့မအားကစားကွင်းမှာ ဗိုင်နယ် ဗိုလ်လုပွဲ ကစားကြရပါရော။ ကွင်းလုံးပြည့် ပရိသတ်များနဲ့ဗျာ။

အရှည်ကြီးရဲ့ မိဘညီအစ်ကို မောင်နှမများကလည်း၊ သူတို့ သား သူတို့မောင်အစ်ကိုကို သတိရပြီး မျက်ရည်လည်ရွှဲဝမ်းနည်းကြ။

ဒီလိုနဲ့ ဘောလုံးပွဲစပါရောဗျာ။

ကျွန်တော်တို့ ခံစစ်ရော၊ တိုက်စစ်ရော ဖွင့်ကစားခဲ့တာပဲ။ မြို့သစ်ရပ်ကွက်အသင်းကလည်း လူသန်လူစွမ်းတွေပဲကိုး။ ကြည့်စမ်း ထိုးဖောက်ကစားရာမှာ တယ်လျင်ပဲဗျာ။

ဒီအချိန်မှာပဲ သူတို့အဖွဲ့က ကျွန်တော်တို့ရဲ့ နောက်တန်းကို ကျော်လိန်ပြီး ကန်သွင်းလိုက်တာ . . .

"ဂိုး"

"ဟာ"

"ဟယ်"

ကြည့်စမ်းဗျာ . . . အသည်းယားစရာကန်ချက်။ တော်သေး ရဲ့။ ဂိုးတိုင်ကိုထိပြီး ထွက်သွားလို့။ ဟော . . . လာပြန်ပြီဗျာ . . .





နောက်တစ်လုံး။ (၁၀)ပေအကွာက ကန်သွင်းလိုက်တာ။ ကျွန်တော် တို့လည်း မျက်ချိန်မရတော့ဘူး။ ဂိုးသမားညိုအေးကြီးကလည်း ပျာနေ ပြီ။

"ဖောင်း"

"ဒိုင်း"

"ဟာ . . . နာသကွာ . . . တောက်"

အပိုင်သွင်းသည့်ဂိုးများ ဘားတန်းကိုထိပြီး ပြန်ကန်ထွက်သွား တယ်။ မြို့သစ်ကလူတွေ အော်ရော။ ဒီလိုနဲ့ အားလပ်ချိန်ပေးပြီး ပြန် ကစားကြတယ်။

ကျွန်တော်တို့လည်း မြို့သစ်အသင်းဘက်ကို ဂိုးသွင်းလို့မရ ဘူး။ မြို့သစ်အသင်းက တိုက်စစ်မှူးလည်း ကျွန်တော်တို့ဘက်ကို ဂိုး သွင်းလို့မရဘူး။ မှန်တာပြောရရင် ညိုအေးကြီး ဒီလောက်တော်တာ မဟုတ်ဘူးဗျ။

ထူးဆန်းနေတာက အမှန်ပဲ။ အနီးကပ်သွင်းလည်း ဘောလုံး က ဂိုးတိုင်ဂိုးတန်းကိုထိပြီး ပြန်ထွက်သွားတာချည်းပဲ။ ဒီလိုနဲ့ အချိန် စေ့လို့ အချိန်ပို ကစားကြရတယ်။

အချိန်ပိုမှာလည်း ဘယ်သူမှ ဂိုးမရကြဘူး။

ပြောရရင် မြို့သစ်အသင်းက ဂိုးသွင်းခွင့် ငါးလုံးမက အပိုင် ချည်းရတာခင်ဗျ။ သူတို့ ကျွန်တော်တို့ဂိုးစည်းကို ဝင်လို့မရဘူး။ ဂိုးသွင်း ကာနီးကျရင် ချော်လဲရင်ချော်လဲ။ ချော်မလဲရင် ဂိုးတိုင်မှန်ပြီး ပြန် ထွက်ချည်းပဲ။

ညိုအေးကြီးကလည်း ဘယ်ဆိုက်က ဘောလုံးလာရင် ညာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကဖမ်းတယ်၊ ညာဘက်က ဝင်လာရင် ဘယ်ဘက်ကိုဖမ်းတယ်။

တလွဲချည်းပဲ။

ဆဲလိုက်တာ ဆူညံနေတာပဲ။ ဟုတ်ပါပြီဗျာ။ ဒီလိုကံဖယ်နေ ပုံဟာ ဒါ ညီအေးကြီးတော်နေလို့ မဟုတ်ဘူး။

နောက်ဆုံး ပင်နယ်တီငါးလုံးစီ သွင်းကြတယ်။

မြို့သစ်က ခြေပြင်းသလား မမေးနဲ့။ ကန်လိုက်ရင် ကြောက်ခမန်းလိလိပဲ။ ခြေကြမ်းလည်း လုံးဝ ဂိုးသွင်းလို့မရဘူး။ ဘယ်တိုင်ညာတိုင်ထိရင်ထိ ဒါမှမဟုတ် ဘားတန်းကိုထိပြီး ပြန်ထွက်သွားရော ...

ထုံးစံအတိုင်း ညီအေးကြီး တလွဲတွေလုပ်နေလို့ ဝိုင်းမေတ္တာပို့ကြ။

ကံကောင်းတယ်ဗျာ။

ကျွန်တော်တို့ ပင်နယ်တီ နောက်ဆုံးကန်ချက်မှာ ဂိုးတစ်ဂိုး ရလိုက်ပြီး တစ်ကွင်းလုံး ညံစည်သွားတာပဲ။ လမ်းမတော်ရပ်ကွက် ပရိသတ်ရဲ့ အိုးစည်ဒိုးပတ်သံ၊ သံချပ်ထိုးသံများဟာ ဘောလုံးကွင်းထဲမှာ ဆူညံနေတာပဲ ဆရာနတ်ရေ။

ပျော်လွန်းလို့ ခုန်ပေါက်ကြ၊ က,ကြ၊ သီချင်းတွေဆိုကြ။

ဒိုင်းဆုလည်းယူပြီးရော ကားစင်းလုံးငှားပြီး မြို့ထဲကို လှည့်ကြတယ်။ လှည့်လို့ဝမှ အသင်းခေါင်းဆောင်နဲ့ ရပ်ကွက်လူကြီးများကို ပူဆာကြရော ...

"ဦးကျော်ထွန်း"

"ဘာတုံးဟေ့"

"ကျွန်တော်တို့ အခုဘီယာသောက်မယ်ဗျာ"





"ဟာ ... ကောင်တွေရ၊ ဘီယာမလုပ်ပါနဲ့ဟာ။ လူမြင်လို့ မကောင်းဘူး"

"နည်းနည်းပါဗျာ။ ပျော်လွန်း ဝမ်းသာလွန်းလို့ပါ။ လုပ်ပေးပါ"

"မင်းတို့ တစ်ယောက်တစ်ခွက်ပဲ သောက်ပါကွာ။ ညကျမှ ကောင်းကောင်း ရှယ်ချက်ပြုတ်ကျွေးမွေးပါ့မယ် ... ငါ့လူတို့ရာ နော်"

"တစ်ခွက်စီပဲဗျာ။ အူရွှင်သွားအောင်လို့ပါ ... ရတယ်"

သည့်နောက် ကျွန်တော်တို့ ဘီယာဆိုင်ရှေ့လဟာပြင်မှာ သောက်မလို့လုပ်နေတုန်း အကြော်သည် ဒေါ်ခွေးမ ဈေးဗန်းကြီးနဲ့ရောက်လာပါရော ...

"ဟဲ့ ... ငါ့အမြည်းလေးလည်း အားပေးကြပါဦးဟဲ့ ... ဘောသမားတွေရဲ့"

"ခင်ဗျားက ဒီနေ့ဘာရောင်းလို့လဲဗျ"

"ငါးကြော် ... ငါးကြော်၊ ငါးခူကြော်၊ ငါးပုတ်သင်ကြော်"

"ဒေါ်ခွေးမ"

"ဘာတုံး"

"ခင်ဗျားကိုယ်က ညှီစို့စို့အနံ့ကြီး နံလှချည်လားဗျ"

ဒီမှာဒေါ်ခွေးမက အကြော်ဗန်းကိုရွက်ရင်းကနေ ...

"ဟဲ့ ... နင်တို့ကိုယ်က ချွေးတလုံးလုံးနဲ့မို့ နံနေတာဟဲ့။ ငါ သနပ်ခါးလိမ်းပြီးမှ ဈေးရောင်းထွက်လာတာ။ နင်တို့ကများတော် ..."

"ဟုတ်သေးပါဘူးဗျာ။ ခင်ဗျားရောက်ကာမှ ညှီစို့အနံ့ရတာ"

www.burmeseclassic.com



"ဟုတ်တယ်ဗျ ...အေ့ ...အေ့ ..."

ညိုစိုစိုအနံ့ဟာ ကျွန်တော်တို့ဝန်းကျင်မှာ ဝေ့ဝဲပျံ့လွင့်နေတယ် ဆရာရေ။ ဒီအချိန်မှာ ဘီယာခွက်များရောက်လာလို့ သောက်မယ်လည်း လုပ်ရော ဘီယာခွက်သုံးလုံး သူ့အလိုလိုမှောက်လဲကျပြီး အမြှုပ်များ ပြန့်ကျဲဖိတ်စင်ကုန်ပါရောဗျ။

"ဟ ...ဘယ်လိုဖြစ်တာတုံး"

"မင်းတိုက်လိုက်လို့လား"

"ကိုင်တောင် မကိုင်ရသေးပါဘူးကွာ"

"ဝှမ်း ..."

"ဟာ ...ဟာ ..."

"ဟ ...ဘယ်လို ဖြစ်တာတုံးဟ"

ကြည့်နေရင်းမှာပဲ နောက်ထပ်ဘီယာခွက်တစ်ခွက် သူ့အလို အလျောက် လဲကျမှောက်သွားပြန်ပါရောဗျာ။ ကျွန်တော်တို့ တစ် ယောက်ကိုတစ်ယောက် အံ့သြစွာကြည့်နေစဉ်မှာပဲ ...

"အမယ်လေး ...လုပ်ကြပါဦး"

"ဟ ...ဟ ...ဒေါ်ခွေးမ ...ဘာဖြစ်လို့လဲ"

"လုပ်ကြပါဦး ...ခေါင်းကြီးတို့၊ ဖုန်းဇော်တို့၊ ဗွေဝင်းတို့ရဲ့ ငါ့ ...ငါ့ဈေးဗန်းကို အပေါ်ကနေ ...မ ....မ ...နေလို့ ..."

"ဟင်"

ကျွန်တော်တို့ ကြည့်နေဆဲမှာပဲဗျာ။ ဒေါ်ခွေးမက သူမရဲ့ငါး ကြော်ဈေးဗန်းကို လက်နှစ်ဖက်နဲ့ကိုင်ထိန်းဆွဲထား ပြုနေစဉ်မှာပဲ ဈေး ဗန်းကိုင်လက်ဟာ လေထဲကို တဖြည်းဖြည်းတက်သွားပြီး ဒေါ်ခွေး





လက်နှစ်ဖက်နှင့် ငါးကြော်ဗန်းဟာ လေထဲမှာ တန်းနေတာပဲ။

"ဟာ ..."

"ဟင် ..."

"ဘုရားရေ ..."

"ဟ ...ဟ ...ဒေါ်ခွေးမ၊ ဘာလာနောက်ပြောင်နေတာ တုံးဗျ"

ဒီမှာ ဒေါ်ခွေးမက အော်ဟစ်ရင်း ပြောပါရောဗျား

"အဲဒါ ...အဲဒါ ...အရှည်ကြီး ...အရှည်ကြီးနဲ့တူရဲ့။ အမယ်လေး ...အရှည်ကြီးရဲ့၊ မလုပ်ပါနဲ့ ...ငါ့မောင်ရဲ့။ အစ်မ ဒါလေးနဲ့ လုပ် ...လုပ် ..."

"အရှည်ကြီး ..."

"ဟုတ်တယ် ...ဒါ ...ဒါ ...အရှည်ကြီး လူ့ဘဝတုန်း က နောက်ပြောင်နေကြ အပြုအမူဟေ့"

"ဟာ ...ဒေါ်ခွေးမ ပြောင်နေတာနဲ့ တူပါရဲ့ကွာ"

"အလိုလေး ...သူငယ်ချင်း အရှည်ကြီး"

ကျွန်တော်တို့ အရှည်ကြီးရဲ့ ပရိညာဉ်ပုံရိပ်ကို မမြင်ရပါဘူး ဆရာ။ ဒါပေမဲ့ သူနောက်ပြောင်နေကျ ဒေါ်ခွေးမရဲ့ ဈေးဗန်းလေးထဲ မှာဆွဲချမရပဲ တန်းနေတာ အထင်အရှား အားလုံးမျက်မြင်ပါ။

"အရှည်ကြီး ငါတို့နားမှာရောက်နေရောလား မသိဘူး"

"သောကြာနေ့က သချိုင်းကုန်းမှာ ငါတို့ဘောလုံးပွဲကို ဝင် ကူညီပါလို့ ငါတို့ခေါ်ထားလို့များ အရောက်လာရောသလား မသိဘူး နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါ ... ဆိုရင် အရှည်ကြီးများ ဂိုးမဝင်အောင် လှုပ်ရှားသလားကွာ ဟင်"

"ပြောလို့မရဘူး။ ဒီကောင်က အစွဲအလမ်းကြီးတော့ ခေါ်တဲ့အတိုင်း ရောက်ချင်ရောက်လာမှာ"

ဒီမှာပဲ ကျွန်တော် ဝုန်းခနဲ ထရပ်လိုက်ပြီး ...

"ကိုင်း ... ငါတို့ဒီနေ့ ဘီယာမသောက်တော့ဘူး"

"ဟ ... ဘာဖြစ်လို့လဲ ခွေးဝင်းရ၊ မှာပြီးပြီဥစ္စာ"

"မင်းတို့မျက်မြင်ပဲ။ ဘီယာခွက်လေးခွက် သူ့အလိုလိုမှောက်လဲကျသွားတယ်။ ငါတို့သူငယ်ချင်း အရှည်ကြီးက လူ့ဘဝတုန်းက ဘီယာ၊ ထန်းရည်၊ အရက် လုံးဝမသောက်ဘူး။ ငါတို့သောက်တာလည်း သူမကြိုက်ဘူး။ အခု သူများရောက်လာပြီး မှောက်ချလဲ့ချ ကန့်ကွက်သတိပေးနေတာလား မသိဘူး"

"ဘယ်လိုလုပ်မလဲ"

ဒီအချိန်မှာ ခေါ်ခွေးမက ငိုငိုမဲ့မဲ့နဲ့ ရပ်လို့၊ အံ့သြလို့။

"ဒီမှာဟေ့ ... ငါတို့ ... ငါတို့သူငယ်ချင်းမကြိုက်တဲ့ဘီယာကို လုံးဝမသောက်တော့ဘူး။ ဘီယာဖိုးငွေနဲ့ ရတဲ့ဆုကြေးကို ငါတို့သူငယ်ချင်းအတွက် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းကပ်ပြီး ကုသိုလ်လုပ်မယ်။

ကိုင်း ... သူငယ်ချင်း အရှည်ကြီးရေ ... မင်း ငါတို့အနားကို ရောက်နေတာမှန်ရင် ငါတို့ကတိပေးခဲ့တဲ့အတိုင်း မင်းကိုရည်စူးပြီး ရဟန်းအရှင်သူမြတ်များကို ဆွမ်း၊ သင်္ကန်း လှူဒါန်းပေးမယ်။ မင်းကျေနပ်ရင် လက်ခံရင် ခေါ်ခွေးမရှေ့ဗန်းကို အသာအယာ ခေါင်းပေါ်





မြှောက်ချပေးလိုက်ပါ သူငယ်ချင်းရာ"

ဒီလိုလည်း ကျွန်တော်က ကြားဖူးနားဝ၊ နာဖူးနာဝ၊ ဖတ်ဖူးအသိနဲ့ ပြောလိုက်ရော ...

အံ့သြစရာကောင်းလိုက်တာ ဆရာနတ်ရယ်။

လေထဲမှာ ဆွဲချမရ တန်းနေတဲ့ ငါးကြော်ဗန်းဟာ ခေါ်ခွေးမရဲ့ဦးခေါင်းပေါ်ကို အသာလေးကျသွားခဲ့တာကို မြင်ရပြီး ကျွန်တော်တို့အားလုံး လွန်စွာ အံ့သြခဲ့ရလေရဲ့ဗျာ။

နောက်ပိုင်း ကျွန်တော်တို့အဖွဲ့က ရသည့်ဆုကြေးများကိုစုပြီး ရဟန်းသံဃာများ သီးသန့်ပင့်လို့ ဆွမ်းသင်္ကန်း ခဲဖွယ်ဘောဇဉ်များ လှူဒါန်းအမျှဝေလိုက်ရော ...

အဲဒီနေ့ကစပြီး သူ ခေါ်ခွေးမကြီးကို မနောက်ပြောင်တော့ဘူး။ ကျွန်တော်တို့ဝန်းကျင်ကိုလည်း လုံးဝလာရောက်ခြင်း မရှိတော့ဘူးခင်ဗျာ။

သူငယ်ချင်း အရှည်ကြီး၊ သူတော်ကောင်းကြီး၊ လူပျော်ကြီး ကောင်းရာသုဂတိဘုံကို လားခဲ့ပြီနဲ့ တူပါရဲ့ဆရာ။

[မှတ်ချက် ။ တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရေးဖွဲ့ပါသည်။]

နတ်လှဦး

www.burmeseclassic.com

www.burmeseclassic.com



## [ ၁ ]

❑

မုဆိုးဟု အသံကိုကြားလိုက်သည်နှင့် ထိုလူသည် စိတ်ကြမ်း ကိုယ်ကြမ်း စရိုက်ကြမ်းကြမ်းနှင့် သေနတ်သမား၊ လေးမြားနှင့် ထောင်ချောက်သမားတို့ဟု မြင်ကြပေမည်။ တောတိရစ္ဆာန်များကို အခါအခွင့်သင့်တိုင်း သတ်ဖြတ်တတ်ကြသည့် စရိုက်ကြမ်းကြမ်းနှင့် လူကြမ်းကြီးများဟုလည်း သတ်မှတ်ကြပေလိမ့်မည်။ ထိုကဲ့သို့ သတ်မှတ်ထားကြသူများကိုလည်း အပြစ်ဆိုသူမဟုတ်ပါ။

အဘယ့်ကြောင့်ဆိုသော် မုဆိုးလုပ်သူတိုင်းကလည်း သားကောင်ကိုတွေ့က ပစ်ခတ်သတ်ဖြတ်ရန်မှာ လက်ယဉ်နေကြသူများ ဖြစ်ခြင်းကြောင့်ပင်။ မုဆိုးဆိုသည်က ပစ်ခတ်သတ်ဖြတ်ရသည့်အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်နေရာလို အမှန်အတိုင်းဝန်ခံရပါလျှင် သူလည်း လူသားတစ်ဦးဖြစ်နေသည့်မို့ ထိလွယ်ရှလွယ် ခံစားချက်နှင့် ကိုယ်ချင်းစာနာတတ်သည့်အချက်ကို မေ့လျော့နေတတ်ကြသည်။

သို့သော် ကျွန်တော်တို့က ထိုအချက်ကိုတော့မမေ့။ မမေ့ကြသည့်အကြောင်း၊ ခံစားနားလည်သည့်အကြောင်းကိုလည်း ကြည့်ဦး–

ရာသီက တပေါင်းလပီပီ အပူရှိန်က မြင့်တက်နေသည်။ နွေရက်များမှ တစ်စနှင့်တစ်စ အပူရှိန်က မြင့်တက်လာပြီး ညသြင်္ကြယ်တို့၏ အသံများတို့နှင့်အတူ နွေသရုပ်ကိုပီပြင်အောင် ဖော်ထုတ်လှစ်ဟပြနေသည်။

ပို၍ ပီပြင်ထင်ဟပ်လာသည်က ညာညောင်းရွက်ကျင်များကလည်း လေပြည်အသုတ်တွင် တဖြုတ်ဖြုတ်ကြွေရင်း မိခင်ပင်မကြီးအား စွန့်ခွာနေကြသည်။ အပင်ရိုင်းရိုင်းများတို့တွင် တစ်မိုးလုံး စိမ်းလန်းလာခဲ့သမျှ ယခုလိုအချိန်တွင် မိခင်ပင်မကြီးကို စွန့်ခွာသွားကြပြီမို့ အမိုးပြိုင်းပြိုင်း၊ အကိုင်းအခက်များတို့က ရိုးတံကျဲကျဲတို့နှင့် လွမ်းမောစရာတို့နှင့်အတိ။

❀ ❀ ❀

# [ ၂ ]

❑

သည်တစ်ပတ်အမဲပစ်ခရီးက သိပ်ဝေးဝေးကြီးဆီတော့မဟုတ်။ 'ဇလုံ'ဘက်ဆီရယ်သာ။ ထိုနေရာက ရန်ကုန်၊ မော်ဘီ၊ မြောင်းတကာ၊ နုကြီးနှင့် တိုက်ကြီးအလွန်ကလေး ပဲခူးရိုးမကြီးအတွင်းသာ ဖြစ်ပေသည်။

ထိုနေရာတွင် 'ရေပြာစမ်းအမည်ဖြင့် ဆင်စခန်း' တစ်ခုရှိသည်။ ထိုစခန်းတွင် ဆင်အုပ်ကြီးဖြစ်နေသူက ကျွန်တော့်အမျိုးနီးဆုံးမိတ်ဆွေ 'ဦးထင်ကျော်'။

ထိုစခန်းတွင် သူတာဝန်ကျနေတုန်း လာရောက်အမဲလည်ပြီရန် ရန်ကုန်သူ့ရုံးချုပ်သို့လာရင်း မကြာခဏ ကျွန်တော့်ဆီသို့ဝင်လာ မကြာ

www.burmeseclassic.com



ခဏ ဖိတ်ခေါ်သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် သူ့ထံသို့ မရောက်ဖြစ်ခဲ့ကြ။

ဆင်အုပ်ကြီး ဦးထင်ကျော်က ထောင်ထောင်မောင်းမောင်း အသားမည်းမည်း၊ ဗလက ခပ်ကောင်းကောင်း၊ သူ ခပ်ငယ်ငယ် (၁၅) နှစ်သားအရွယ်မှစတင်၍ ပဲ့ချိတ်၊ ပဲ့စီး၊ ဦးစီးဆင်ခေါင်း၊ ဆင်အုပ်၊ ဆင်အုပ်ကြီးအဖြစ်ဖြင့် နေရာအနှံ့ကို ပြောင်းရင်း လုပ်ကိုင်ဆောင်ရွက်လာခဲ့ရာ ယခုအချိန်တွင် အသက် (၅၀)ဝန်းကျင်အရွယ်ပင်။

ဦးထင်ကျော်တို့ မျိုးရိုးစဉ်ဆက်မှာ ဆင်သမားမျိုးရိုးဖြစ်သည်။ ဆင်နှင့်ပတ်သက်ပြီး အလွန်အမင်း ကျွမ်းကျင်သူဖြစ်ရာ ယခုအချိန်တွင် သူ ထိုစခန်းတွင် တာဝန်ယူနေစဉ် အခြားစခန်းဆီသို့ မရွှေ့ပြောင်းမီ အရောက်လာခဲ့ကြပါရန် အတန်တန် မှာကြားနေခြင်းတို့ကြောင့် နှစ်သစ်ကူးသည့် ရုံးပိတ်ရက်များတွင်ကို အရယူလျက် အဖွဲ့သားများစုကာ ထွက်ခဲ့ကြသော ခရီးတစ်ခုပင်။

နောက်တစ်ချက်က ထိုဖလုံ့တွင် ကျွန်တော့်ရွာခံမုဆိုး ဦးမောင်ရှိသလို အလယ်မြောင်ရွာတွင် ကုလား၊ တင်ရှိန်နှင့် ဘုတိုမတို့ရှိပြီး ကွမ်းသီးမြောင်တွင် မုဆိုးဂျပန်ကိုခေါ်ပြီး ဂေါ်ရုံဂိုကုန်းမှ တောင်ပေါ်ထိ (စိန်တောင်) ကြီးထက်ဆီသို့ တက်ရောက်ပစ်ခတ်ကြရန် ဖြစ်သည်။

ဂျပန်ဆိုသည့် ကျွန်တော့်မုဆိုးက မုဆိုးပဂေးကြီးတစ်ဦးပင်။ သူနှင့်အနီးကပ် 'ဝါးဖြူတောင်'တွင် တောင်ဆိတ်များကို ပစ်ခတ်နိုင်သလို လဟာမယ်ကွင်းကို ဖြတ်ရင်း ဥက္ကံနှင့် သရက်ကုန်းဘက်များဆီတွင် တောကျွဲရိုင်းများတို့ကိုလည်း ပစ်ခတ်နိုင်ကြမည်မဟုတ်ပါလား။

ကျွန်တော်တို့အုပ်စု သူ့ဆင်စခန်းဆီရောက်တော့ ဖျာဖျာသထဲ



ဆီးကြိုရှာသည်။ သို့သော် မမျှော်လင့်ဘဲ ရုံးချုပ်တွင် ပြုလုပ်မည့် အစည်းအဝေးနှင့် တိုက်ဆိုင်နေသဖြင့် မဖြစ်မနေ သွားရမည်ဖြစ်သည့်အတွက် ကျွန်တော်တို့အုပ်စု သူစိတ်ကျေနပ်စေရန် ထိုတစ်ညအိပ်လိုက်ပြီး ဂျပန်ကိုခေါ်ကာ တောင်ပေါ်သို့ ဆက်တက်ကြရန် ဆုံးဖြတ်လိုက်ကြသည်။

စာဥစမ်းဆင်စခန်းသည် တောကြီးအတွင်းဆီမို့ နွေကာလဆိုသော်လည်း အေးလှသည်။ ကျွန်တော်တို့အဖွဲ့ ဆင်အုပ်ကြီးရုံးခန်းရှိရာဆီသို့ အသွားတွင် သစ်ပင်မြင့်များထက် မျောက်လွှဲကျော်အုပ်နှင့် မျောက်စပ်အုပ်များက သစ်ပင်ကြီးများထက်ဆီမှ သစ်ကိုင်းများကို လှုပ်ခတ်ရင်း အော်ဟစ်သံများက ဆူညံနေကြသည်။ သစ်ကိုင်းများကို ခိုတွဲရင်း 'တခွီးခွီး'နှင့် ရန်ထောင်နေကြသဖြင့် သေနတ်တို့နှင့် ချိန်ရွယ်လိုက်တော့မှ ထွက်ပြေးကုန်ကြသည်။

ထိုဆင်စခန်းကား မိုးရာသီတွင်သာ အလုပ်များရှိပြီး ယခုလို နွေရာသီတွင် အလုပ်မရှိသဖြင့် ဆင်များကို ဆင်ကျောင်းစခန်းများဆီသို့ပို့ကာ ထိန်းကွပ်ထားရကြောင်းနှင့် ခိုင်းဆင် အကောင်သုံးဆယ်ရှိကြောင်း သိရှိရသည်။

ထိုဝန်းကျင်တွင် ဆင်များအတွက် လုံလောက်သော ရေမရှိသဖြင့် ခိုင်းဆင်များကို လွှတ်ကျောင်းအနားပေးရင်း ထိန်းကျောင်းနေရသော နေရာတစ်ခုဖြစ်သည်။

ခိုင်းဆင်များကို အလုပ်မရှိသဖြင့် ထိန်းကျောင်းလွှတ်ထားရှဲဆိုသော်လည်း သူတို့တာဝန်က မသေးလှ။ သူတို့ပြောပြသဖြင့် သူ့ဆင်ဝိုင်းတွင် အဓိကကျသည့် ဆင်လေးမျိုးစလုံးရှိသည်ဟု သိလိုက်ရသည်။ ထိုအဓိကကျသည့်ဆင် (၄)မျိုးမှာ 'စွယ်စုံ၊ ဟိုင်း၊ ဟန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တော လေးမျိုးပင်။

စွယ်စုံဆင်သည် ကြီးမားကွေ့ကောက်သော ကော့တက်နေသည့်အစွယ်ကို ပိုင်ထားသည်။ တစ်နည်းဆိုရသော် ဆင်ပြောင်ကြီးတစ်ကောင်ပင်။ ဆင်များတွင် အလှဆုံးသောဆင်ဖြစ်ကာ ဘုရင်ပင်။ သူတို့မှာ သူတို့အစွယ်ကို အားကိုးသည်။ အုပ်မှထွက်ပြီး ထီးတည်းနေတတ်ကြသည်။ စိတ်နေစိတ်ထား၊ စရိုက်ခက်ထန်ကြမ်းတမ်းသဖြင့် အခြားဆင်များက ကြောက်ကြသည်။ ဆင်ဆိုးစာရင်းတွင် စွယ်စုံဆင်များကို အများဆုံး တွေ့ကြရပေသည်။

ဟိုင်းဆင်ဆိုသည်က အစွယ်တိုတိုနှင့် နှာမောင်းက တုတ်ခိုင်ကြီးမားပြီး သူတို့၏နှာမောင်းမှာ အခြားဆင်များထက်ကြီးပြီး အားကောင်းသဖြင့် အစွယ်ကိုချိုးကာ အနိုင်ယူကြသည်။ ကျန်သောဆင်သုံးမျိုးနှင့် မတည့်ပေ။

ဟန်ဆင်ဆိုသည်က အခြားဆင်များလောက် အားခွန်ဗလ မသန်စွမ်းကြသဖြင့် အခြားသောဆင်များကဲ့သို့ ထီးတည်းမနေရဲကြပေ။ ဆင်အုပ်အတွင်း သက်ကြီးဆင်များနှင့် ဆင်ငယ်ကလေးများကလည်း သူတို့ကိုမကြောက်။ ဦးဆောင်နိုင်သည့် အစွမ်းမရှိသော နောက်လိုက်ဆင်များရယ်သာ။

တောဆင်မှာ အမေမွေးကတည်းက အစွယ်တစ်ချောင်းတည်းသာပါပြီး ထိုအစွယ်တစ်ချောင်းကလည်း အလွန်သန်မာထွားကျိုင်းသလို ထိုအကောင်များက တစ်ချောင်းတည်းသာပါသည့် ထိုအစွယ်ကို အားကိုးပြီး သူများသြဇာကို ခံလိုစိတ်မရှိ။ အခြားသောဆင်များကိုလည်း အုပ်ချုပ်လိုစိတ်မရှိ။ ထီးတည်းနေသော ဆင်တို့ပင်။ ဘယ်တွင်အစွယ်ပါ





သောဆင်ကို ဘယ်တော၊ ညာတွင်အစွယ်ပါသောဆင်ကို ညာတောဟု ခေါ်ကြသည်။

ကျန်သောဆင်များက နောက်လိုက်ဆင်များဖြစ်ကြပြီး ထိုအထဲတွင် သားထိန်းဆင်၊ လက်သည်ဆင်နှင့် သက်မြှောင်ဆင်များ ပါဝင်ကြသည်။

တောဆင်ရိုင်းတစ်အုပ်တွင် (၁၀)ကောင်မှ အကောင် (၅၀) အတွင်း အုပ်ဖွဲ့ကာ မိုးတွင်းကာလတွင် တောနက်ကြီးများအတွင်း နေထိုင်ကြပြီး မိုးကာလ ကုန်ဆုံးကြသောအခါ ရေနှင့်အစာရေစာပေါများသည့် မြေနိမ့်ပိုင်းများဆီသို့ အုပ်ဖွဲ့ကာ ဆင်းလာကြသည်။

သူတို့၏အစာမှာ 'မြက်၊ ကျူ၊ ကိုင်းနှင့် ဝါး' များ အများအပြားရှိရာနှင့် ရေနီးရာများဆီသို့ ဆင်းကြသည်မို့ ယခု ကျွန်တော်တို့သွားမည့်နေရာသည် တောဆင်ရိုင်းအုပ်များနှင့် ထိပ်တိုက်တွေ့နိုင်သည်။ ဆင်အုပ်ကြီး 'ဦးထင်ကျော်'က စိတ်မချနိုင်သဖြင့် အထပ်ထပ်မှာကြားနေသည်။

"ဒီမှာပဲနေကြပါလားဗျာ။ ကျွန်တော်မရှိပေမဲ့ ကျွန်တော့်အဖွဲ့သားတွေ ရှိနေကြတာပဲ။ လိုလေသေးမရှိအောင် သူတို့တာဝန်ယူကြမှာပါ"

သူ့ခမျာ ကျွန်တော်တို့အဖွဲ့ သူ့ထံရောက်ရှိတုန်း အခြားသို့ မသွားစေချင်သဖြင့် တဖျစ်တောက်တောက်နှင့် တားရှာသည်။ ကျွန်တော်တို့အဖွဲ့ကလည်း ရောက်တုန်းရောက်ခိုက် အဖွဲ့သားများဆီကိုပါ အရောက်သွားကြရန် တိုင်ပင်ကာ ထွက်လာခဲ့ကြသည်မို့ သူလည်း စခန်းတွင်မရှိသလို တား၍မရမှန်းသိသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တားရတာက အဲဒီဘက်မှာ တောဆင်ရိုင်းအုပ်တွေ ကပ်နေကြပြီး သူတို့နဲ့ ထိပ်တိုက်တိုးမှာစိုးလို့ တားရတာပါ။ အဲဒီမှာ စွယ်စုံကြီးတစ်ကောင်နဲ့ ဟန်ဆင်တစ်ကောင်ဆိုးနေလို့ တားနေရတာ။ ခုတလော ခရီးတွေဝင်ဖျက်၊ လူတွေကိုလည်း လိုက်နှင်းသတ်နေကြလို့ အထက်ကိုတောင် တတင်ထားရတယ်။ အမိန့်ကတော့ ကျမလာသေးဘူးလေ။ ဒါကြောင့် သူတို့နဲ့တိုးမိရင် စင်းခံကြရမှာမို့ပါ"

သူ့ခမျာ အတန်တန်တားရှာသော်လည်း ကျွန်တော်တို့က လက်မခံသည့်အတွက် တောဆင်ရိုင်းများ၏ စရိုက်သဘာဝ အမူအကျင့်တွေကို နားလည်မည့်သူ လူတစ်ဦးကို ထည့်ပေးလိုက်မည့်အကြောင်းကိုပြောကာ နံနက်မိုးလင်းလျှင် အတူထွက်ကြရန် ညှိနှိုင်းပြီး ထိုဆင်စခန်းတွင်ပင် တစ်ညတာ မှေးစက်လိုက်ကြသည်ဆိုသော်လည်း သူတို့ဆီမှ ဆင်သမားတစ်ယောက်က 'ဉာဏ်ကျယ်' ကိုခေါ်ကာ စားပင်ဆီသို့သွားရန် ခေါ်ဖြစ်အောင် ခေါ်သွားလိုက်သေးသည်။

မကြာလိုက်။ သိပ်မကြာလိုက်ဟုဆိုသော်လည်း နာရီဝက်လောက်အတွင်း ကျွန်တော်တို့စုပေါင်းကာ စားသောက်နေကြစဉ်အတွင်း မလှမ်းမကမ်းဆီမှ သေနတ်သံကြီးတစ်ချက်ကို ကြားလိုက်ရသည့်အပြင် မျောက်အော်သံများ၊ ကျေးငှက်တို့ တထိတ်တလန့် ပိုင်းအော်လိုက်သံများတို့ကို ကြားလိုက်ရသည်။ အသံက တိုသည်။ ပြတ်သည်။ အထက်မှအောက်သို့ စိုက်ပစ်လိုက်သည့် အသံမျိုးပင်။ အတန်ကြာတော့ မီးတဝင်းဝင်းနှင့် ဉာဏ်ကျယ်တို့နှစ်ယောက် ပြန်ရောက်လာကြသည်။ ပခုံးထက်တွင် ချေတစ်ကောင်ကိုထမ်းလျက်။

✿ ✿ ✿

| ၃ |

❑

နံနက်စောစောပင် ကျေးငှက်သံ၊ မျောက်အော်သံ၊ တောကြက်ဖ‌ယေတို့၏ တွန်သံများနှင့်အတူ ကျွန်တော်တို့ နိုးထလာကြသည်။ သူတို့စခန်းမှ အဖွဲ့သားများတို့က နံနက်အဆာပြေစားသောက်ရန် အဆင်သင့် စီစဉ်ထားကြသည်မို့ အဖန်ရည်နှင့် ဆတ်သားကြော်များကို တဝစားသောက်လိုက်ကြပြီး သူတို့ထုပ်ပေးလိုက်သည့် ထမင်းထုပ်များကို တစ်ယောက်တစ်ထုပ်စီ ယူလိုက်ကြကာ ဆင်အုပ်ကြီး 'ဦးထင်ကျော်' နှင့် ကျွန်တော်တို့အဖွဲ့ ထွက်ခဲ့ကြပေသည်။ 'ဖလုံ' ကိုရောက်တော့ ကျွန်တော်တို့အဖွဲ့ လမ်းခွဲခါနီး ကျွန်တော်တို့အဖွဲ့အတွက် ထည့်ပေးလိုက်သည့် သူ့လူ 'ဆင်ခေါင်းအောင်သူ'ကို တဖွဖွ မှာကြားနေသည်က ...

www.burmeseclassic.com

www.burmeseclassic.com



"အောင်သူ ...မင်းကို အင်မတန် စိတ်ချယုံကြည်ရသူမို့ ထည့်ပေးလိုက်တာနော်။ မင်းကို အစစအရာရာစိတ်ချလို့ ငါတာဝန် ပေးလိုက်တာ။ ငါ့လူတွေကို မင်းဂရုစိုက် ...ကြားလား။ အထူးသဖြင့် တောဆင်ကိုသတိထား။ ဆင်ကို ပစ်လို့ကလည်းမရ။ ထိပ်တိုက်တိုးရင် စင်းခံကြရမယ်။ သူတို့ကတော့ အန္တရာယ်ပေးရင် ပစ်ကြမှာပဲ။ နောက်ပိုင်း ပြဿနာတွေ ရှုပ်ကုန်ကြမှာမို့ မင်းကို ငါ အထူးတာဝန်ပေးနေတာ နားလည်လား"

"စိတ်ချပါ ဆရာ။ ဒီအဖွဲ့ မှည့်တစ်ပေါက်မစွန်းရအောင် ကျွန်တော် အသက်နဲ့လဲပြီး တာဝန်ထမ်းဆောင်ပါ့မယ်။ ဆရာစိတ်ချမ်းသာရမှာပါ"

သူတို့နှစ်ဦးပြောနေကြသည့် စကားများကို ကြားလိုက်တော့ ကျွန်တော် စဉ်းစားနေလိုက်မိသည်။ အဓိကပြဿနာက တောဆင်ရိုင်းများတို့နှင့် ပတ်သက်သည့်အကြောင်းပင်။ ဟုတ်တော့လည်း ဟုတ်ပေသည်။ ယခုအချိန်သည် နိုင်ငံတော်အစိုးရက တောဆင်ရိုင်းများနှင့် ပတ်သက်ပြီး အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ထားသည်က တောမုဆိုးများသည် တောဆင်ရိုင်းများကို ပစ်ခတ်သတ်ဖြတ်ခွင့်မရှိ။ တရားဝင်ခွင့်ပြုချက်မရှိဘဲ ပစ်ခတ်သတ်ဖြတ်ပါက ဥပဒေများက ...။

သူစိုးရိမ်မည်ဆိုကလည်း စိုးရိမ်စရာပင်။ ကျွန်တော်တို့အဖွဲ့သားများကတော့ ယခုလို ဥပဒေထုတ်ပြန်ထားသည်ကိုတော့ သိကြသည်။ ဒီလောက်လေးနက်မှန်းကိုတော့ မသိ။ ကိုင်ဆောင်ထားသည့် သေနတ်များကလည်း အားကောင်းမောင်းသန် သေနတ်များဖြစ်သည့်အတွက် ယူဆောင်လာကြသည့် သေနတ်များကလည်း 'နံ့ပြည်စုပ်လို





အကောင်မျိုးမှ တောဆင်ရိုင်းကြီးများလို အကောင်မျိုးထိ' ပစ်ခတ်လိုက်ရပါလျှင် တုံးခနဲအဆင့်။

သည့်နေရာတွင် စာရှုသူများတို့ကလည်း ကြီးကြီးကျယ်ကျယ်ဗျာ။ ဘာသေနတ်မျိုးတွေမို့ ဒီလောက်ပြောနေရတာလဲလို့ မေးကောင်းမေးမည်။ မမေးသေးသော်လည်း ကျွန်တော်က အရင်ဖြေထားပါမည်။ အံ့သြသွားမလားတော့ဖြင့်မသိ။ ပါသွားသည့်သေနတ်တို့က ...

ဒသမ • ၄၇၀ နှစ်လုံးပြူးရိုင်ဖယ်။

ဒသမ • ၄၁၆ ရစ်ထိုးမော်ဆာရိုင်ဖယ်။

ဒသမ • ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်။

ဒသမ • ၁၂ (ဘိုးလ်) အော်တိုမက်တစ် (၃၂)လက်မ ကျည်ထွက်ပေါက် (ချုပ်)။

ဒသမ • ၂၈ လက်မ နှစ်လုံးပြူး။

ဒသမ • ၄၇၅ ဂျက်ဖရီ နံပါတ်(၂)ရိုင်ဖယ်။

ဒသမ • ၄၀၅ ဝင်ချက်စတာ။

ဒသမ • ၄၂၅ ဝက်ဘလီရက်ချ့(ဒ်)။

ဒသမ • ၃၀ • ၀၆ ဝင်ချက်စတာရိုင်ဖယ်။

ဒသမ • ၃၀၃ ရိုင်ဖယ်နှင့် • ၂၂/၄၄(အိုဗာအံဒါ)တိုင်း ပါဝါအပြင် လေသေနတ်က တစ်လက်တို့ပင်။

မှိုင့်တူးတူးဆိုသည့် သေနတ်က ပြောင်းဝအကျယ် • ၂၂လက်မရှိပြီး ပေါက်ကွဲသည့် ယမ်းအားဂရိမ်(၄၀ မှ ၄၄)ထိသာရှိသော ငှက်ပစ်သေနတ်မျိုးပင်။ ပြောင်းနှစ်ထပ်နှင့်မို့ သူက အပေါ်မှဖြစ်ပြီး အောက်တွင်ရှိသော ပြောင်းက • ၄၄ ဖြစ်ပေသည်။

www.burmeseclassic.com



ကျည်ဆန်က နှစ်လုံးပြူးကျည်ဆန်မျိုး ဆိုသော်လည်း အရွယ်အစားက အပ်ချည်လုံးရှိ စက္ကူလိပ်နီးပါး။ အထူးသဖြင့် ကျွန်တော်ထိုလိုသေနတ်ကို၊ ငန်းမြွေလိုအကောင်မျိုး၏ ပါးပျဉ်းကိုသာ ပစ်ခတ်ကြပေသည်။

နောက် . . . လေသေနတ်ဆိုသည်က ယနေ့ခေတ်လူငယ်များကိုင်တွယ်ပစ်ခတ်နေကြသည့် ပုတ်သင်ညို၊ ကင်းလိပ်ချော၊ စာကလေး၊ ဖွတ်ကလုန်နှင့် ဆက်ရက်လောက်သာ ပစ်ခတ်သည့် သေနတ်မျိုးဆိုသော်လည်း၊ တရုတ်နီလုပ် ဘေးဆွဲလေသေနတ်ကို၊ စပရိန်၊ လေအိုးဝါရှာများကို စိတ်တိုင်းကျ ပြန်လည်ပြုပြင်ထားသည့် မုဆိုးကိုင် လေသေနတ်မျိုးပင်။ သို့မှသာ တောများအတွင်း တွေ့ကြရသည့် တောကြက်၊ ရစ်၊ အောင်းလောင်း၊ ငှက်ငန်း၊ တောယုန်များတို့ကို ပစ်ခတ်လို့ရမည့် အနေအထားမဟုတ်ပါလား။

လူချင်းလမ်းခွဲလိုက်ကြပြီး ကျွန်တော်တို့အဖွဲ့ အလယ်မြောင်သို့ ထွက်လာခဲ့ကြပေသည်။ ထိုရွာမှ ရွာခံ ကိုကုလားကိုခေါ်ပြီး ကွမ်းသီးမြောင်သို့ ဆက်သွားကာ ဂေါ်ရုံကိုကုန်းမှ ဆိပ်တလွှားကုန်းမှ ဖိုးစံညွန့်ကိုခေါ်လျက် လဟာမငယ်ကွင်းကိုဖြတ်ပြီး ဂျပန်ကိုခေါ်ကာ တောင်တက်လမ်းအတိုင်း ခရီးကို စတင်လိုက်ကြပေတော့သည်။

နွေကာလ၏ နံနက်ခင်းပေမို့ အပူရှိန်က အစွမ်းပြလာပေပြီ။ နံနက်ခင်းဆိုသော်လည်း ပူပြင်းသော နွေကာလရင်ခွင်ဝယ် ကုန်းများကျင်းနှင့် ပြန့်လွင်ပြင်ချိုင့်ဝှမ်းများကို နင်းကာ ဖြတ်သန်းလျှောက်လှမ်းခဲ့ကြရသဖြင့် ပင်ပန်းသလို၊ ရှိုးမကြီးအနေအထားက မိုးခေါင်ရေရှားရပ်ဝန်းဒေသမျိုး၏ သရုပ်သကန်မျိုးမို့ တက်ရောက်နေသော တောင်





၏အနေအထားကလည်း မူလက ပြေပြေလျှောလျှော အနေအထားမှ မသိမသာ မြင့်တက်လာသည်ကြောင့် ချွေးများ အလွန်အမင်းထွက်ကာ ဝတ်ဆင်ထားကြသော အင်္ကျီများကို ချွတ်လိုက်ပြီး လွယ်အိတ်အတွင်း ထည့်လိုက်ကြရပေသည်။ ပင်ပန်းလွန်းသဖြင့် ရေကို မကြာခဏ သောက်နေကြရသည်။ ရေဘူးများကိုယ်စီနှင့်မို့ တော်နေသေးသည်။

တောင်ခုလတ် တစ်နေရာသို့ရောက်တော့ သစ်ပင်ကြီးတစ်ပင်အရိပ်အောက်တွင် ခေတ္တနားလိုက်ကြရင်း တောင်အောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်တော့ အချို့နေရာတို့က တောင်ကတုံး၊ အချို့နေရာတို့က ချုံတောဆိုသော်လည်း အရောင်က ခပ်ခြောက်ခြောက်၊ မိုးနံချုံ၊ နဘူးချုံနှင့် မြရာချုံတောများ ရောထွေးနေသည်။

ဟိုမှာဘက်တွင် ဝါးရုံတောကြီးများ၊ သစ်ရိုင်းပင်ကြီးများနှင့်အတိ။ ခပ်ဝေးဝေးဆီတွင် ပြာမှိုင်းသော တောင်တန်းတောင်သွယ် တောင်လက်မောင်းကြီးများကို လှမ်းမြင်တွေ့နေရသည်။ အချို့သောတောင်များက မြူများဆိုင်းလျက်။

ဆင်ခေါင်းအောင်သူက ရှေ့မှလမ်းပြကာ တဖြည်းဖြည်းလျှောက်လှမ်းနေရင်း တစ်နေရာအရောက်တွင် မြရာချုံတောကြီးအတွင်း တိုးဝင်လိုက်ကာ နောက်မှလိုက်လာသည့် ကျွန်တော်တို့အဖွဲ့ထဲမှ 'အာလူး' ကို လှမ်းအချက်ပြကာ သူ့အနီးဆီသို့ ခေါ်ယူလိုက်သည်။

အာလူးတစ်ယောက် အောင်သူအနီးသို့ရောက်တော့ အရှေ့ဘက်ဆီသို့ လှမ်း၍ မေးငေါ့ပြလိုက်သည်မို့ လှမ်းကြည့်လိုက်တော့ နဘူးချုံအခြေတွင် ခေါင်းတထောင်ထောင်နှင့် သွားနေသော မုဆိုးကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်ကို ကိုက်တစ်ရာခန့်အတွင်းတွင် တွေ့မြင်လိုက်ရသည်။ သူ့လက်တွင် ကိုင်ဆောင်ထားသော ဗို့ပြင့်တူးတူးသေနတ်ကလေးနှင့် မြရာချုံကိုကွယ်ကာ ပစ်ကွင်းကောင်းကိုရွေးလျက် မှဆိုးထိုင်ပုံစံနှင့် ပစ်ခတ်လိုက်ပေသည်။

"ဖန်း"

"ဟုကိကိ ... ဟုကိကိ"

"ဖလပ် ... ဖလပ် ... ဖလပ်"

အာလူးသေနတ် ပေါက်ကွဲသံကလေးနှင့်အတူ ရစ်ဖကြီး၏ အတောင်နှစ်ဖက်ကြားကို ချုပ်လျက် ကျည်ဆန်ထိပ်ဖူးကလေးက ဖြတ်ဖောက်သွားခြင်းကို ခံလိုက်ရသည်မို့ ပါးစပ်မှ 'ဟုကိကိ' ဟုအော်ကာ အဝေးကို ပြေးထွက်သွားရာမှ မြေပြင်ထက်သို့ ပစ်ကျသွားပြီး အတောင်နှစ်ဖက်ကို တဖြန်းဖြန်းရိုက်ရင်း ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပေသည်။

ဆင်ခေါင်းအောင်သူက ရစ်ဖကြီး သေပွဲဝင်ရာနေရာဆီသို့ ပြေးထွက်သွားသည်မို့ အာလူးကလည်း နောက်ကပြေးလိုက်သွားသည်ကို တွေ့လိုက်ရပေသည်။ အနီးသို့ရောက်သောအခါ ရစ်ဖကြီးအား ခြေနှစ်ချောင်းမှဆုပ်ကိုင်လိုက်ရင်း ကျွန်တော်တို့အဖွဲ့ရှိရာဆီဘက်သို့ လာနေကြသည်။ လှမ်းကြည့်လိုက်တော့ ရစ်ဖကြီးက အကြီးသား။ ငါးပိဿာထက်မနည်း။

သည်မှာဘက်တွင် ရစ်များကို လေးမျိုးလေးစားတွေ့ရသည်။ ယခုပစ်ခတ်လို့ရရှိလိုက်သည့် ရစ်ဖကြီးကား (ဘေ)ဟူသော အမျိုးအစား (ဦးစွန်းကောက်)အမျိုးအစားပင်။ ထိုတစ်ကောင်တည်းကပင် ကျွန်တော်





တို့ အဖွဲ့အတွက် တစ်ဟင်းစားက ဖူလုံသွားခဲ့ပေပြီ။

ကျွန်တော်တို့လျှောက်လှမ်းနေကြသည့် လမ်းကား လူအရောက်အပေါက် နည်းလွန်းဟန်ထင့်။ အချို့နေရာများကား လမ်းပင်ပျောက်နေကြသည်။ သို့သော်လည်း ဆင်ခေါင်းအောင်သူတစ်ယောက်က သူကျွမ်းသောနေရာများဖြစ်သဖြင့် အေးအေးဆေးဆေးပင် ရှေ့မှ လျှောက်လှမ်းနေပေသည်။

တောင်ခုလတ် တစ်နေရာအလွန်တွင် အောက်ခြေအနိမ့်ပိုင်းဆီသို့ မသိမသာ နိမ့်ဆင်းလာသည်။ နာရီဝက်လောက် လျှောက်လှမ်းလိုက်ကြသည့်အခါ လျှိုကလေးတစ်ခုအနီးဆီသို့ ရောက်လာကြသည်။ သို့အတွက် လျှိုအတွင်းလှမ်းကြည့်လိုက်တော့ ဘာကိုမှုမမြင်ရ။

လျှိုအဖျားတွင် 'သပွတ်သိမ်ချုံတော၊ မြရာနှင့် ရှဉ့်မတက်ချုံနွယ်တော'များက လက်ယှက်ထိုးကာ ပိတ်ညပ်နေသည့်အတွက်ပင်။ ကျွန်တော်တို့အဖွဲ့ တောတည်းပင်ကြီးအောက် မြေပြောင်ပြောင်တွင် ရပ်နားလိုက်ကြရင်း အဘကောင်းက ...

"ကဲ ... အောင်သူရေ၊ ဒီမှာနားကြရင်း မိုက်ဖြည့်လိုက်ကြရအောင်ကွာ"

"နေဦး ... အဘရဲ့၊ လျှိုထဲ ဆင်းကြည့်လိုက်ရအောင်။ လက်ဆေးရေကလေးများ ရလိုရငြားပေါ့"

ပြောပြောဆိုဆိုနှင့် အောင်သူက သေနတ်တစ်လက်ကို ကျော တွင်လွယ်လိုက်ပြီး လျှိုအတွင်းသို့ ဝါးချုံပင်ငယ်များကို နောက်ပြန်ကိုင်ဆွဲလျက် ဆင်းသွားသည်။ လျှိုအောက်ခြေမှ တောကြက်များ၏ တထိတ်တလန့် အော်ဟစ်ပျံသန်း ပြေးထွက်သွားသည့် အသံများကို



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသလို အပေါ်သို့ပြန်တက်လာသော အောင်သူက ...

"အဘရေ ... လှိုဏ်ထဲမှာ ရေမတွေ့ဘူး။ ဘယ်လိုသဘောရသလဲ"

"ဒါဆို ရေဘူးတွေထဲမှာ ကျန်တဲ့ရေကို သောက်ပြီး ဗိုက်တာ လက်ဆေးကြရုံပေါ့။ ရေရနိုင်မယ့်နေရာကို ဘယ်လောက်သွားကြရဦးမှာလဲ"

"တစ်နာရီသာသာတော့ လျှောက်ကြရဦးမယ်။ ဘူးတွေထဲက ကျန်တဲ့ရေကိုသောက်ပြီး လက်ဆေးရင်တော့ စားလို့ရမယ်"

"အေး ... ဒီလိုဆို စားလိုက်ကြရအောင်။ ဗိုက်ဆာလာပြီကွာ"

ကျွန်တော်တို့ ကျောပိုးအိတ်များအတွင်း ထည့်ယူလာကြသည့် ထမင်းထုပ်များကို ထုတ်ကာ ဟာနေသောဝမ်းကို ဖြည့်လိုက်ကြပေသည်။ ထမင်းထုပ်များအတွင်း မနေ့ကပစ်ခတ်ထားသည့် ချေသားဆီပြန်ဟင်းနှင့်။

"အောင်သူရေ ... ထမင်းထုပ်ထဲက ချေသားဟင်းက ချဉ်နေပြီး စားလို့တယ်ကောင်းပါလားကွ။ မက်လင်ချဉ်သီးနဲ့ ရောချက်ထားတာလားကွ"

ကျွန်တော့်အမေးကြောင့် အောင်သူပြန်ပြောလိုက်သည်က–

"ဘာနဲ့မှ ရောချက်မထားဘူး။ ချေသားကိုက အလိုလိုချဉ်နေတာလေ"

"ဟုတ်လား ... ချေသားချဉ်ကို ခုမှစားဖူးတယ်ကွ၊ အဆန်းပါလား"



"ဟုတ်တယ် ... ချေသားက ခုလိုချဉ်တဲ့အသားရှိသလို ခါးတဲ့အသားလည်း ရှိသေးတယ်"

သူ့အပြောကြောင့် ကျွန်တော် တအံ့တသြနှင့် ပြန်မေးလိုက်မိသည်က ...

"ဟုတ်လား ... ဆန်းလှချေလားကွ။ ချေသားက ချဉ်တာရှိသလို ခါးတဲ့အသားရှိတာက ဘာကြောင့်လဲကွ။ ပြောပြပါဦး။ ဗဟုသုတအဖြစ်ပေါ့ကွာ"

"ဒီလိုပါ ...။ ယခုလို ရာသီအချိန်ဟာ တောထဲမှာရှိကြတဲ့ သီးပင်စားပင်တွေ သီးကြမှည့်ကြတဲ့ အချိန်လေ။ တောင်ဇွေးသီး ကင်မလင်။ ကနစိုးကိုစားကြတဲ့ ချေအသားက ချဉ်နေပြီး ခပ်အုံးသီးကို စားကြတဲ့ ချေအသား ခါးနေကြတာပါ"

"အေးကွယ် ... အဆန်းသားနော်။ ဒါဆိုရင် အဲဒီအသီးကို စားကြတဲ့ အကောင်တိုင်းရဲ့ အသားတွေက ချဉ်ကြသလား၊ ခါးကြသလားကွ"

"အခြားအကောင်တွေရဲ့ အသားတွေက ခုလိုမဖြစ်ပါဘူး။ ချေလိုအကောင်တစ်မျိုးတည်းရဲ့ အသားသာဖြစ်တာပါ"

ကျွန်တော်တို့ ထမင်းစားသောက်ကြပြီး ရေဘူးထဲမှ ရေကို သောက်လိုက်ကြသလို လက်များဆေးကြောလိုက်ကြသဖြင့် ရေဘူးတို့တွင် ရေက မရှိတော့သဖြင့် ...

"အောင်သူရေ ... ဘူးတွေထဲက ရေတွေကုန်ပြီကွာ။ ရေရှိတဲ့နေရာမှာ သောက်ရေဖြည့်လိုက်ကြရအောင်"

အဘကောင်းက ပြောလိုက်သဖြင့် အောင်သူက တွေးတွေး

www.burmeseclassic.com

www.burmeseclassic.com



ဆဆနှင့် ပြန်ပြောလိုက်သည့် စကားက . . .

"မဖြစ်မနေ နောက်ထပ် တစ်နာရီသာသာတော့ လျှောက်ကြရမယ်။ ဒါနဲ့ အဖွဲ့သားတွေကို မှာထားချင်တာက ဒီလျှိုကိုကျော်ပြီး ကျွန်တော်တို့ရေရှာမဲ့နေရာမှာ သားကောင်တွေကို တွေ့မယ်နော်။ ပစ်မယ်ဆိုရင် သေနတ်တွေ ကျည်ဖြည့်ထားကြ။ ရေကိုလည်း အဲဒီမှာပဲ ရနိုင်မယ်ဗျ။ ကဲ . . . အချိန်ကလေးရှိတုန်း ကျွန်တော်တို့ သွားလိုက်ကြရအောင်"

ကျွန်တော်တို့အဖွဲ့ ဆက်လက်လျှောက်လှမ်းရာ သစ်ပင်နှင့် ချုံနွယ်တောကြီးတို့ ပိုမိုထူထပ်လာသည်။ ထိုချုံနွယ်တောကြီးများ ဟိုမှာဘက်ဆီတွင် ဝါးတောကြီးများနှင့်အတိ။ သည်မှာဘက်ဆီတွင် ဝါးရုံတောကြီးများနှင့် ရောယှက်ကာ ကြိမ်တောကြီးကိုလည်း ပင်ချင်းယှက်ကာ မှိုင်းနေသည်ကိုလည်း တွေ့လိုက်ရသည်။

ကြိမ်တောကြီး ဟိုမှာဘက် ခပ်လှမ်းလှမ်းနေရာတွင် တောင်ကမ်းပါးယံများတို့နှင့် အတိ။ ကျယ်ပြန့်စွာ ပေါက်ရောက်နေကြသော ဝါးရုံတောကြီးများကို ကျွန်တော် လှမ်းကြည့်နေလိုက်မိပေသည်။

တောင်ကမ်းပါးကြီးအတိုင်း တရွေ့ရွေ့တက်ရောက်လာကြစဉ် အောက်ဘက်တွင် နက်ရှိုင်းသောချောင်းတောကြီးကို တွေ့မြင်လိုက်ကြရသည်။ စောစောက ကျွန်တော်တို့အဖွဲ့ ထမင်းထိုင်စားခဲ့ကြသည့် လျှိုကြီးနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် တောင်ကျရေတို့ စီးဆင်းရာချောင်းတောကြီးပင်။

ချောင်းရိုးတစ်လျှောက် ရေတို့ကမရှိ။ ချောင်းရိုးတစ်လျှောက် သဲတို့က တပြန့်တပြော။ ရေကို သဲများက စုပ်ယူထားသည်မို့ ရေက





ဘော့မရှိ။ သို့သော် သဲများက စိုစွတ်နေသည်ကို အထက်စီးမှ လှမ်းမြင်တွေ့နေကြရသည်။

"သားကောင်တွေက ဒီချောင်းရိုးမှာ အတော်ပေါတာ။ ရေကိုသည်း ဒီနေရာမှာ ဖြည့်ကြရမှာလေ"

အောင်သူပြောလိုက်သည့် စကားကြောင့် ကျွန်တော်က . . .

"ဟုက်လား . . . ဘာကြောင့်လဲကွ"

"ဒီမှာ ရေစိုနေတဲ့ သဲကို တွင်းတူးလိုက်ရင် ရေထွက်တယ်လေ။ ဒါကြောင့် ဒီနေရာမှာလာပြီး ရေသောက်ကြတာကိုး။ ဒါကြောင့် စောင့်ပစ်ကြရုံပဲ"

သူပြောလိုက်သည့်စကားကို ကျွန်တော် ပြန်မေးလိုက်တော့မည်အလုပ်တွင် . . .

"ဝေါ . . . ဖြောင်း . . . ဂျွတ်"

"ကျည် . . . ဖြောင်း"

ကြားလိုက်ရသည့် အသံကြီးက တောဆင်ရိုင်းကြီး အော်ဟစ်လိုက်သည့်အသံမှန်း သိသာလွန်းသည်။ ထိုအသံကို ကြားလိုက်ရသဖြင့် ကျွန်တော်တို့နှင့်ပါလာသည့် ဆင်ခေါင်းအောင်သူက တောဆင်ရိုင်းကြီးကို မြင်နိုင်လောက်သည့် ကမ်းပါးယံအစွန်းဘက်သို့ ပြေးကြည့်ရင်း ပြောလိုက်သည်က . . .

"ကြောက်ပြီး မပြေးကြနဲ့။ ပြေးလို့လည်း မလွတ်ဘူး။ ဒေ [illegible] လုံး မှောက်ပြီးဝပ်နေကြ။ အသံလုံးဝ မထွက်စေနဲ့နော်"

ကျွန်တော်တို့မှာ အသံကိုသာ ကြားလိုက်ရသလို အ[illegible] ဆိုသည်ကို သိနေကြသော်လည်း အကောင်ကြီးကို လုံး[illegible]



www.burmeseclassic.com

www.burmeseclassic.com



သေး။ မြေပြင်တွင် မိုက်ကပ်ဝပ်လိုက်ကြရင်း ကမ်းပါးယံထက်မှ အောက်ကို ငုံ့ကြည့်နေလိုက်ကြသည်။ ထိုစဉ် ချုံနွယ်တောကြီးအတွင်းဆီမှ တိုးထွက်လာသည့် တောဆင်ရိုင်းကြီးတစ်ကောင်ဖြစ်ကြောင်း၊ အောင်သူထံမှ လေသံကလေးက ထွက်လာသည်။

"စွယ်စုံကြီးဗျို့။ တောတောကဝါးပင်ကို ဆွဲချိုးထားခဲ့ပြီး ချောင်းဘက်ကို တိုးထွက်လာနေတာ"

မှန်ပေသည်။ တောဆင်ရိုင်းကြီးကား၊ ကျွန်တော်တို့ ဝပ်နေကြသည့် အောက်ဘက် ပေတစ်ရာ့ငါးဆယ်ခန့်ကျယ်ဝန်းသည့် 'တောင်ကျချောင်းကော' သဲပြင်ထက်ဆီသို့ တစ်လှမ်းချင်းလာနေသည့် တောဆင်ရိုင်းကြီးတစ်ကောင်ဖြစ်နေပြီး သူ၏ ကြီးမားကော့တက်နေသည့် ရှည်လျားသော အစွယ်ကြီးများကို ပိုင်ဆိုင်ထားသည့်အပြင် ဆင်တစ်ကောင်ဆိုသည်မှာ သူသာလျှင် အစစ်ဖြစ်သည်ဟူသော မာနမျိုးဖြင့် မည်သူ့ကိုမျှ ထီမထင်။ သဘာဝအတိုင်းကြည့်လျှင် နီညိုညိုအသွေးနှင့် လွန်စွာလှပသည့် တောဆင်ရိုင်းကြီးတစ်ကောင်ကို တွေ့မြင်လိုက်ကြရပေသည်။

တော်နေသေးသည်က တောဆင်ရိုင်းကြီးက ကျွန်တော်တို့အောက် ချောင်းအတွင်းဆီမှ ဖြစ်သောကြောင့်ပင်။ ကျွန်တော်တို့ ဝပ်လျှားမှောက်နေကြသည်ကို သူလှမ်းမတွေ့မြင်နိုင်သလို အနံ့အသက်များကိုလည်း ရဟန်မတွေ့။ အတန်အလှမ်းဝေးနေသေးသည်မို့ ကျွန်တော့်ဘေးကရှိနေသည့် အောင်သူက လေသံကလေးနှင့် ကပ်ပြောလိုက်သည်က ...

"အသာစောင့်ကြည့်နေနော်။ သူတို့သဘာဝအတိုင်း လုပ်ကြ





တဲ့ မြင်ကွင်းတွေကို မြင်ရလိမ့်မယ်"

"ဟုတ်လား ... ဘာတွေလဲကွ"

"ဒီသဲချောင်းကို တူးလိုက်ရင် ရေထွက်တယ်လေ။ ဒါကြောင့် သူတို့ ဘယ်လိုလုပ်ကြမလဲဆိုတာကို စောင့်ကြည့်"

သူပြောသည့်စကားတို့ပင် မဆုံးသေး ...

"ဝူး ... ဝူး ... ကျည်"

အောက်ဘက်ချောင်းကော သဲပြင်ထက်ဆီသို့ တစ်လှမ်းချင်း တိုးကပ်လာနေသည့် စွယ်စုံတောဆင်ရိုင်းကြီးသည် ချောင်းရိုးဘေးတွင် ကပ်၍ ပေါက်နေသည့် တောငှက်ပျောပင်များ၏ အရွက်များကို လှမ်းဆွဲကာ စားသောက်ရင်း လာနေသည်။ ကျွန်တော်တို့ အနံ့အသက်များကိုတော့ ရဟန်မတွေ့။ စားစားလာလာပင်။

"ဝူး ... ကျည်"

ဆင်ရိုင်းကြီး ငှက်ပျောပင်တစ်ပင်မှ အရွက်များကို သူ၏ နှာမောင်းကြီးဖြင့် လှမ်း၍ဆွဲကာ စားသောက်နေရင်း ခေါင်းကိုထောင်ကာ နားရွက်ကြီးနှစ်ဖက်ကို ဖြန့်ကားလိုက်ရင်း သူ၏နှာမောင်းကြီးကိုထောင်လျက် ဘေးဘယ်ညာများဆီသို့ လိုက်လံအနံ့ခံကာ ရှုစမ်းကြည့်နေသည်။

အတန်ကြာတော့မှ ... သည်ဝန်းကျင်သည် သူ့အတွက် အန္တရာယ်မရှိဟူ၍ ယူဆလိုက်သည်လားတော့ဖြင့်မသိ။ ချောင်းအ သဲ ရေစိုနေသော သဲသောင်ပြင်ပေါ်သို့ တစ်လှမ်းချင်း လျှောက်လှမ်းနေသည်။

ထိုအချိန်တွင် မြရာချုံပင်များအောက်ဆီမှ နီညိုညိုအသွေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ချေနှစ်ကောင်၊ ကြိမ်နွယ်တောအတွင်းမှ ဒရယ်ပြာပြာတစ်ကောင်တို့ တိုးထွက်လာသည်ကို တွေ့မြင်လိုက်ကြရသဖြင့် အဖွဲ့သားများက သေနတ်များနှင့် လှမ်းချိန်ရွယ်ထားလိုက်ကြပေသည်။ အောင်သူက မပစ်ခတ်ကြရန် လက်ကာပြရင်း တားနေသည်။ ငြိမ်းဆုံးသည့်တိုင်အောင် စောင့်ကြည့်ရန်ကိုလည်း လက်ဟန်ခြေဟန်တို့နှင့် ပြနေသည်မို့ ငြိမ်သက်စွာ စောင့်ကြည့်နေလိုက်ကြပေသည်။

ချုံတောအောက်ဆီမှ တိုးထွက်လာသည့် ချေနှစ်ကောင်က ဖိုမမောင်နှံ ဖြစ်ဟန်ထင်၏။ အပြာရောင်အဆင်းနှင့် ဒရယ်ကောင်ကလည်း သူ၏အမြီးတိုဖြူဖြူကလေးကို တန့်နှံ့လှုပ်ခတ်ရင်း တောဆင်ရိုင်းကြီးကို စူးစိုက်ကြည့်နေသလို၊ ချေနှစ်ကောင်ကလည်း လည်တိုင်ကိုဆန့်၊ နားရွက်များကိုထောင်ရင်း တောဆင်ရိုင်းကြီးကို ကြည့်နေသည့်အချိန် သပွတ်သီးချုံနွယ်တောကြီးအတွင်းမှ ဆတ်ဖားကြီးတစ်ကောင်က တိုးထွက်လာပြီး ဆင်ရိုင်းကြီးအနီး ဝါးတစ်ရိုက်စာခန့်အနီးဆီသို့ တိုးကပ်ပြီး ဆင်ကြီးကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည့်အဖြစ်ကို အံ့သြဖွယ်ရာ တွေ့မြင်လိုက်ကြရပေသည်။

တောဆင်ရိုင်းကြီးမှာ ရေစိုနေသော သဲသောင်ပြင်အထက်တွင် သူ၏လက်များနှင့် ဟိုသည် လိုက်လံစမ်းသပ် နင်းနေရင်း စမ်းသပ်ရှာဖွေနေသည့်အသွင်။ တစ်နေရာဆီသို့ရောက်တော့ စိတ်တိုင်းကျသ ဟာတွေ့သွားသည်လားတော့ဖြင့် မသိ။

နှာစုံရပ်လိုက်ပြီး ရှေ့လက်နှစ်ဖက်ကို သဲပြင်ထက်သို့ အနည်းငယ် ညွတ်ကွေးလိုက်ပြီး ကြီးမားသည့် အစွယ်နှစ်ချောင်းနှင့် သဲသောင်ပြင်ကိုထောက်ပြီး ဟန်ချက်ညီအောင်ထိန်းကာ နောက်ခြေနှစ်ဖက်ကို





မိုးပေါ်သို့ မြှောက်တင်လိုက်သလို ကျန်လက်တစ်ဖက်ကိုလည်း ကွေးမြှောက်တင်ထားလိုက်သည့်အတွက် လက်တစ်ဖက်က သဲသောင်ပြင်အတွင်း နစ်ဝင်သွားသည်။

ထို့နောက် ထမင်းစားပန်းကန်ပြားထက် အတန်ငယ်ကြီးသည့် တွင်းကြီးတစ်တွင်းအဖြစ်သို့ ရောက်ရှိသွားသည်ကို အံ့သြစွာ ကျွန်တော်တို့ တွေ့မြင်လိုက်ကြရပေသည်။ သို့အတွက် ကျွန်တော်တို့ ပါးစပ်မှ အာမေဋိတ်သံများ ထွက်မသွားအောင် မနည်းပင် ထိန်းလိုက်ကြရပေသည်။

မြင်တွေ့လိုက်ရသည့် တောဆင်ရိုင်းကြီးလုပ်ရပ်က ဆန်းကြယ်လှနေသည်။ ပမာပြရလျှင် ဆပ်ကပ်အဖွဲ့တွင် ဆင်ကြီးတစ်ကောင်က လက်တစ်ဖက်တည်းထောက်ကာ ဖင်ဘူးတောင်းထောင်ပြနေသည့် ပြကွက်မျိုး။

သေးသို့ ယိုင်လဲပြိုကျမသွားအောင် အစွယ်ကြီးနှစ်ချောင်းကို သဲပြင်ထက်ထောက်ကာ ထိန်းထားသည်မို့ သူ၏ကိုယ်အလေးချိန် အတ္တဘောကြီးက လက်တစ်ဖက်အပေါ်တွင် စုကာထားသည်မို့ ထိုလက်တစ်ဖက်က သဲပြင်အတွင်း ခပ်နက်နက် စိုက်ဝင်သွားပေသည်။

အတန်ကြာတော့ နောက်ခြေနှစ်ချောင်းနှင့် ရှေ့လက်တစ်ချောင်းကို မြေပြင်ပေါ်သို့ ပြန်ချလိုက်ပြီး သဲပြင်အတွင်း နစ်မြုပ်ဝင်သွားသောလက်ကို အသာဆွဲတင်နုတ်ယူလိုက်တော့ သဲပြင်တွင် ရေတွင်းတစ်တွင်း တူးထားသည့်နှယ်။

လူအများအပြောနှင့်ဆိုလျှင် 'လက်ယက်တွင်း' တစ်တွင်းကို တူးထားသည့်နှယ်ပင်။ တောဆင်ရိုင်းကြီးက ထိုကဲ့သို့ တွင်းတစ်တွင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တူးလိုက်ပြီး ချောင်းဘေးရှိ တောငှက်ပျောပင်များရှိရာဆီသို့ ပြန်သွားကာ အရွက်များကို ခူးယူစားသောက်နေပြန်သည်။ ထိုအဖြစ်ကို ချေနှစ်ကောင်၊ ဒရယ်နှင့် ဆတ်တို့ကလည်း ငေးကြည့်နေပြန်သည်။

ကျွန်တော်တို့အဖွဲ့ ထိုကဲ့သို့ တောဆင်ရိုင်းကြီးတစ်ကောင်၏ လုပ်ရပ်ကို တအံ့တသြပင် စောင့်ကြည့်နေလိုက်ကြစဉ်၊ အတန်ကြာတော့ တောငှက်ပျောရွက်များကို ဆွဲယူစားသောက်နေသည့် တောဆင်ရိုင်းကြီးက ရေများ ပြန်လည်ပြည့်တင်းလာသည့် တွင်းရှိရာဆီသို့ လျှောက်လှမ်းလာရင်း လက်ယက်တွင်းဆီမှ ရေများကို သူ၏နှာမောင်းကြီးနှင့် စုပ်ယူလျက် သူ့ကိုယ်ပေါ်သို့ ပက်ဖျန်းလိုက်ပြီး . . .

"ဝူး . . . ကျည် . . . ဖြောင်း"

ဝမ်းခေါင်းသံကြီးဖြင့် မြေတုန်ခမန်း ဟစ်အော်လိုက်ပြီး သူ့လုပ်ရပ်ကိုကြည့်နေသည့် အကောင်ငယ်များကို ဂရုမစိုက်ဘဲ ကြိမ်တောကြီးဘက်ဆီသို့ လျှောက်လှမ်းသွားကာ အညွန့်နှင့်အရွက်များကို ဆွဲယူစားသောက်နေသည်ကို တွေ့လိုက်ရပြန်သည်။

ယခုမှ သူတို့၏လုပ်ရပ်ကို ကျွန်တော် သဘောပေါက်လိုက်သည့်အချက်က တောဆင်ရိုင်းကြီးသည် သစ်သီးသစ်ညွန့်များကို ချိုးဖွဲ့စားသောက်နေရင်းမှ ချောင်းကောကြီးအတွင်းသို့ လာရောက်ကာ လက်ယက်တွင်းတူးပြီး ရေသောက်မည့်အချိန်တွင် အခြားသော ရေသောက်လိုသည့် 'ချေနှစ်ကောင်၊ ဒရယ်နှင့် ဆတ်'တို့က ရေကို သောက်လိုကြ၊ ရေဆာနေကြသည့်အတွက် လာရောက်စောင့်ဆိုင်းနေကြသည့် သဘောမျိုးပင်။ သူတို့၏ ဘဝပေးအသိတရားကို လွန်စွာ တအံ့တသြ ဖြစ်သွားလိုက်မိသည်က အမှန်ပင်။





တွင်းထဲတွင် ရေက ပြည့်လာပြန်သည်မို့ ဆင်ရိုင်းကြီး တွင်းဆီသို့ ရောက်လာပြီး တွင်းထဲမှ ရေများကို သူ၏နှာမောင်းဖြင့် စုပ်ယူလိုက်ပြန်သည်။ ယခုတစ်ကြိမ်တွင် သူ၏နှာမောင်းကြီးကို သားကောင်များရှိရာဆီသို့ ဆန့်တန်းလိုက်ပြီး သူစုပ်ယူထားသော ရေများနှင့် မှုတ်ထုတ် ပက်ဖျန်းလိုက်သဖြင့် ချေနှစ်ကောင်၊ ဒရယ်နှင့် ဆတ်တို့မှာ ကိုယ်လုံးများတွင် ရေများ စိုရွှဲသွားကြပြန်သည်ကိုလည်း တွေ့လိုက်ရပြီး ကျွန်တော့်စိတ်အတွင်း သကြၤန်ကာလများတွင် ရေပိုက်ဖြင့် ပက်ကာ ကစားကြသည့် လူငယ်များကို မျက်စိထဲ ပြေးမြင်လိုက်မိသေးသည်။

သားကောင်များကို နှာမောင်းအတွင်းမှ ရေများနှင့် ပက်ဖျန်းလိုက်ပြီး သူက တောငှက်ပျောပင်များရှိရာဘက်ဆီသို့ ပြန်သွားကာ ငှက်ပျောရွက်များကို လှမ်းဆွဲ၍စားရင်း ကျင်းအတွင်း နောက်ထပ် ရေအပြည့်ကို စောင့်နေပြန်သည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသည့်အတွက် ကျွန်တော့်စိတ်တွင် အတွေးများကိုလည်း ထဲထဲဝင်ဝင် တွေးတောပစ်လိုက်မိသည်။ သူတို့ကိုကြည့်နေရင်း ကျွန်တော် ရေကို ချိုးပစ်လိုက်ချင်သလို၊ သောက်ချင်စိတ်တို့က ပေါ်လာသည့်အတွက် စိတ်ကို မနည်းချုပ်တည်းထားလိုက်ရပေသည်။

နောက်တစ်ချက်ကလည်း မြင်တွေ့နေရသည့် သားကောင်များမှာ တောတွင်းနေ အပေါင်းအသင်းများပင် ဖြစ်စေကာမူ မျိုးမတူကြပါဘဲနှင့် ရေကို မည်ကဲ့သို့ ရှာဖွေလျှင်ရသည်ဆိုသည့် အသိတရားတို့ ရှိနေကြခြင်း။ တောဆင်ရိုင်းကြီးမှာ ပထမရေ စုပ်ယူပြီး သူ့ခန္ဓာကိုယ်ပေါ်မှာ အပူဒီးကို ငြိမ်းလိုက်သလို၊ ဒုတိယရေကို သူ့ကဲ့သို့

www.burmeseclassic.com



ဝှလောင်မှုကို ခံစားနေရသည့် အင်အားနည်းသော အကောင်များကို ထော်ရှုန်းတော ငြိမ်းအေးမှုကို မျှဝေပေးလိုက်သည့် တောဆင်ရိုင်းကြီး သွင်ရှင်တို့ မအံ့ဩ မချီးကျူးဘဲ မနေနိုင်သလို၊ ထိုသားကောင်များတို့ ထိုမှ ကျားကုတ်ကျားခဲ လိုက်လံပစ်ခတ် သတ်ဖြတ်နေသည့် ဝါသနာ တိုမှ ထုံနေမိသည့် မိမိအဖြစ်ကို မိမိ ပြန်လည်တွေးတောနေလိုက်မိ ရင်း နေရာမှထကာ နောက်ကြောင်းပြန်လှည့်ဖို့ကလည်း မဖြစ်နိုင် သေးသည့်အတွက် သူတို့လုပ်ရပ်ကို ဆက်လက်စောင့်စား ကြည့်နေရ ပေဦးတော့မည်။

တောဆင်ရိုင်းကြီးတူးထားခဲ့သည့် ကျင်းသည် အတန်ကြာ တော့ ရေများ ပြန်လည်ပြည့်သွားပြီမို့ ရေကို သောက်ရန်ကျန်ခဲ့သည့် သားကောင်လေးကောင်က ထိုလက်ယက်တွင်းမှ ရေကိုသောက်ရန် ကျင်း အနီးတို့ တဖြည်းဖြည်း တိုးကပ်လိုက်ကြသည်။

ထိုမြင်ကွင်းကား အထက်စီးမှ လှမ်းမြင်နေကြရသည့် ကျွန် တော်တို့ သားကောင်များကို ပစ်ခတ်ချင်လှပါသည်ဆိုသည့် မုဆိုးတစ်စု တို့အတွက် ပစ်ကွင်းကောင်း။ တစ်စုတစ်စည်းတည်းနှင့် တစ်နေရာ တည်းတွင် ပစ်ခတ်လို့ရနိုင်မည့် မြင်ကွင်းဆိုသော်လည်း သောက်သုံး ရေ အခက်အခဲဒုက္ခကြောင့် အားလုံး ဒုက္ခရောက်နေကြပြီး ကိုယ်ချင်း စာနာစိတ်တို့ လွှမ်းမိုးခြင်း ခံသွားကြရသည့် ကျွန်တော်တို့ လူသား သေနတ်ကိုင် မုဆိုးအားလုံးမှာ တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ရင်း ပစ်ခတ်ဖို့အရေးကို လက်တွံ့နေးကာ မပစ်ခတ်ရက်ကြတော့သည့် အသွင် မျိုးကို သိလိုက်သည့် အောင်သူတစ်ယောက်က . . .

"ကဲ . . . ရေဘူးတွေ ပေးကြ။ ကျွန်တော် အောက်ကိုဆင်း





ရေခပ်မယ်"

ကျွန်တော်တို့ သူတို့အထက်တွင် ရှိနေကြကြောင်းကို အသံ ပေးပြောလိုက်သော်လည်း ရေကို အလုအယက် သောက်သုံးနေကြ သည့် သားကောင်လေးကောင်က သူတို့အထက်တွင် ရန်သူမုဆိုးတို့ရှိ နေသည်ကို သိရှိနေသော်လည်း အမှုမထားနိုင်အား။ ရေကိုသာ အဓိက ထားလျက် အလုအယက် သောက်သုံးနေကြသည်။

ထို့အပြင် ရေဘူးများကို လွယ်လျက် အောင်သူတစ်ယောက် သူတို့ဆီသို့ ပြေးဆင်းလာနေသည်ကို တွေ့မြင်လိုက်ကြရသော်လည်း တထိတ်တလန့် အဝေးကို ထွက်ပြေးမသွားကြဘဲ အသာဘေးကို ရှောင် ပေးလျက် လက်ယက်တွင်းရေများကို ငုံ့ကာ ရေဖြည့်နေသည့် အောင်သူ ကို သူတို့အား ဒုက္ခပေးကြမည့် မုဆိုးတစ်ဦး အသွင်မျိုးမမြင်ဘဲ၊ သူတို့ လို နေကိုကျော်ပေးလျက် သောက်သုံးရန်ရေအတွက် ဒုက္ခရောက်နေ သည့် သူတို့ကဲ့သို့ သတ္တဝါတစ်ကောင်အမြင်ဖြင့် ခပ်လှမ်းလှမ်းမှ ရပ် တန့်စောင့်စား ကြည့်နေသည်ကို အံ့ဩစရာကောင်းလောက်အောင် တွေ့ မြင်လိုက်ရပေသည်။

ရေဘူးများကို ရေဖြည့်ကာ အပေါ်ကို ပြန်တက်လာသည့် အောင်သူ ကျွန်တော်တို့ရှိရာဆီသို့ရောက်တော့ ထိုလေးကောင်က ရေ ကို အငမ်းမရ သောက်သုံးနေကြသည့် မြင်ကွင်းကို အထက်စီးမှ လှမ်း တွေ့လိုက်ရပေသည်။

"ကဲ . . . လိုရာခရီးကို ဆက်ကြရဦးမယ်ဆိုတော့ သွား[illegible] ကြရအောင်"

ကျွန်တော်တို့အဖွဲ့ စခန်း (အထိုင်) ချမည့်ဆီသို့ [illegible]

www.burmeseclassic.com



ရောက်အောင် သွားကြရဦးမည်ဖြစ်သဖြင့် ခရေသွားများတွင် ရေကလည်း ပြည့်နေကြပြီး လုံလောက်နေသည့်အတွက် သေနတ်များနှင့် ကျောပိုးအိတ်များကို လွယ်ပိုးကာ ခရီးဆက်နေလိုက်စဉ် အောင်သူ ပြောလိုက်သည်က ...

“ကဲ ... ဆရာတို့ ခုတွေ့ကြုံလိုက်ရမဲ့ မြင်ကွင်းနဲ့ ဖြစ်ရပ်က ရေအတွက် ဒုက္ခတွေ့နေကြတဲ့ မုဆိုးတွေနဲ့ သားကောင်တို့ ကိုယ်ချင်းစာစိတ်ထားနဲ့ မပစ်ခတ်ကြတော့ဘဲ ခွင့်လွှတ်လိုက်ကြတဲ့ ဖြစ်ရပ်တစ်ခုပါပဲ။ သင်ခန်းစာတစ်ရပ်ပေါ့။ သည်ဖြစ်ရပ်မှာ အရေးအကြီးဆုံး တောတွင်း အတွေ့အကြုံတစ်ခုကိုလည်း ပေးလိုက်တယ်၊ အဲဒါကိုရော သိလိုက်ကြရဲ့လား”

အောင်သူ ပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့ တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ရင်းမှ အစ်ကိုကြီးဦးသိန်းလွင်က ...

“တောတွင်း အတွေ့အကြုံဆိုရင် မင်းက ငါတို့ထက် သာတယ်ဆိုတာကို ဝန်ခံပါတယ်။ သင်ခန်းစာယူရမယ့် အချက်ကိုသာ ငါတို့ကို ပြောပြပါ”

“အဲဒီအချက်က တောဆင်ရိုင်းကြီးရော ကျွန်တဲ့လေးကောင်ရော တူညီတဲ့သဘာဝအသိကိုရယူ၊ တူညီနေကြတဲ့အချက်က အံ့ဩစရာပဲ၊ တွင်းကိုတူးပြီး ပထမဆုံးထွက်တဲ့ရေကို တောဆင်ရိုင်းလည်း မသောက်ဘူး။ သူ့ကိုယ်ပေါ် ဖျန်းလိုက်တယ်။

ကျွန်တဲ့လေးကောင်ကလည်း ဝင်မသောက်ကြဘူး။ ဒုတိယစုပ်ယူတဲ့ ရေကိုတော့ သူလည်း မသောက်ဘူး၊ သူ့လို အပူဒဏ်ကို ခံစားနေကြရတဲ့ ဟိုလေးကောင်ကို ဖျန်းပေးလိုက်တယ်။ အဲဒီလေးကောင်ကလည်း မသောက်ကြဘူးနော်”



“အေး ... ဟုတ်တယ်ကွ၊ ငါတို့မျက်မြင်ပဲ။ အဲဒါ ဘာကြောင့်လဲ”

“တောဆင်ရိုင်းကြီးက တတိယအကြိမ်စုပ်ယူတဲ့ ရေကိုမှ သူ့ပါးစပ်ထဲထည့် သောက်လိုက်သလို ကျွန်တဲ့လေးကောင်ကလည်း သောက်ကြတယ်။ အဲဒီရေဟာ ငှက်ဖျားပိုးကင်းတဲ့ရေ ဖြစ်တယ်ဆိုတဲ့ အချက်ပဲ။ ကျွန်တော်တို့လို တောနဲ့မကင်းနိုင်ကြသူတွေ သိပ်အတုယူဖို့ကောင်းတဲ့ အချက်ပါပဲ”

“အဲဒီရေဟာ ငှက်ဖျားပိုးကင်းတဲ့ရေ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် အဲဒီရေကို ဆင်းခပ်ခဲ့တာပါပဲဗျာ။ ဒီကောင်တွေ ဒီအသိမျိုးကို ဘယ်လိုရခဲ့ကြတယ်ဆိုတာကို ကျွန်တော် စဉ်းစားနေမိတယ်။ ဆင်ခေါင်းအဖြစ် တာဝန်ယူနေတဲ့ ကျွန်တော် အသိဆုံးဖြစ်ပါတယ်”

သူပြောနေသည့် စကားများကို ကျွန်တော် နားထောင်ကာ လျှောက်လှမ်းစဉ်းစားတွေးတော နေလိုက်မိသည်က ...

မုဆိုးဟူသောအသံကို ကြားလိုက်တာနှင့် ထိုလူသည် စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ စရိုက်ကြမ်းကြမ်းနှင့် သေနတ်သမား၊ လေးမြားနှင့် ထောင်ချောက်ဆင်ကာ သားသတ်သမား လူကြမ်းများဟူ၍ မြင်ကြပေမည်။

တောတွင်းတိရစ္ဆာန်များကိုလည်း အခါအခွင့်သင့်တိုင်း သတ်ဖြတ် ပစ်ခတ်နေကြသည့် စရိုက်ကြမ်းကြမ်းနှင့် လူကြမ်းကြီးများဟူ၍လည်း သတ်မှတ်ကြပေလိမ့်မည်။

ထိုကဲ့သို့ သတ်မှတ်ကြသူများကိုလည်း အဆိုးမြင်ဘဲ မဆိုသာ

www.burmeseclassic.com



ပါ။ ဟုတ်နေသည်ပဲလေ။ မုဆိုးလုပ်ကြသူတိုင်းကလည်း သားကောင်များကို တွေ့မြင်ပါက ပစ်ခတ်သတ်ဖြတ်ရေးဘက်ကို ဦးတည်ထားကြသူများ မဟုတ်ပါလား။

အမှန်အတိုင်း ဝန်ခံရပါလျှင် ကျွန်တော်တို့အဖွဲ့သားများသည် မုဆိုးဟုဆိုပင် ဆိုငြားသော်လည်း ခံစားချက်များနှင့် ကိုယ်ချင်းစာနာတတ်ကြသူများမို့ ထိုအချက်ကို မမေ့ကြောင်း၊ ခံစားနားလည် စာနာတတ်ကြသူများဖြစ်ကြောင်းကို အထက်က တင်ပြခဲ့သည့် ဖြစ်ရပ်က အထင်အရှား သက်သေပြနေခဲ့ပြီတကား။

လေးမောင်

www.burmeseclassic.com